www.burmeseclassic.com



www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (မျှားစာပေ)
အမှတ် – ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုဇင်ဦးနှင့်ညီများ၊
**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
**ဖြန့်ချိရေး**
မျှားစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၂၅၄၁၂၀၈၈၀၊ ၀၁ ၈၅၀၀၆၉၆

၈၉၅ • ၈၃
နတ်သမီး
တစ်သက်မမေ့ဘူး
မျှားစာပေ၊ ၂၀၁၅။
၂၄၈ – စာ၊ ၁၂ x ၁၈ စင်တီ။
(၁) တစ်သက်မမေ့ဘူး

## အခန်း (၁)

ဒီရပ်ကွက်ထဲမှာ 'အာသာ'ဟု ဆိုလိုက်သည်နှင့် မသိသူမရှိပါ။ နေရာတကာ ကိုယ့်လက်ကိုယ့်ခြေဖြင့် လိုအပ်ရင်ကူညီဖို့လည်း ဝန်မလေးတတ်သူဖြစ်၏။ ဒါကိုတောင် မေမေက မျောက်လောင်းရှုံးလောက်အောင် အငြိမ်မနေနိုင်သူဆိုပြီး တီရှော့နှင့်ခိုင်းနှိုင်းထားသေးသည်။

"ဟဲ့ ဒါက ဘယ်သွားဦးမလို့လဲ"

ဂျင်းဘောင်းဘီရှည်ကို ဒူးခေါင်းနားထိ ခေါက်တင်ထားပြီး တီရှပ် အပါးလေးတစ်ထည်ဝတ်လျက် ပေါ့ပေါ့ပါးပါး ရပ်ကွက်ပတ်ရန် ကြံနေစဉ် မေမေ့အသံက ဆောင့်ထွက်လာသည်။ မေမေ အိမ်နောက်ဖေးဝင်နေတုန်း လစ်ထွက်ရန် ကြံကာမှ ခုတော့ ဘယ်လိုမြင်သွားပြန်သည်မသိ။

"ငါဘယ်လိုသိလဲ တွေးမနေနဲ့၊ နင့်ရေမွှေးနံ့က ငါ့အိမ်လုံး


www.burmeseclassic.com

www.burmeseclassic.com



ထောင်းထောင်းထနေတာ''

နောက်ဆုံးတော့ အာသာ လက်မှိုင်ချလျက် မေမေ့ရှေ့ရောက်သွားသည်။ မျက်နှာကိုတော့ ခပ်ပေပေရှုပ်ထားလိုက်၏။

''တစ်ရက်တလေလေးများ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နေပါတော့လား မိအာသာရယ်''

''ဟာ မေမေနော်၊ အာသာ့ကို မိအာသာလို့ မခေါ်ပါနဲ့''

အာသာ့တစ်သက်လုံး မိန်းကလေးသီးသန့်ကျောင်းမှာ ကြီးပြင်းလာရတာကလွဲရင် တွဲလိုက်သမျှ ပေါင်းသင်းသမျှသူငယ်ချင်းတွေကလည်း ယောကျ်ားလေးတွေချည်း။ သူတို့တွေလည်း မိအာသာလို့ လာခေါ်ရင် အာသာ စိတ်ဆိုးပေါက်ကွဲပစ်လိုက်တာပင်။ ခုတော့ မေမေကပါ မိအာသာ လုပ်နေသည်။

''ဒီလိုဆို ဘယ်လိုခေါ်ရမတုန်း၊ မအာသာဝတီလို့ ခေါ်ရမှာလား''

''ဝိုဆိုးပြီပေါ့ မေမေရယ်၊ အာသာက အဲဒီ အာသာဝတီဆိုတဲ့ နာမည်ကြီးကို မကြိုက်တာလေ''

''ဒီကလေးမ ပြောပြန်ပြီလား။ နင့်အဖေက အဲဒီနာမည်လေးကို မြတ်မြတ်နိုးနိုးနဲ့ပေးခဲ့တာ၊ သူ့တစ်ဦးတည်းသောသမီးလေးကို အာသာဝတီ နွယ်နီနတ်ပန်းလေးလို လှလှပပ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့''

''တော်ပါတော့ မေမေရာ၊ အာသာ သွားတော့မယ်''





''ဟဲ့ မသွားနဲ့ဦး။ ငါ့ကိုအောက်ထပ်ဆိုင်က ဆီတစ်ပိဿာ ဝယ်ခင်ပေးသွားဦး။ ပြီးမှ ညည်းသွားချင်တဲ့ဆီ သွား''

ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်တွေ ထုတ်ပေးရင်း မေမေဆိုတော့

''ဒီလိုဆို မုန့်ဖိုးပိုပေးဦး''

''ဟယ် မနေ့ကလေးတင် မုန့်ဖိုးကုန်သွားပြီဆိုလို့ နှစ်သောင်းပေးထားသေးတယ်လေ၊ အဲဒါတွေ ဘယ်ရောက်သွားပြီလဲ''

''ခြော် မေမေရယ် မေမေ့နှစ်သောင်းထဲက ငါးထောင်ကို လမ်းဆိပ် ဗမာရုံက ဆွမ်းလောင်းအသင်းထဲထည့်ပြီး ကျန်တဲ့တစ်သောင်းခွဲကတော့ တီရှပ်လေးတစ်ထည် အာသာကြိုက်လို့ ဝယ်လိုက်ပြီ''

ဒီလိုကျတော့လည်း အာသာ သွားဖြဲလေးနဲ့ ပြန်ဖြေရပြန်၏။ ကိုယ်လုပ်ချင်တာ လုပ်ထားပြီးပြီ မဟုတ်လား။

''ဗမာရုံမှာ မေမေ့နာမည်နဲ့ အလှူငွေထည့်ခဲ့တာနော်၊ တကယ်ဆို မေမေတောင် ပြန်ပေးသင့်တယ်၊ သိလား''

''အလိုတော် လှူပြီးသားငွေကို ပြန်တောင်းတာ ငါ့နှယ် ကြားဖြင့်မကြားဖူးပါဘူး။ ငရဲတွေလည်း ကြီးကုန်ပါ့မယ်အေ''

''ဒါကြောင့်မို့ အာသာက လှူထားတဲ့ငွေ ပြန်တောင်းတာမဟုတ်ဘူးလေ၊ မုန့်ဖိုးတောင်းတာ၊ နည်းနည်းလောက်တော့ ပေးသင့်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မေမေရာ၊ လက်ဖက်ရည်ဖိုးလေးပေါ့ အဟီး''

မျက်နှာချိုသွေးကာ ရယ်ပြရင်း လက်ဝါးလေးကိုလည်း မေမေ့မျက်နှာရှေ့ ဖြန့်ခံထားလိုက်သည်။ မေမေက မျက်စောင်းကြီးထိုးလိုက်ပေမယ့် လက်ထဲသို့ ငါးထောင်တန်တစ်ရွက်ထည့်ပေးသည်။

''အဲဒါကြောင့်မို့ မေမေ့ကိုချစ်တာ''

မေမေ့ကိုယ်လုံး သေးသေးလေးကို ဆွဲဖက်ညှစ်လိုက်ပြီးမှ အိမ်ပေါ်ကနေ အာသာ ပြေးဆင်းခဲ့သည်။ အောက်ထပ်ကုန်စုံဆိုင်မှာ ဆီတစ်ပိသာဖိုး ပေးခဲ့ပြီး အလုပ်သမားချာတိတ်လေးကို ငါးလွှာထိ တက်ပို့ခိုင်းလိုက်၏။

ဒီနေ့တော့ မေမေ့ကို သိပ်မပြောလိုက်ရပါဘဲ မုန့်ဖိုးထပ်ပေးငံ့အာသာ ဝမ်းသာနေမိသည်။ တကယ်ဆို မေမေ မသိစေဘဲ ဆင်းလာမိရင်တောင် ငါးထောင်ဆုံးရှုံးနေရဦးမယ်လေ။ မနေ့က အလှူငွေထည့်တာငါးထောင်၊ တီရှပ်က ရှစ်ထောင်ပဲပေးရတာမို့ လက်ထဲမှာ ရှစ်ထောင်ကျန်နေသေး၏။ အခုပေးလိုက်သော ငါးထောင်နဲ့ပေါင်းလိုက်ရင် တစ်သောင်းသုံးထောင်။

ဒီနေ့တော့ သူငယ်ချင်းတွေကိုပါ မုန့်ကျွေးလို့ရပြီ။

အာသာတို့သူငယ်ချင်းလေးယောက်ထဲမှာ ရှာန်သော်က နယ်မြို့လေးကနေ တစ်ကိုယ်တည်း မြို့တက်လာသူ၊ ဝီရနှင့်အတူ တိုက်ခန်းလေးတစ်ခု စပ်တူငှားနေကြရင်း ဝါသနာပါသည့် သရုပ်ဆောင်အလုပ်လုပ်ရန်





ကြိုးစားနေ၏။ ဝီရကတော့ နယ်က မိသားစုနှင့် စိတ်ဆိုးကာ ရန်ကုန်ဆင်းလာပြီး ပွဲရုံလေးတစ်ခုမှာ စာရေးလုပ်နေသည်။ မင်းခန့်ကတော့ အာသာ့လိုပဲ အိမ်မှာနေရင်း ဟိုသင်တန်းဒီသင်တန်းလေးတွေ လိုက်တက်နေသူ။

လောလောဆယ်တော့ အလုပ်မရှိသော ရှာန်သော့်ကို အားလုံးက ဝိုင်းပြီးထောက်ပံ့ထားရသည်။ ထောက်ပံ့ထားရတယ်ဆိုလို့ ကြီးကြီးမားမားတော့မဟုတ်ပါဘူးလေ။ သူငယ်ချင်းတွေ အပြင်မှာ စားကြသောက်ကြရင် အာသာရယ် ဝီရရယ် မင်းခန့်ရယ်က တစ်ယောက်တစ်လှည့်စီ ပိုက်ဆံရှင်းပေးပြီး ရှာန်သော့်ကိုတော့ ထမင်းသိုးဟင်းသိုး လုပ်ထားကြခြင်းဖြစ်၏။

ဒီနေ့တော့ အာသာက ပိုက်ဆံရှင်းပေးရမည် ဖြစ်သည်။ ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးကိုရောက်တော့ ဟိုကောင်သုံးကောင်က အဆင်သင့်ရောက်နေပြီ။

''နင် နောက်ကျတယ်နော် အာသာ''

ဆိုင်ထဲဝင်လိုက်တာနှင့် မင်းခန့်အသံက ဟိန်းထွက်လာသည်။

''နင်တို့အတွက် ပိုက်ဆံရှာနေရသေးတယ်လေ''

''ကြီးကြီးကျယ်ကျယ်တွေက ပြောပြန်ပြီ၊ အမေဆီက လက်ဖြန့်လာပြီးတော့များ''

''အောင်မာ နင်က အမေဆီကလက်ဖြန့်တယ်ဆိုတာကို လွယ်လွယ်ကူကူများ ထင်နေတာလားဟင် ဝီရ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ မှားသွားပါတယ်၊ ဒီနေ့ ဒကာက နင်ဆိုတော့လည်း ငါပဲ မှားတယ် လုပ်ရတော့မှာပေါ့"

ဝီရက မျက်နှာပြောင်ကာ ပြောနေပြန်သည်။ ကျွန်တော်တို့သူငယ်ချင်းတွေကြားမှာ စစနောက်နောက်နှင့် ဘယ်တော့မှ တကယ်တမ်း စိတ်ဆိုးခဲ့တယ်ဆိုတာ မရှိခဲ့ဖူး။ ပြောပြီး ပြီးသွားကြတာချည်းပဲမို့ တစ်ယောက်ကို တစ်ယောက်လည်း စိတ်မနာနိုင်ကြပါ။

"ရှာန်သော် နင် ငြိမ်လှချည်လား။ ဘာတွေဖြစ်နေတာလဲ"

ရေနွေးကြမ်းတစ်ခွက်ကို တစ်ငုံချင်းသောက်လိုက်၊ ပြန်ချထားလိုက်နှင့် တစ်ယောက်တည်းသီးသန့်ဖြစ်နေသော ရှာန်သော်က အာသာ့ မေးခွန်းကြောင့် မျက်ဝန်းလေးလှန်ကြည့်ရင်း သက်ပြင်းချသည်။

"ငါ့ဟန်းဆက်ရောင်းလို့ရတဲ့ငွေက ဘာမှမကျန်တော့ဘူး။ ငါတို့ စားဖို့သောက်ဖို့ အခက်အခဲဖြစ်တော့မယ်"

"အခု ငါတို့အားလုံးပေါင်းပြီး စုရှင်းနေကြတာပဲ မဟုတ်လား။ မင်းက ဘာတွေပူနေတာလဲ"

"မဟုတ်သေးဘူးလေကွာ၊ ဒါက ငါတို့တွေဖြစ်ဆုံဖြစ်ကြရင် စားကြသောက်ကြတာမဟုတ်လား။ နေ့တိုင်း ထမင်းစားနေသောက်နေရတာက ရှိသေးတယ်"

"မင်းပြောတာကို ငါ နားလည်တယ် ရှာန်သော်၊ ငါလည်း





ဒီလ လခမရသေးတော့ တော်တော်ကျပ်နေတယ်ကွ"

ဝီရကပါ ရှာန်သော်နှင့်အတူ ဝင်ညည်းသည်။

"နင်နဲ့မင်းခန့်ကတော့ ငါတို့ကို ကိုယ်ချင်းစာနိုင်မှာ မဟုတ်ပါဘူးကွာ"

"ဟော့ကောင် မင်းအဲဒီလို မပြောပါနဲ့၊ ငါနဲ့အာသာလည်း မိဘတွေနဲ့အတူတူနေရလို့သာ ခုလောက်ထိ သုံးနိုင်တာပါကွာ၊ မင်းတို့လို တစ်ကိုယ်တည်း ရှန်းကန်နေရရင် ခွေးဖြစ်တာကြာပေါ့၊ မင်းတို့ကို ကိုယ်ချင်းမစာဘူးလို့တော့ မပြောပါနဲ့"

"ဟုတ်တယ်ကွာ၊ မင်းခန့်ပြောတာ ငါလည်းထောက်ခံတယ်၊ နင်တို့ကို နားလည်လွန်းလို့လည်း သူငယ်ချင်းလုပ်နေတာပေါ့ကွ၊ ငါတို့ လေးယောက်မှာ တစ်ယောက်ယောက် အခက်အခဲတွေ့ရင် အားလုံးက ဝင်ခံစားပေးကြတာပဲလေ၊ ဒီလိုတော့ မပြောနဲ့ကွာ"

အာသာတို့စကားဝိုင်းလေးက ခေတ္တငြိမ်သက်သွားကြသည်။ မင်းခန့်အဖေက သဘောလိုက်နေသည်မို့ သူတို့က စားဝတ်နေရေးအတွက် ပူပင်စရာ သိပ်မရှိ။ အာသာ့မေမေကလည်း ကုမ္ပဏီကြီးတစ်ခုမှာ လစာကောင်းကောင်းရထားသည့် မန်နေဂျာတစ်ယောက်။ ရှာန်သော်တို့လို မြို့မိသားစုနဲ့ပတ်သက်ပြီး ခက်ခဲနာကျင်ဒုက္ခရောက်ခဲ့ရတာတွေ မရှိပေမယ့် သူတို့နေရာမှာ ဝင်ခံစားကြည့်ပေးနိုင်တာကတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်လုံးက ဆယ်တန်းအောင်ကာစ။ ချာန်သော်က ကျောင်းဆက်တက်ဖို့ ရည်ရွယ်ချက်မရှိတဲ့ သရုပ်ဆောင်သင်တန်းသာ တက်ချင်သူ။ ဝီရကတော့ အိမ်နဲ့စိတ်ဆိုးပြီး ရန်ကုန်တက်လာသူမို့ သူ့အိမ်နဲ့ အဆင်ပြန်ပြေသွားရင် ကျောင်းတွေဘာတွေလည်း ပြန်တက်ဦးမလားမသိ။ အာသာနဲ့မင်းခန့်ကတော့ ဒီနှစ်တက္ကသိုလ်တွေ ပြန်ဖွင့်ရင် ပထမနှစ်တက်နိုင်ဖို့ ခုတည်းက စိတ်ကူးယဉ်နေပြီ ဖြစ်၏။

"ငါတို့နှစ်ယောက်လည်း အပြင်မှာ အလုပ်ထွက်လုပ်ရင် ကောင်းမယ်နဲ့တူတယ်နော် အာသာ"

"အေး ငါလည်း အဲဒါပဲ စဉ်းစားနေတာ၊ ကျောင်းမဖွင့်မချင်းတော့ ငါတို့လည်း အလုပ်တစ်ခုလုပ်နေလို့ရသားပဲလေ"

"ဟာ မင်းခန့်ကလည်း မင်းကတော့ထားပါတော့၊ အာသာ့ကိုတော့ အလုပ်မလုပ်ခိုင်းပါနဲ့ကွာ၊ သူက တစ်ခါမှလည်း ဘာမှလုပ်ဖူးတာ မဟုတ်ဘူး"

"ဟုတ်ပါတယ်ကွာ၊ ငါတို့အတွက်နဲ့ အာသာ အလုပ်လုပ်ဖို့ မလိုပါဘူး"

ချာန်သော်က အလောတကြီး ဝင်ရောက်တားမြစ်သည်၊ ဝီရကပါ ထောက်ခံစကားပြောလိုက်တော့ မင်းခန့် ငြိမ်ကျသွား၏။

"နင်တို့က ငါ့ကိုခွဲခြား ခွဲခြား ဆက်ဆံတာလားဟင်"





"ဟာ ငါတို့တွေက နင့်ကိုပင်ပင်ပန်းပန်းတွေ မလုပ်စေချင်တာလေ"

"ပင်ပန်းတယ်တော့ ဘယ်ဟုတ်မလဲ၊ ငါလည်း အလုပ်တစ်ခုလောက်လုပ်ဖို့ အစတည်းက စဉ်းစားနေတာပါ"

"နင်နဲ့သင့်တော်တဲ့ အလုပ်မျိုးတွေ့ထားလို့လား"

"အင်း တွေ့ထားတယ်ပဲ ဆိုပါတော့၊ ငါတို့ရပ်ကွက်ထိပ်က ၂၄ နာရီဖွင့်တဲ့ မီနီမတ်လေးကို သိတယ်မဟုတ်လား၊ အဲဒီမှာ အလုပ်ခေါ်နေတာလေ"

"နင့်အမေက ခွင့်ပြုပါ့မလား"

"မေမေ့ကိုပြောရင်တော့ ခွင့်ပြုမှာမဟုတ်ဘူးဟ၊ မေမေက ငါ လတ်လျားလတ်လျား အပြင်သွားရင်တောင် ကြိုက်တာမဟုတ်ဘူး။ အိမ်ထဲမှာပဲ ဗိုင်းကောင်းကျောက်ဖိလေး ထားချင်နေတာလေ"

"ဒါနဲ့များ နင်က ဘယ်လိုလုပ်မှာလဲ"

"လွယ်လွယ်လေးပါ၊ အဲဒီဆိုင်လေးတွေက မနက်ဆိုင်း ညဆိုင်း ခွဲထားတာလေ၊ ငါက မနက်ပိုင်းလုပ်ရင် မေမေကလည်း အလုပ်သွားနေတာဆိုတော့ ဘယ်လိုမှ မသိနိုင်ဘူး"

"နင့်ဟာကလည်းဟာ ဖြစ်ပါ့မလား"

"လုပ်ကြည့်မှာပေါ့ဟာ၊ အဆင်မပြေတော့လည်း ပြန်ထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့''

''ဒါဆို ငါကရော ဘယ်မှာအလုပ်ဝင်ရင် ကောင်းမလဲ''

မင်းခန့်ကပါ တစ်စခန်းထလာပြန်သည်။

''လမ်းမှာ အလုပ်ခေါ်တဲ့ ကြော်ငြာလေးတွေတွေ့ရင် မင်းအတွက် ဖတ်လာပေးမယ်လေ''

''အေး ကောင်းသားပဲ၊ ငါတို့က ခုမှ ဆယ်တန်းအောင်ကာစဆိုတော့ အရောင်းဝန်ထမ်းတို့ ဘာတို့ပဲ လုပ်ရမှာပေါ့နော်''

''အေးပေါ့ မင်းက ဘာလုပ်ချင်လို့လဲ၊ မန်နေဂျာကြီးလုပ်ချင်တာလား ဟား ဟား''

''ဟာကွာ မဟုတ်ပါဘူး''

အာသာတို့တွေပြောနေသမျှကို ရှာန်သော်က နားထောင်နေရင်းနှင့်မှ သက်ပြင်းရှည်ကြီးတစ်ခု လေးလေးတွဲတွဲ ချလိုက်ရင်း

''မင်းတို့အားလုံးက အလုပ်လုပ်ဖို့ စိုင်းပြင်းနေတဲ့အချိန်မှာ ငါက ငါဖြစ်ချင်တာတစ်ခုတည်းကိုပဲ မျက်စိမှိတ်ပြီး တောင့်တနေလို့ ဘယ်ဖြစ်မလဲနော်၊ ငါလည်း အလုပ်လေးတစ်ခု လုပ်မယ်ကွာ''

''မင်းရဲ့သရုပ်ဆောင်သင်တန်းရှိနေတာကို မင်းက ဘာအလုပ်လုပ်ဦးမလို့လဲ''

''ငါလည်း၊ အာသာ့လို နေ့ဆိုင်းညဆိုင်းခွဲထားတဲ့ ဆိုင်မျိုးမှာ





ဝင်လုပ်မှာပေါ့ကွ''

လေးယောက်လုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားကြသည်။ အာသာတို့အားလုံးက ငယ်ကြသေးပေမယ့် စိတ်ထဲမှာ အောင်မြင်ကြီးပွားလိုစိတ်တော့ ရှိကြသည်။ ကိုယ့်ရည်မှန်းချက်တွေအတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖြစ်ကိုဖြစ်ရမယ်လို့လည်း အားခဲထားကြ၏။

ဝီရက စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ချင်သလို မင်းခန့်ကတော့ ဓာတ်ပုံပညာရှင်တစ်ယောက် ဖြစ်ချင်၏။ ရှာန်သော်ကတော့ အောင်မြင်သည့် အနုပညာရှင်တစ်ယောက်ပေါ့။ တကယ်တမ်း ပြန်စဉ်းစားကြည့်တော့ အာသာတစ်ယောက်သာ မယ်မယ်ရရ ရည်မှန်းချက်မရှိဘဲ ဟိုယောင်ယောင်ဒီယောင်ယောင် လုပ်နေခြင်း ဖြစ်သည်။

''ကဲ အာသာရေ ဒီနေ့အတွက် ငါတို့မှာလို့ ရပြီလားဟင်''

''ရတာပေါ့၊ နင်တို့ဘာသာ နင်တို့မမှာသေးဘဲ စကားများနေကြပြီးတော့''

အာသာ့စကားဆုံးသည်နှင့် ကျန်သုံးယောက်၏ခေါင်းကြီးတကျ မှာယူသံများက လက်ဖက်ရည်ဆိုင်လေးထဲမှာ ဆူညံပွက်လောရိုက်သွားတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အာသာ မျှော်လင့်ထားသည့်အတိုင်းပင် ရပ်ကွက်ထဲက မီနီမတ်လေးမှာ မနက်ပိုင်းအလုပ်ဆင်းရန် ဖြစ်လာ၏။ မင်းခန့်ကတော့ မြို့ထဲက ဆိုင်တစ်ခုမှာ မားကတ်တင်းဝင်လုပ်သည်။ သူ့မိဘများကတော့ အဲဒီလို ဝင်လုပ်တာကို သိပ်သဘောမကျလှ။ ဒါပေမဲ့ မင်းခန့်က ဖြစ်ချင်တာတစ်ခုကို ဘယ်သူမှတားမရအောင် ဂျစ်တိုက်လုပ်တတ်တာ အကျင့်ဖြစ်နေသည်မို့ ဘာမှတော့ မတားမြစ်ခဲ့ပါ။ သူ့ကွန်ပျူတာသင်တန်းများကိုလည်း ကြားရက်များအစား ပိတ်ရက်ညပိုင်းများကိုသာ ပြောင်းလဲတက်ရောက်သည်။

ရှာန်သော်တစ်ယောက်ကတော့ ခုချိန်ထိ ဘာအလုပ်မှ မယ်မယ်ရရ မရသေး။ အာသာတို့တွေ အလုပ်ကိုယ်စီရှိသွားပြီဆိုတော့ အရင်လို





ခဏခဏ မတွေ့ဖြစ်ကြတော့ဘဲ တစ်ရက်ခြားတစ်ခါ နှစ်ရက်ခြားတစ်ခါ လောက်သာ ဆုံဖြစ်ကြတော့သည်။ အာသာ့မှာလည်း မေမေ မသိအောင် အလုပ်လုပ်နေရတာမို့ ပင်ပန်းတာကို ဖွင့်မပြောရဲ။ အရင်လို ညဘက်တွေ အပြင်မထွက်ဖြစ်တော့ဘဲ အိမ်တွင်းအောင်းပြီးတော့သာ အနားယူရသည်။ မေမေကတော့ ရုတ်ချည်းပြောင်းလဲသွားသော အာသာ့ကို အံ့သြတကြီး ဖြစ်လို့ပေါ့။

"အခုတလော ငါ့သမီး သိပ်ထူးဆန်းနေပါလား။ ရပ်ကွက်ထဲက ကောင်လေးတွေနဲ့လည်း အသွားအလာကျဲနေတယ်၊ ပြီးတော့ အိမ်ထဲမှာပဲ အမြဲလိုလို မြင်နေရပါလား"

"ဘာလဲ မေမေက အာသာ အိမ်မှာနေတာကို အပြစ်မြင်နေတာလား"

"အောင်မယ်လေးတော် မမြင်ပါဘူး။ နည်းနည်းမှကို မမြင်ပါဘူး။ အိမ်မှာ ခုလိုနေနေတဲ့အတွက်ကို ကျေးဇူးတင်နေရတာပါ"

ရပ်ကွက်ထဲကလူတွေနှင့် သိပ်အဆက်အဆံမရှိဘဲ တစ်သီးတသန့် နေတတ်သော မေမေ့ကြောင့် အာသာ အလုပ်လုပ်နေတာကိုလည်း ဘယ်သူကမှ ဖောက်သည်ပြန်ချခွင့်မရ။ မေမေက အလုပ်ရယ် အိမ်မှုကိစ္စရယ်နှင့်သာ အချိန်ကုန်နေတတ်တာများ၏။ ဘယ်သူနဲ့မှ အလာပသလာပပြောဖို့ အချိန် မပေးတတ်သလို အကျိုးမရှိဘဲနဲ့ အချိန်တွေကုန်ဆုံးနေရတာကိုလည်း မနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့သူတစ်ယောက် ဖြစ်၏။

ဒီနေ့တော့ အားလုံးပိတ်ရက်ရကြသည့် တနင်္ဂနွေ။ မနက်စောစောတည်းက လက်ဖက်ရည်ဆိုင်မှာ ချိန်းထားကြသည်မို့ လေးယောက်လုံး စုံစုံညီညီ ရောက်ရှိနေကြသည်။

"ငါတို့မတွေ့ဖြစ်တာ သုံးရက်တောင် ကျော်သွားပြီနော်"

ရှာန်သော်က မှတ်မှတ်ရရ ပြောသည်။

"အေး ဟုတ်တယ်၊ အရင်လို နေ့တိုင်း မတွေ့ဖြစ်တော့လည်း မင်းတို့ကောင်တွေကို သတိတော့ရမိသားကွ"

"ဟယ် ကြောက်စရာကြီး"

လွှမ်းလွှမ်းဆွေးဆွေး ပြောသော မင်းခန့်စကားကို ဝီရက ခပ်နွဲ့နွဲ့ အမူအရာလုပ်လျက် ဝင်ဖောက်သည်။ အာသာ့မှာ ဝီရလုပ်ပြသော အခြောက် မပုံစံနှင့်လေသံကြောင့် ရယ်ရသေး၏။

"မနက်ဖြန်ဆို ငါတို့တွေ လခရပြီနော်"

"အေး ဘာပဲပြောပြော ဘဝမှာ ပထမဆုံးရမယ့် လခကိုတော့ ရင်ခုန်တယ်ကွ"

"အင်း ဟုတ်တယ် အာသာ"

မင်းခန့်နဲ့အာသာက အတိုင်အဖောက် ညီနေ၏။

"ငါ မင်းတို့ကို ပြောစရာရှိတယ်"





မျက်နှာတစ်ခုလုံး ရွှင်လန်းတောက်ပလျက် ရှာန်သော် ပြောလာတော့ ကြားရမည့်စကားက သတင်းကောင်းတစ်ခုဖြစ်လိမ့်မည်ဆိုတာတော့ အာသာတို့ သိလိုက်ပါသည်။

"ကုမ္ပဏီတစ်ခုက သူတို့ကုန်ပစ္စည်းမိတ်ဆက်ပွဲမှာ ငါ့ကို မှိုးလျှောက်ဖို့ ကမ်းလှမ်းတယ်ကွ"

"ဟေ ဟုတ်လား"

"ဟာ မိုက်တာပေါ့"

"ဘယ်ကုမ္ပဏီလဲ"

အားလုံးထံမှ စိတ်ဝင်တစား ထွက်ကျလာသည့်အသံများကြောင့် ရှာန်သော် ပိုလို့အားတက်သွားပုံနှင့် သူ ရွေးချယ်ခံရပုံအကြောင်းကို သေသေချာချာ ရှင်းပြသည်။ အမျိုးသားသုံးရေမွှေးကြော်ငြာပေးရမည့် ပရိုမိုးရှင်းပွဲ ဖြစ်သည်။

"နင့်ကို သူဌေးမကိုယ်တိုင်က ရွေးတာဆိုတော့ ဟဲ ဟဲ ရိုးမှ ရိုးရဲ့လား"

"ဟာ အာသာကလည်း ဘာမရိုးစရာရှိလဲ၊ အဲဒီ သူဌေးမကဖြင့် အသက်ငါးဆယ်လောက်ရှိနေပြီ"

ရှာန်သော်က မျက်လုံးကြီးပြူးလျက် ခြေကားကားလက်ကားကား ပြန်ငြင်းသည်။ အာသာ စနောက်လိုက်တာကို ဒီကောင် နံ့ငြင်းနေပုံကိုက



www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်စရာဖြစ်နေ၏။

အာသာတို့ထဲမှာ ဝီရက အသက်အကြီးဆုံးဖြစ်ပြီး အငယ်ဆုံးဖြစ်သည့် မင်းခန့်ထက် ခုနစ်လကြီးသည်။ အားလုံးက တစ်နှစ်ထဲမွေးဖွားခဲ့ကြပြီး လတွေသာ ကွာခြားသွားကြတာလေ။ အာသာနဲ့ဈာန်သော်ဆို မွေးလတောင် တူနေလိုက်သေးသည်။ ဒီနှစ်မှာ အာသာတို့အားလုံး ဆယ့်ရှစ်နှစ်ပြည့်ကြမည် ဖြစ်သည်။

"နောက်တစ်ပတ်ကျ မွေးရုံမှာ ဘုရားပင့်ပြီးရပ်ကွက်ထဲ ဒေသစာရီကြွရင် နင်တို့ပါမှာလား"

"ပါမှာပေါ့၊ ဝိတ်ရက်တွေပဲ လုပ်နေကျဆိုတော့ ငါတို့အားလုံး ပါလို့ရတာပဲ"

"ပြီးရော့လေ အဲဒါဆို နောက်တစ်ပတ်ကျရင်တော့ ငါတို့ လျှောက်လည်လို့ မရတော့ဘူး"

ရပ်ကွက်က သာရေးနာရေးကိစ္စတော်တော်များများမှာ အာသာတို့လေးယောက် လက်မပါသည့်ကိစ္စဆိုတာ ခပ်ရှားရှား။ လူချစ်လူခင်ပေါများသည့် သူငယ်ချင်းတွေမို့ အာသာတို့အတွက်တော့ သိပ်ကိုပျော်ရွှင်စရာကောင်းသည့် အခိုက်အတန့်များသာ ဖြစ်သည်။

"ဒါဆို ဒီနေ့ ငါတို့ ဘယ်သွားကြမလဲ"

"ရုပ်ရှင်သွားကြည့်ကြမလား။ ငါတို့ကြည့်ချင်နေတဲ့ အက်ရှင်ကား





တင်ထားတာလေ"

"အိုကေ ငါသဘောတူတယ်"

"ငါရောပဲ"

"မင်းတို့သွားမှတော့ ငါက သဘောမတူလို့ ရတော့မလား"

လေးယောက်သား တက်ညီလက်ညီဖြင့် မြို့ထဲကို ချီတက်ခဲ့ကြသည်။ မြို့လယ်ရုံမှာ အာသာတို့ကြည့်ချင်နေကြသည့် ဖိုက်တင်အက်ရှင်ကား တင်နေသည်။ အာသာတို့ကအကြိုက်ချင်းတွေလည်း တူညီကြ၏။ အက်ရှင်ကား ကြိုက်သည်။ First & Furious ကြိုက်သည်။ သရဲကားဆို ဘယ်တော့မှ အလွတ်မပေး။

ရုံထဲမဝင်ခင် ပေါက်ပေါက်ဆုပ်တွေ ကိုကာကိုလာတွေ အာလူးကြော်တွေ ဝယ်ကြသည်။ ဝီရက ရုပ်ရှင်ကြည့်ပြီဆိုနေကြာစေ့လေး ကိုက်ရမှ အားရတတ်သူမို့ မမေ့မလျော့ ဝယ်ရသေး၏။ မင်းခန့်က အားနေ ရေသောက်နေသူမို့ သူ့အတွက် ရေသန့်ဘူးကလည်း မေ့လို့မဖြစ်။ ဈာန်သော်က ဆတ်သားခြောက်အချောင်းတွေ၊ အာသာကတော့ ငုံးဥ။ မုန့်ဝယ်သည့်တာဝန်ကို အာသာယူထားသည်မို့ စိတ်ကြိုက်ဝယ်ယူနေခြင်း ဖြစ်သည်။ အစားအသောက်နဲ့ ပတ်သက်ရင်တော့ အာသာက လုံးဝစိတ်ချရသည်။ ကိုယ်ကြိုက်တာတွေတင်မက သူငယ်ချင်းများအကြိုက်ကိုပါ သေသေချာချာ မှတ်မိနေတတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ရုံထဲမှာ တန်းစီထိုင်ဖြစ်ရင်လည်း အာသာ့ကို ဘယ်ဟာ့မှ ထောင့်ဆုံးနေရာမပေး။ သုံးယောက်သားရဲ့ကြားနေရာမှာသာ ထိုင်ခိုင်းတတ်သည်။ သူတို့ အဲဒီလိုမျိုး လုပ်နေတာကို အာသာကလည်း ခွဲခြားဆက်ဆံခံရသည်ဟု အမြဲထင်မိသည်။ ခုလည်း အာသာ့နေရာက မင်းခန့်နဲ့ရှာန်သော့်ကြားမှာ။ ဟိုးဘက်ထောင့်ဆုံးမှာက ဝီရ။

"နင်တို့တွေ ငါ့ကိုဘာဖြစ်လို့ ထောင့်ဆုံးမှာ ပေးမထိုင်တာလဲဟင်"

ရုပ်ရှင်ကားစတင်ပြနေပြီမို့ အာသာက လေသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။ မင်းခန့်က ပြန်ဖြေပါသည်။ ခပ်တည်တည်နှင့်

"နင့်ကိုထောင့်ဆုံးပေးထိုင်လိုက်လို့ နင့်ဘေးမှာမသိမာတဲ့ ယောကျ်ား တစ်ယောက်ယောက် လာထိုင်ရင် နင်အာရုံနောက်မှာစိုးလို့"

ဟော ဘယ်လောက်ကောင်းလိုက်တဲ့ အဖြေလဲ။ သူတို့က အာသာ့ကိုစိုးရိမ်လို့မဟုတ်။ အာသာ အာရုံနောက်မှာစိုးလို့သာ ထောင့်ဆုံးမှာ ပေးမထိုင်တာတဲ့လေ။ ဒီလိုဆိုတော့လည်း အာသာ့မှာ စောဒကမတက်နိုင်တော့ဘဲ ငြိမ်နေလိုက်ရပြန်သည်။

တကယ်တော့ အာသာဟာ ယောကျ်ားလျာလေးတစ်ယောက် မဟုတ်ပါ။ ယောကျ်ားဆန်ဆန် နေထိုင်ဝတ်စားတတ်သော ချစ်စရာကောင်း သည့် ကောင်မလေးတစ်ယောက်သာ ဖြစ်သည်။ တီရှပ်အကျႌကြီးနှင့် ဂျင်းဘောင်းဘီတွေကို ရှာန်သော်တို့နဲ့အပြိုင် ဘယ်လောက်ပဲ လိုက်ဝတ်ထားပါ





စေ သူမရဲ့ ပန်းနုရောင်သမ်းနေသော ချောမောသည့်မျက်နှာလေးက မိန်းကလေးဆန်ဆန် ချစ်စရာကောင်းလွန်းသည်။

ဆံပင်ဘောခွဲဂုတ်ဝဲလေးကို ယောကျ်ားလေးတွေညှပ်သည့်ဆိုင်မှာ သူတို့နဲ့အပြိုင် လိုက်ညှပ်ထားပေမယ့် သူမရဲ့ချစ်စဖွယ်ဟန်ပန်လေးကို ဖုံးကွယ်သွားအောင် မလုပ်နိုင်ပေ။

ရုပ်ရှင်ရုံထဲကနေ ပြန်ထွက်လာချိန်မှာ အမှောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို ကြီးစိုးနေပြီ။ သူတို့ဘယ်သွားရင်ကောင်းမလဲလို့ တိုင်ပင်ကြ မြန်၏။ နေဝင်သွားပြီဆိုပေမယ့် ခြောက်နာရီကျော်ဆိုတာကတော့ သူတို့ အတွက် စောလွန်းနေသေးသည်လေ။

"နင်တို့က ဘယ်သွားရင်ကောင်းမလဲ တိုင်ပင်နေရအောင် ပိုက်ဆံ ရှိသေးလို့လား။ ငါတော့မရှိတော့ဘူးနော်"

အာသာက အရင် ထအော်သည်။ ရှာန်သော်နဲ့ဝီရလည်း မျက်နှာ ပျက်သွား၏။ မင်းခန့်က မိန့်မိန့်ကြီး ပြုံးသည်။

"ဘာမှပူမနေကြနဲ့။ မနေ့က ငါ့အဖေ ပိုက်ဆံပို့ထားတော့ ငါ ရေလျှံနေပါတယ်ကွ"

မင်းခန့်စကားကြားမှ ကျန်သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ရယ်နိုင်ပြုံးနိုင်ကြတော့သည်။ သူတို့အဖွဲ့ ရောက် သွားသောနေရာက ကာရာအိုကေဆိုင်။ သီချင်းဆိုတာကိုလည်း လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး ဝါသနာထုံကြသည်။ မိုက်ကိုလှယက်ဝိုင်းဆိုကြရင်း ကီးချော် နေတာလည်းမသိ၊ စာသားမှားလည်း ဂရုမစိုက်၊ စိတ်မွန်းကျပ်မှုကို ဖြေဖျောက် ပေးသည့်နေရာတစ်ခုအဖြစ် ကာရာအိုကေဆိုဖို့ကို သူတို့တွေ အမြဲရွေးချယ် ဖြစ်ကြသည်။

ထိုညက အိမ်ပြန်ရောက်တော့ ညဆယ့်တစ်နာရီကျော်နေခဲ့ပြီ။ ကိုယ့်သော့လေးနဲ့ကိုယ် တိတ်တိတ်လေး အိမ်တံခါးဖွင့်ဝင်လာသော အာသာ့ ကို မေမေက စူပုပ်နေသော မျက်နှာကြီးဖြင့် ဧည့်ခန်းထဲမှာ ငုတ်တုတ်ထိုင် လျက် ဆီးကြိုနေသည်။ ခါတိုင်းနေ့တွေထက် အတော်လေး နောက်ကျနေ သောကြောင့် မေမေ့ဆူခံထိတော့မှာ သိသည်။ ဒါကြောင့်လည်း မျက်နှာ လေးကို ဆီးစေ့လေးလောက် သေးငယ်အောင် လုပ်ထားလိုက်၏။

"လုပ်ချင်တာတွေ လုပ်လာပြီးတော့မှ မျက်နှာငယ်လေးလုပ်မနေ နဲ့ မိအာသာ၊ ညည်း ဒီအချိန်ထိ ယောကျ်ားလေးတွေ တရှုန်းရှုန်းနဲ့ လျှောက် သွားနေတာလား"

အာသာ ပြန်မဖြေ။ ဘာဖြေရမှန်းလည်း မသိ၊ မဟုတ်ဘူးလို့ ဖြေရင်လည်း ဘယ်လိုမှ ယုံမှာမဟုတ်၊ ဟုတ်တယ်လို့လည်း ဖြေစရာမှ မလိုတာ၊ မေမေက အားလုံးသိနေတာပဲလေ၊ အဲဒီတော့ အာသာ ဘာမှ ပြန်မဖြေတာက အကောင်းဆုံးပဲမဟုတ်လား။

"ကိုယ့်ကိုကိုယ် မိန်းကလေးတစ်ယောက်ဆိုတာရော ညည်း





သတိရသေးရဲ့လားဟင် အာသာဝတီ"

မေမေက တမင်သက်သက်ကို မိအာသာလို့ ခေါ်လိုက် နာမည် အပြည့်အစုံ အာသာဝတီလို့ခေါ်လိုက်ဖြင့် အာသာ့ကိုဆွဲနေခြင်း ဖြစ်သည်။ အာသာဟာ မိန်းကလေးတစ်ယောက်ဆိုတာကို မမေ့မလျော့စေဖို့ ဒီနာမည် ခေါ်ခေါ်ပြီး သတိပေးနေတာလေ။

"အာသာ ဘာမှမဟုတ်တာမှ မလုပ်ထားဘူး မေမေ"

"ဘာပြောတယ် အသက်ဆယ့်ရှစ်နှစ် မိန်းကလေးတစ်ယောက် ညဆယ့်တစ်နာရီခွဲခါနီးမှ အိမ်ပြန်လာတာ ဘာမဟုတ်တာမှ မလုပ်တာလား အာသာ"

"အာသာ နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ် မေမေ ဒါပေမဲ့ အာသာ့ကို မဟုတ်တာလုပ်တယ်လို့တော့ မပြောပါနဲ့"

အာသာ့အရွယ် တခြားမိန်းကလေးတွေအတွက် အသက်ဆယ့်ရှစ် နှစ်ဆိုတာ တကယ့်ကိုလှချင်ပချင် ပြင်ပြင်ဆင်ဆင်လုပ်လျက် မိန်းကလေး အဖော်ချင်းသာ ဈေးဝယ်လေးထွက် အိမ်မှာနေရင်း အလှလေးပြင် လုပ်နေ တတ်ကြတာ အာသာ သိတာပေါ့။ ဒါပေမဲ့ အာသာက အဲဒီလိုမှ မနေချင်ဘဲ၊

ကိုယ်နဲ့စိတ်ဓာတ်ချင်းကိုက်ညီသောသူတွေနဲ့ ပေါင်းမည်။ သူငယ် ချင်းလုပ်မည်။ ယောကျ်ားလေးမိန်းကလေး မခွဲခြား။ ပွင့်ပွင့်လင်းလင်း ပြောရ ရင်တော့ သူငယ်တန်းကနေ ဆယ်တန်းထိကို မိန်းကလေးသီးသန့်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာသာ တက်ရောက်ခဲ့ရသည့်မို့ မိန်းကလေးတွေရဲ့အကြောင်းကိုလည်း အာသာ ကောင်းကောင်းသိပါသည်။ မိန်းမတွေက ပစ်ပစ်များသည်။ အားနေရင် အတင်းထိုင်တုပ်ချင်နေကြသည်။ ဘယ်မိတ်ကပ်က ဘယ်မိတ်ကပ်ထက် ပိုကောင်းကြောင်း ငြင်းသည်။ ကောင်လေးချောချောလေးတွေအကြောင်း သွားလေးတွေတဖြဲဖြဲနှင့် ပြောကြမည်။ ဘယ်သူသုံးသည့် အသုံးအဆောင်က ဘယ်သူ့ထက် ပိုမိုကောင်းမွန်သည့် နိုင်ငံခြားဖြစ်တံဆိပ်ဖြစ်ကြောင်း ကြွားကြမည်။ တစ်နေ့တစ်နေ့ သူတို့လုပ်နေကြတာ ဒါပဲ။

အဲဒီလိုမျိုးတွေ အာသာ မကြိုက်။ လုပ်လည်းမလုပ်တတ်။ အာသာ့ဆီမှာ မိန်းကလေးအလှပြင်ပစ္စည်းနဲ့ပတ်သက်တာဆိုလို့ မေမေ အတင်းဝယ်ပေးထားသော ခရင်းမ်ပတ်ဖ်တစ်ဘူးသာ မှန်တင်ခုံပေါ်မှာ ရှိသည်။ မေမေ အတင်းခေါ်လို့ မဖြစ်မနေတတ်ရမည့် ပွဲတွေအတွက် ဝယ်ပေးထားခြင်းလည်း ဖြစ်၏။ အဲဒီလို ပွဲမျိုးတွေအတွက် မေမေကိုယ်တိုင်လိုက်ချုပ်ပေးထားသော မြန်မာဝတ်စုံလေးတွေလည်း အာသာ့မှာရှိပါရဲ့။ ဒါပေမဲ့ ပွဲတက်နေသည့်အချိန်ပိုင်းလေးပြီးပြီဆိုတာနှင့် အဲဒီအဝတ်အစားတွေကို အမြန်ဆုံးနည်းဖြင့်သာ အာသာ ချွတ်ချပစ်မြဲဖြစ်သည်။ လွတ်လပ်ပေါ့ပါးသော ဘောင်းဘီနှင့် တီရှပ်များကတော့ အာသာ့အသည်းစွဲပေါ့။

"ညည်းပေါင်းနေတဲ့ ကောင်လေးတွေထဲမှာ မောင်မင်းခန့်တစ်ယောက်ကလွဲလို့ မိတ်အုပ်ထိန်းမှုအောက်မှာ ဘယ်သူရှိလဲ ပြော၊ အားလုံးက





ဒီအသက်ဒီအရွယ်လေးနဲ့ တစ်ယောက်တည်းနေနေမှတော့ ပျက်စီးဖို့လမ်းစဖြစ်နေပြီပေါ့"

"အဲဒီလို မပြောပါနဲ့ မေမေ၊ အာသာတို့သူငယ်ချင်းတွေ တစ်ယောက်မှ မပျက်စီးပါဘူး။ ပျက်စီးမယ့်လမ်းပေါ်ကိုလည်း ဘယ်တော့မှ မရောက်ဘူး။ ရာန်သော်ကလည်း သူဖြစ်ချင်တဲ့ မော်ဒယ်သရုပ်ဆောင်ဖြစ်ခွင့်ရအောင် ကြိုးစားနေတာ၊ ဝီရဆိုလည်း သူ့အလုပ်နဲ့သူပါ မေမေရဲ့"

"ညည်းက ငါ့ကို ဘာမှမဟုတ်တဲ့ကောင်တွေအတွက် ခံပြောနေတယ်ပေါ့လေ"

မေမေ ဒေါသတကြီး ပြောသည်။ မတတ်နိုင်။ အာသာကလည်း မဟုတ်တာဆို နည်းနည်းလေးမှ ငြိမ်ခံနေတတ်တာမဟုတ်။ လမ်းပေါ်မှာ ပျက်စီးနေသည့်လူတွေဆိုရင် အာသာကရော ပေါင်းပါ့မလား။ အာသာ့သူငယ်ချင်းတွေကို မေမေ ဒီလိုပြောလိုက်တာဟာ အာသာ့စိတ်ကို နားမလည်နိုင်မှန်းလည်း သေချာသွားစေသည်။

"အာသာ့မှာလည်း စဉ်းစားတတ်တဲ့ ဦးနှောက်ရှိပါတယ် မေမေ၊ လမ်းပေါ်မှာ ဆေးစွဲ အရက်သောက် ပေတေနေတဲ့သူတွေကိုတော့ အာသာလည်း သူငယ်ချင်းမတော်ပါဘူး။ အခု အာသာ့သူငယ်ချင်းတွေထဲမှာ တစ်ယောက်မှ အဲဒီလိုလူမျိုးတွေ မပါဘူး"

"အာသာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါက်ကွဲစွာနှင့် ပြောလိုက်မိသော အာသာ့အသံကြောင့် မေမေပင် အံ့ဩတကြီး ဖြစ်သွားသည်။ ဘာကိုမှလည်း ထပ်မပြောတော့။ မေမေ့ရှေ့မှာ ဆက်ရှိမနေချင်တော့သောကြောင့် အိပ်ခန်းထဲသို့သာ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာခဲ့လိုက်၏။

■ ■ ■



## အခန်း (၃)

ဒီနေ့ ရျာန်သော်ရဲ့ ပထမဆုံးရှိုးလျှောက်ရသည့်နေ့။ ကျန်သုံးယောက်လုံး သူ့ပွဲကိုကြည့်ရန် ခန်းမထဲရောက်ရှိနေကြသည်။ စင်္ကြံစင်ပေါ်မှာ အနောက်တိုင်းဝတ်စုံ အနက်ရောင်ဆင်တူများဖြင့် စတိုင်ကျကျ လျှောက်လှမ်းနေသော အမျိုးသားလေးများ။ အားလုံးက တစ်မျိုးမဟုတ်တစ်မျိုးတော့ မတူကွဲပြားစွာ ဆွဲဆောင်မှုရှိနေကြတာပင်။

ရျာန်သော့်အလှည့်က နောက်ဆုံးနားကျ၏။ ရေမွှေးပုလင်းအမျိုးအစားတစ်ခုကို လက်ဖဝါးပေါ်တင်လျက် ကျန်လက်တစ်ဖက်က အနက်ရောင်ဘောင်းဘီအိတ်ထဲထည့်လျက် ရှေ့တူရူကိုသာ ရှုတည်တည်ကြည့်ပြီး တစ်လှမ်းချင်းလျှောက်လှမ်းလာနေသော ရျာန်သော့်ပုံစံက အားလုံးထဲမှာ အသားနားဆုံးပဲလို့ အာသာ ထင်သည်။ ယောကျ်ားပီသသော လေးထောင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ် မျက်နှာကျနှင့် မည်းနက်စူးရှသော မျက်ဝန်းများပိုင်ရှင် ချာန်သော်သည် မိန်းကလေးတွေအသည်းစွဲတစ်ယောက် ဖြစ်လာမှာ ဧကန်မလွဲပါ။

ပွဲပြီးသွားတော့ စင်နောက်ဘက်မှာ ချာန်သော့်ကို သွားစောင့်ကြရင်း အာသာတို့ တော်တော်ရပ်နေလိုက်ရသေးသည်။ ဖုန်းကင်မရာလေးများထုတ်ကာ သူနဲ့အတူ ဓာတ်ပုံတွဲရိုက်ချင်၍ စောင့်စားနေသော မိန်းကလေးငယ်တချို့နှင့်အတူ ချာန်သော်က ပြုံးပြုံးလေး စကားပြောရင်း ဓာတ်ပုံရိုက်ခံ၏။ ပြီးမှ အာသာတို့ဘက်ကို လက်လှမ်းပြကာ ဝမ်းသာအားရ လျှောက်လာသည်။

"ဘယ်လိုလဲ ဟော့ကောင်တွေ ငါဒီနေ့ အဆင်ပြေရဲ့လား"

"ပြေတယ် ချာန်သော်၊ မင်းက ခုလို သားသားနားနား ဝတ်စားထားလိုက်တော့လည်း လူတောင်မှားရလောက်အောင်ပဲကွာ"

ဝီရက အားရပါးရ ချီးကျူးသည်။ ချာန်သော့်မျက်နှာက မှိုရသလို ပြုံးဖြီးဖြီး။

"ငါ အဝတ်အစားသွားလဲလိုက်ဦးမယ်ကွာ၊ ဒါကြီးဝတ်ပြီး အကြာကြီးမနေနိုင်ဘူးကွ"

"အေး ပြီးရင် ငါတို့တစ်နေရာသွားကြရအောင်"

"ဘယ်သွားဦးမလို့လဲ အာသာ"

အာသာက မိန့်မိန့်ကြီး ပြုံးလိုက်သည်။





"ချာန်သော့်ဟန်းဆက်လေးက ဟိုတလောက ပိုက်ဆံပြတ်လို့ရောင်းလိုက်ရတော့ မင်းခန့် အိမ်မှာပိုနေတဲ့ ခလုတ်ဖုန်းအစုတ်လေးပဲ ဒီကောင်ကိုင်နေရတာလေ၊ သူ့မှာ ဖုန်းကောင်းကောင်းလေးတစ်လုံးလောက်တော့ ရှိသင့်တယ်လို့ ထင်တယ်၊ ဒီပွဲမှာလည်း ချာန်သော်က မှတ်မှတ်ထင်ထင် ဖြစ်သွားခဲ့တယ်မဟုတ်လား။ နောက်ဆို သူ့ကိုဆက်သွယ်တဲ့လုပ်ငန်းတွေ ရှိလာမှာလို့ ငါယုံတယ်၊ အဲဒီအချိန်မှာ ငါတို့ရဲ့မင်းသားက ဖုန်းအစုတ်လေးနဲ့ဆို မခက်ပေဘူးလားကွယ်"

ဆရာကြီးအထာနှင့် ဟန်ပါပါပြောလိုက်သော အာသာ့စကားအဆုံးမှာ ချာန်သော်က မချိပြုံးလေးပြုံးရင်း

"မဖြစ်ပါဘူးဟာ၊ ဒီပွဲလျှောက်လို့ ငါရတဲ့ပိုက်ဆံက ဟန်းဆက်တစ်လုံးဝယ်ဖို့ မလောက်ဘူးကွ"

"နင်ဘာမှမပူနဲ့၊ ငါတို့ လခထုတ်တဲ့ထဲက ပိုတာတွေရှိသားပဲ၊ အားလုံးစိုက်ထည့်ပြီး ဝယ်ပေးမှာပေါ့၊ ဟိုနှစ်ယောက် သဘောတူလား"

"တူပါတယ်ကွာ"

"ကဲ ကြည့် နင့်သူငယ်ချင်းတွေက၊ နင်တော်တော်အထင်သေးတာကိုး"

ချာန်သော့်မျက်နှာပေါ်မှာ ဖူးပွင့်သွားသော အပြုံးများ ပီတိများဖြင့် တောက်ပနေသည်။ မျက်ဝန်းမှာ မျက်ရည်များ အိုင်ဖွဲ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ငါ သိပ်ကျေးဇူးတင်ပါတယ်ကွာ"

ရှာနိသော့်အတွက် သင့်တော်မယ့် အလယ်အလတ် ဟန်းဆက်လေးတစ်လုံးကို သူတို့အားလုံးပေါင်းပြီး ဝယ်ပေးခဲ့ကြသည်။ ဟန်းဆက်အသစ်လေးရသွားသော ရှာနိသော်ကတော့ လက်ကကို မချတော့ဘဲ သဘောကျနေ၏။

"မင်းတို့ ဒီလအတွက် အသုံးစရိတ် ကျန်သေးရဲ့လားကွာ"

"ကျန်သေးတယ်၊ အားလုံးတွက်ချက်ပြီးမှ မင်းကိုစိုက်ပေးတာပါကွာ၊ ဘာမှပူမနေနဲ့"

"ဟုတ်တယ် နောက်လကျရင် မင်းခန့်အတွက် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးလောက် ဝယ်ပေးကြတာပေါ့၊ အဲဒါရော သဘောတူလား"

အာသာ့စကားအဆုံးမှာ မင်းခန့်က မျက်လုံးကြီးပြူးပြီး လှမ်းကြည့်သည်။

"ဘာပြောတယ် အာသာ"

"နင့်အိမ်က နင့်ကိုဓာတ်ပုံဆရာတစ်ယောက်ဖြစ်သွားမှာ သိပ်စိုးရိမ်တာမဟုတ်လား။ ဒါပေမဲ့ မပူပါနဲ့၊ ငါတို့သူငယ်ချင်းတွေကတော့ နင်ဖြစ်ချင်တာကို အားပေးရမှာပဲလေ၊ အဲဒီတော့ နင့်အတွက် ကင်မရာလေးတစ်လုံး မဖြစ်မနေ လိုလာပြီပေါ့၊ သင်တန်းတက်တာတွေ ဘာတွေကတော့ နောက်မှ အေးအေးဆေးဆေး ဆက်လုပ်ကြတာပေါ့ဟာ ဘယ်လိုလဲ"





"နင် နင်တကယ်ပြောတာလား"

မင်းခန့်အသံက အံ့ဩတကြီး။

"ငါတကယ်ပြောနေတာပေါ့၊ နင့်အိမ်က ဓာတ်ပုံရိုက်တဲ့အလုပ်ကို အချိန်တွေ အလဟဿ ဖြုန်းတဲ့အလုပ်လို့ ထင်နေကြတာလေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နင့်အဖေနေရာကိုဆက်ခံမယ့် သဘော်ကပ္ပတိန်တစ်ယောက်ပဲ နင့်ကို ဖြစ်လာစေချင်ကြတာ"

"အေးလေ အဲဒါ နင်တို့အားလုံး သိနေတာပဲ"

"နင်က ဝါသနာပါလို့လား"

"မပါတာလည်း နင်တို့သိသားပဲ"

"ကဲပါကွာ ပြောနေကြာတယ်၊ မင်းအတွက် နောက်လကျရင် ဒစ်ဂျစ်တယ်လေးတစ်လုံးလောက် ငါတို့စုဝယ်လိုက်ကြတာပေါ့၊ အာသာ့အတွေးလေးကို ငါတော့ သဘောကျသွားပြီ၊ ဘာပဲပြောပြော ကင်မရာလေးတစ်လုံးရှိရင် ငါတို့အားလုံးအတွက် အဆင်ပြေနေတာပဲလေ"

နဂိုတည်းကမှ ဘယ်နေရာရောက်ရောက် အမှတ်တရအနေနဲ့ ဖုန်းလေးတွေထုတ်ပြီး ဓာတ်ပုံရိုက်တတ်ကြတာ သူတို့သူငယ်ချင်းတွေ အကျင့်၊ ကင်မရာလေးတစ်လုံးရှိသွားရင် ပိုပြီးလှလှပပပုံလေးတွေ ရိုက်ကူးလို့ရတော့မှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ငယ်ရွယ်သော အခိုက်အတန့်လေးတွေဟာ အာသာတို့သူငယ်ချင်းတွေအတွက်တော့ တကယ်ကို အဖိုးမဖြတ်နိုင်စရာ အမှတ်တရများကို ဖန်တီးပေးသော အချိန်လေးများပင် ဖြစ်၏။ တခြားသူတွေ ဘယ်လောက်ပဲ ရင်းနှီးခင်မင်ကြပါတယ်ဆိုဆို အာသာတို့လေးယောက်ကိုတော့ မီမည်မထင်။

တစ်ယောက်မရှိရင် တစ်ယောက်က မရရအောင် ရှာဖွေပေးလျက် လိုအပ်တာအားလုံး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့တာပင်။ ဒီနေ့လည်း သူတို့ သဘောတူထားသည့်အတိုင်း မင်းခန့်အတွက် ကင်မရာလေးတစ်လုံး သွားဝယ်ဖြစ်ကြသည်။

ဟိုးမနက်တည်းက အုံ့မှိုင်းနေသော ကောင်းကင်ကြီးက အာသာတို့တစ်တွေ ကင်မရာလေးကိုင်ပြီး တပြုံးပြုံးဖြင့် အိမ်ပြန်လာတုန်းမှာပင်





သည်းကြီးမည်းကြီး ရွာချလိုက်တော့၏။ ညခုနစ်နာရီအချိန်သည် ပြင်းထန်သော မိုးကြောင့် ပိုလို့မည်းမှောင်နေသည်။ ဘယ်တော့မှ ထီးယူဆောင်သွားလေ့မရှိသော ထုံးစံအတိုင်း လေးယောက်သား ခွေးပြေးဝက်ပြေး ပြေးကြရသည်။ မပြေးလို့မရ ရွာနေသည့်မိုးက တော်တော်နှင့်တိတ်မယ့်ပုံ မရှိသည့်အပြင် လေတွေပါ တရကြမ်းတိုက်ခတ်နေခြင်း ဖြစ်၏။

အုန်းပင်ကြီးတွေဆို လေတိုက်လိုက်တိုင်း တစ်ဖက်ကို မဟားတရားတိမ်းစောင်းသွားလိုက်ကြတာ ကျိုးကျတော့မလားလို့ပင် ထင်မိသည်။ ပြတင်းတံခါးတွေလည်း တဒိုင်းဒိုင်းပိတ်လိုက်ပွင့်လိုက်။

"ဟော့ကောင်တွေ မုန်တိုင်းတိုက်တာများလားကွာ"

ဝိရကပြေးရင်းလွှားရင်းနှင့် မိုးသံလေသံများကို ကျော်လွှန်အောင် အော်မေးသည်။

"မုန်တိုင်းသတင်းတော့ မကြားမိပါဘူးကွ"

"ဟာ ဒါဆို ဒီမိုးက တော်တော်သည်းတယ်ဟေ့၊ လမ်းပေါ်မှာတောင် လူမရှိတော့ဘူး"

"ငါတို့လည်း ကြွက်စုတ်ဖြစ်နေပြီ၊ ကိုယ့်အိမ်တောင်ကိုယ် ပြန်ရောက်ပါတော့မလားကွာ"

ဟုတ်သည် လေးယောက်လုံး လုံးဝကို ရွှဲရွှဲစိုလျက် အဝတ်အစားတွေနဲ့ အရေပြားက တစ်သားတည်းကပ်နေပြီ၊ အာသာဆို စကားတောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်တော့။ ပြေးရင်းလွှားရင်း လက်လေးနှစ်ဖက်ကို ယှက်နေအောင် ဝိုက်ထားမိသည်။ ချမ်းလွန်းလို့ လူက ခိုက်ခိုက်တုန်နေပြီလေ။

ထိုအချိန်မှာပင် လျှပ်စီးတစ်ကြောင်းက ပြိုးခနဲ ပြက်ခနဲ လက်၏။ မှောင်မည်းနေသော ပတ်ဝန်းကျင်တစ်ခုလုံးကို နေ့အချိန်အလား လင်းလင်းထင်းထင်းမြင်လိုက်ရသည်။ နောက်ဆက်တွဲအဖြစ် ကြောက်မက်ဖွယ် မိုးခြိမ်းသံ။ အာသာ ပြေးနေရင်းကနေ နေရာမှာ ကျုံ့ကျုံ့လေးထိုင်ချပစ်လိုက်သည်။ လက်နှစ်ဖက်ကိုလည်း နားမှာကပ်ပိတ်ထားမိ၏။

သူငယ်ချင်းတွေနဲ့အပြိုင် ဘယ်နေရာမှာ ဘာတွေပဲလိုက်လုပ်နေပါစေ မိုးကြိုးပစ်သံကြားရင်တော့ အာသာ ဘယ်လိုမှမနေနိုင်ဘဲ ကြောက်မိသည်။ ငယ်ငယ်တည်းက မိုးတွေသည်းကြီးမည်းကြီးရွာပြီး ခုလို လျှပ်စီးတွေလက် မိုးကြိုးတွေပစ်ပြီဆို အာသာတစ်ယောက် အသားများတဆတ်ဆတ်တုန်ကာ ချွေးစေးများပျံသည်ထိ ကြောက်ရွံ့မိသည်။

"အာသာ အာသာ ရလား"

"အာသာ ကျန်ခဲ့ပြီဟ"

ပခုံးစွန်းလေးကို အသာပုတ်လျက် မင်းခန့် မေးသည်။ မင်းခန့်မျက်နှာကို မျက်ရည်ဝဲနေသော မျက်ဝန်းများဖြင့် မော့ကြည့်မိရင်း အာသာ ဘာမှပြန်မပြောနိုင်၊ လက်မောင်းရင်းနှစ်ဖက်ကို ကိုင်စွဲလျက် မင်းခန့်က အာသာ့ကို မတ်တပ်ရပ်စေလိုက်သည်။





"ဘာမှမဖြစ်ဘူးနော် အာသာ၊ မကြောက်နဲ့"

မင်းခန့်ရဲ့အားပေးစကားကို ခေါင်းလေးညိတ်ပြမည် ကြံကာရှိသေး ခုနကလို ပြိုးပြက်ဝင်းလက်နေသော လျှပ်စီးကြောင်းတစ်ခုက သူတို့မျက်စိရှေ့မှာတင် ထင်ထင်ရှားရှား။ ကျယ်လောင်ပြင်းထန်သော မိုးကြိုးပစ်သံအရှည်ကြီးအကြားမှာ အာသာ ကြောက်လန့်တကြားနှင့်ပင် ရှေ့တည့်တည့်မှ မင်းခန့်ကို ဖက်တွယ်ထားလိုက်မိသည်။

"ဘာမှမဖြစ်ဘူး ဘာမှမဖြစ်ဘူးနော် အာသာ ငါရှိတယ်"

အာသာ့ကျောကုန်းလေးကို အသာပြန်ပွေ့ဖက်ထားရင်း သူ နှစ်သိမ့်သည်။ မိုးကြိုးပစ်သံဆုံးတော့ မင်းခန့်ရင်ခွင်ထဲရောက်နေသည့် အာသာ့ထံမှ ရှိုက်သံသဲ့သဲ့လေး ထွက်ကျလာ၏။

"ဘာမှမဖြစ်ပါဘူးဆို အာသာရယ်"

မော့ကြည့်နေမိသည့် မျက်ဝန်းများထဲမှာ မိုးရေများနှင့်ကွဲလွဲနေသော မျက်ရည်တစ်ကြောင်းက ပါးပြင်ပေါ် စီးကျသွားသည်။ ထိုမျက်ရည်ကြောင်းလေးကို သုတ်ပေးရန် တဖြည်းဖြည်းချင်း ကြွတက်လာသော မင်းခန့်လက်များမှာ အနောက်မှရှာန်သော့အော်သံကြောင့် ချက်ချင်းပင် ရပ်တန့်သွားသည်။

"ဟော့ကောင်တွေ မြန်မြန်လာ၊ အဲဒီသစ်ကိုင်းက ကျိုးကျတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အာသာ့လက်လေးကိုဆွဲလျက် ချန်သော်တို့နောက်ကဲကိုမီအောင် မင်းခန့် ပြေးသည်။ သူတို့ခပ်လှမ်းလှမ်းအရောက်မှာပင် ခုနက ရပ်နေခဲ့မိသောနေရာအထက်မှ သစ်ပင်ကိုင်းတစ်ခု ဖြောင်းခနဲ ကျိုးကျသွား၏။ ချာန်သော်သာ အချိန်မီ သတိမပေးလျှင် အာသာတို့နှစ်ယောက် ထိခိုက်ဒဏ်ရာရတော့မှာမလွဲ။

"ရပ်ကွက်ထဲတော့ ရောက်လာလို့ တော်သေးတယ်ဟေ့"

"ဟာ ဟိုမှာ သရက်ပင်လဲနေပါလား"

လမ်းကိုကန့်လန့်ဖြတ်လဲနေသော သရက်ပင်ကြီးတစ်ပင်။ အပင်က အကြီးကြီးမို့ ဖြတ်သန်းသွားလာဖို့မလွယ်။ မင်းခန့်နဲ့အာသာ့အိမ်က ရပ်ကွက်အတွင်းပိုင်းမှာ ဖြစ်နေသည်မို့ ဒီအပင်ကြီးကို တကူးတက ဖြတ်ကျော်ပြီးမှ သွားလို့ရမှာ ဖြစ်သည်။

"ရေတွေလည်း ကြီးနေတယ်၊ မင်းတို့ကို ငါကတော့ ခုချက်ချင်း မသွားစေချင်ဘူး။ သစ်ပင်တောင် လဲနေမှတော့ ဓာတ်ကြိုးတွေဘာတွေဆိုတာလည်း ပြောလို့မရဘူးလေ၊ အန္တရာယ်တစ်ခုခုဖြစ်မှာ စိုးရိမ်တယ်"

ချာန်သော်က စိတ်ပူပန်စွာ သတိပေးသည်၊ အာသာရော မင်းခန့်ပါ ကြောက်သွားမိတာတော့ အမှန်ပင်ဖြစ်၏။ မိုးရေထဲမှာ ဓာတ်လိုက်ပြီး သေသည့်မသာတော့ သူတို့ မဖြစ်ချင်ကြပါ။

"ဒီလိုလုပ် ငါတို့အခန်းမှာ ခဏလိုက်နေလိုက်၊ မိုးတိတ်တော့မှ





အိမ်ပြန်ပေါ့"

လဲကျနေသော ဒီသစ်ပင်ကြီးကို ဖြတ်စရာမလိုဘဲ ညာဘက်က လမ်းချိုးလေးထဲ နည်းနည်းဝင်လိုက်တာနှင့် ဝီရနှင့်ချာန်သော်တို့ ငှားနေသော တိုက်ခန်းလေးကို ရောက်မည်လေ။ ဒါကြောင့်လည်း ဝီရပေးသောအကြံအတိုင်း သူတို့လေးယောက်လုံး ထိုတိုက်ခန်းဆီသို့သာ ခြေကုန်သုတ်ပြေးကြတော့၏။

"ဟူး ခုမှပဲ သက်သာတော့တယ်"

လှေကားတံစက်မြိတ်အောက်ရောက်တာနှင့် မင်းခန့်က သက်ပြင်းချသည်။ ခုနစ်လွှာမှာရှိသော တိုက်ခန်းလေးကို သူတို့မမောနိုင်မပမ်းနိုင် တက်ရပြန်သည်။

ဒီတိုက်ခန်းလေးကို အရင်ကလည်း အာသာ ရောက်ဖူးပါသည်။ ခဏခဏတော့ မဟုတ်ပေမယ့် လေးငါးကြိမ်ထက်တော့ မနည်း။ ယောက်ျားလေးနှစ်ယောက်နေသော အခန်းမှာ ချာန်သော့်ပစ္စည်းလေးတွေက နေသားတကျ စုစုစည်းစည်း သပ်သပ်ရပ်ရပ် ရှိသော်လည်း ဝီရကတော့ တွေ့ကရာနေရာမှာ အင်္ကျီတွေ ပုဆိုးတွေ ချိတ်ဆွဲထား၏။

"ဟဲ ဟဲ နင်တို့မြင်တဲ့အတိုင်းပဲ နည်းနည်းတော့ပွနေတယ်၊ သည်းခံကြ"

သွားကြီးဖြဲပြီးပြောသော ဝီရကို ချာန်သော်က မျက်စောင်းနီကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်လှမ်းကြည့်ရင်း

"တော်ကြာနေ ငါ့ပါ မင်းလိုစည်းမရှိကမ်းမရှိ ထင်နေဦးမယ်၊ ဒီအမှိုက်တွေအားလုံး ငါနဲ့မဆိုင်ဘူး။ သိလား"

"ဟုတ်ပါတယ် မင်းသားရယ်၊ မင်းသားက မင်းသားပါနော်"

သူတို့နှစ်ယောက် အချေအတင်ဖြစ်နေတာကို မင်းခန့်နဲ့အာသာမှာ ချမ်းခိုက်နေသည့်ကြားမှ နားထောင်ရင်း ရယ်ရသေးသည်။

"အာသာ နင်လည်း အဝတ်အစားလဲထားမှ ဖြစ်မယ်နော်"

ရှာန်သော်က အိမ်မှာနေရင်းဝတ်သည့် လျှော့ကြိုးနှင့်ဘောင်းဘီတိုတစ်ထည်ရယ် တီရှပ်ပွပွတစ်ထည်ရယ် လာပေးသည်။

"ကျေးဇူးပဲ ရှာန်သော်"

"နင်အိမ်နောက်ဖေးမှာ သွားလဲလေ၊ ငါတို့က ဒီမှာပဲ လဲလိုက်မယ်"

"အိုကေ"

အာသာတစ်ယောက်တည်း မှိုင်းရိပ်ပုပန်မှုကင်းစွာ အဝတ်အစားများလဲလှယ်နေသည်။ အောက်ခံတွေပါ ရွှဲရွဲစိုသွားသောကြောင့် နည်းနည်းတော့ စိတ်ပျက်သွားမိ၏။ ထိုအချိန်မှာပင် မီးက ဖြတ်ခနဲ ပြတ်သွားသည်။ တစ်အိမ်လုံး မှောင်အတိကျသွားသည်။ အာသာ ဘာဆိုဘာမှမမြင်ရတော့။

"ဟာ လုပ်ပြီဟော့ မီးကတော့"





"မင်းကလည်း ခုမှပြတ်တာကို ကျေးဇူးတင်ရမှာ၊ မဟုတ်ရင် လေလေးနည်းနည်းတိုက်တာနဲ့ မီးကအရင်ပြတ်တတ်တာလေကွာ ဟားဟား"

မင်းခန့်နဲ့ဗီရဝိုရဲ့ အပြန်အလှန်ပြောပြီး ရယ်မောနေသံများ။ အာသာမှာတော့ အပြင်လည်းထွက်လို့မရ၊ တို့လို့တန်းလန်းနှင့် အမှောင်ကြီးထဲမှာ။

"ငါကိုမင်းဘေးစားပွဲပေါ်က လက်နှိပ်ဓာတ်မီး လှမ်းပေးစမ်းကွာ၊ ဖယောင်းတိုင်နဲ့မီးခြစ် ရှာရမယ်"

အဖြစ်အပျက်က အရမ်းကို မြန်ဆန်လွန်းသည်။ ဆိုင်းမဆင့်ဗုံမဆင့်ကျရောက်လာသော လက်နှိပ်ဓာတ်မီးအလင်းရောင်က အာသာ့ရဲ့ တစ်ပိုင်းတစ်စသာ ဝတ်ဆင်ရသေးသော

"အား"

"အား"

အမှောင်ချထားချိန်မှာ စတိတ်စင်ပေါ် မီးဆလိုက်တစ်ခုတည်း ကွက်ထိုးလိုက်သလိုမျိုး ခံစားချက်ကို အာသာ ရှက်ရွံ့စွာ ခံစားလိုက်ရသည်။ လက်နှစ်ဖက်နှင့် ကိုယ်ကိုဖုံးအုပ်ပြီး အသံကုန်ခြစ်အော်ပစ်လိုက်၏။ အာသာ့အော်သံကြောင့် ဓာတ်မီးကြီးထိုးလျက်သားနှင့် ရှာန်သော့်မှာလည်း ဒေါယောင်လိုက်အော်မိသည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အော်ပစ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်အသံကြောင့် အိမ်ရှေ့က နှစ်ယောက် အသည်းအသန် ပြေးလာနေသော ခြေသံများ။

"ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ ရှာန်သော်"

"အာသာ ဘာဖြစ်လို့လဲ"

"မလာနဲ့ ဟိုနှစ်ယောက်မလာနဲ့ သွား ရှာန်သော် နင်လည်းသွား"

အာသာ အသံကုန်အော်ပစ်လိုက်သည်။ ရှက်စိတ်မွန်ပြီး လူက ဘာမှမမြင်တော့။ ရှာန်သော့်ကိုလည်း အနားမှာတွေ့သော ကော်ဖီခွက်နှင့် ကောက်ပေါက်ပစ်လိုက်၏။ ရှာန်သော့်နောက်မှ နံရံနှင့်ထိမိပြီး ကြွေခွက်ကွဲသွားသည့် ခွမ်းခနဲအသံကလည်း ကျယ်ကျယ်လောင်လောင်။

ရှတ်တရက်ဆိုသလို မီးပြတ်နေသော အခန်းလေးထဲက ရှန်းရင်းဆန်ခတ်သံများက အပြင်က မိုးသံလေသံများကို ဖုံးလွှမ်းသွားသည်။

"ဟော့ကောင် ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"ငါ ငါ ဟူး ရင်တွေတုန်လိုက်တာကွာ"

ဝီရတို့ ဝိုင်းမေးတာကို မဖြေနိုင်သေးဘဲ ရှာန်သော်က အမှောဖောက်နေသူလို ဒူးနှစ်ချောင်းကို လက်နှင့်အုပ်ကိုင်ကာ ကုန်းကုန်းကွကွနှင့် ဟောဟဲလိုက်နေ၏။

"ဟော့ကောင် အထဲမှာ အာသာ ဘာဖြစ်တာလဲလို့"

"ငါ သူအဝတ်အစားတွေလဲနေတာကိုမေ့ပြီး ဟို ဓာတ်မီးနဲ့ ထိုး"





"ဟာ သေလိုက်ပါတော့ ရှာန်သော်ရယ်"

"ဟာ မင်းကွာ"

ရှာန်သော်ရဲ့ဝန်ခံသံအဆုံးမှာ ကျန်နှစ်ယောက်ထံမှ ကြိတ်မနိုင်ခဲမရ အပြစ်တင်သံများထွက်လာသည်။ အာသာကိုယ်တိုင်လည်း အတင်းခံ ဝိုတာတွေ ရှဲတာတွေ မှုမနေနိုင်တော့ဘဲ ရှာန်သော်ပေးထားသော တီရှပ်ပွပွကြီးကို စွပ်ချလိုက်၏။

"ငါတောင်းပန်ပါတယ် အာသာရယ် နော်"

ခပ်တည်တည်နှင့် အိမ်ရှေ့ခန်း ထွက်လာသော အာသာ့ကို ရှာန်သော်က အမှောင်ထဲမှာပင် တောင်းပန်စကားဆိုသည်။

"ရတယ် ဘာမှမဖြစ်ခဲ့ဘူးလို့ပဲ တွေး၊ တစ်ခုခုဖြစ်ခဲ့တယ်လို့ လုံးဝမတွေးနဲ့"

အာသာ့စကားကို ရှာန်သော် ကြောင်တောင်တောင်ဖြစ်ကာ ပါးစပ်ပိတ်သွားသည်။ ကျန်နှစ်ယောက်မှာလည်း အာသာ ဘာများပြောမလဲဆိုပြီး ပါးစပ်လေးတွေပိတ်လျက် အမှောင်ထဲ ငုတ်တုတ်ထိုင်နေသည်။

"နင်တို့တွေ မှောင်ကြီးမဲကြီးထဲ ဘာထိုင်လုပ်နေတာလဲဟင် ပြတင်းပေါက်ကိုလည်း မပိတ်ထားတော့ အိမ်ထဲကို ရေတွေပက်နေပြီ"

ပြောပြောဆိုဆိုပင် ပွင့်နေသော သေးပြတင်းတံခါးချပ်ကို သူမက ဆွဲပိတ်လိုက်၏။ နောက်တော့ ငုတ်တုတ်လေးတွေထိုင်နေသော သူတို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်လာသည်။

"သွားလေ ဖယောင်းတိုင်နဲ့မီးခြစ်က အိမ်နောက်ဖေးမှာမဟုတ်လား။ အခု ဝင်လို့ရပြီ၊ သွားယူပြီးထွန်းကြတော့လေ"

တကယ်တော့ အာသာ ရုက်ရုက်နှင့် ကျန်သူငယ်ချင်းတွေကို ရမ်းနေမိခြင်းဖြစ်သည်။ အားလုံးကလည်း အလိုက်တသိနှင့် နောက်ဖေးဘက်ကို စုပြုံထွက်သွားသည်။ ထိုအခါမှ သက်ပြင်းသဲ့သဲ့လေးချလျက် အာသာ ငြိမ်ငြိမ်လေး ထိုင်နေမိတော့၏။

မိုးရယ် မြန်မြန်တိတ်ပါတော့။

သို့သော် အာသာ့ဆုတောင်းမပြည့်ပါ။ တရစပ် မရပ်မနား သည်းသည်းမည်းမည်း ရွာနေသောမိုးသည် ဆယ်နာရီထိုးသည်ထိမတိတ်။ ဟို . . နှစ်ကောင်က ကိစ္စမရှိပေမယ့် မင်းခန့်နဲ့အာသာ့ကို အိမ်တွေက စိတ်ပူနေလောက်ပြီ။ မေမေဆို ဘယ်လောက်တောင် ဒေါသထွက်နေလိမ့်မလဲ မသိ။

ကံကလည်း ဆိုးချင်တော့ လေးယောက်စလုံးရဲ့ဖုန်းတွေ ရေဝင်ကာ ဖွင့်မရ။ ဟိုဘက်ကလည်း ဆက်လို့ရမှာမဟုတ်။ ပါကင်ဘူးထဲမှာ ဒီတိုင်းထည့်ထားပြီး ရေမစိုစေရန် အကျီထဲထည့်ယူလာသော အသစ်စက်စက် ကင်မရာလေး ဘာမှမဖြစ်၍ တော်သေးတော့သည်။

"နင်တို့ ပြန်တော့မလား"

"ငါက ပြဿနာမရှိပေမယ့် အာသာ ဘယ်လိုလုပ်မလဲ"





"အေးဟာ မိုးကလည်း နည်းနည်းလေးတောင် စဲမသွားဘူး"

"ငါတို့ဆီမှာ မဟုတ်ပေမယ့် အိမ်နီးချင်းနိုင်ငံတစ်ခုမှာ မုန်တိုင်းဝင်နေတာနဲ့ တူတယ်ကွ"

"အေးနော် ငါတို့တောင် ဒီလောက်ခံရတာ တကယ်မုန်တိုင်းတိုက်နေတဲ့နိုင်ငံတွေသာဆို ဘယ်လိုလုပ်မလဲမသိဘူး"

ဖယောင်းတိုင် မီးအလင်းရောင်အောက်မှာ လေးယောက်သား စုဖွဲ့ထိုင်လျက် ထွေရာလေးပါး ပြောဖြစ်နေကြသည်။

အပြင်မှာ လေရောမိုးပါ အကြီးအကျယ် သောင်းကျန်းနေ၏။ သစ်ပင်ပေါ်များသော အာသာတို့ရပ်ကွက်လေးထဲမှာ သစ်ကိုင်းကျိုးကျည်တဖြောင်းဖြောင်းကိုလည်း မကြာမကြာ ကြားနေရသည်။ လျှပ်စီးတစ်ချက်ပြိုးခနဲ ပြက်ခနဲလက်လိုက်တိုင်း ကြောက်ရွံ့စိတ်နှင့် လူက တွန့်တွန့်သွားရသည့်ကြားထဲ မျက်နှာချင်းဆိုင်တည့်တည့်မှာ ထိုင်နေသော ရှာန်သော့ကို ဖယောင်းတိုင်တစ်တိုင်ရဲ့အလင်းမှိန်မှိန်လေးအောက်မှာပင် အာသာ ငေးငေးမကြည့်ချင်ဖြစ်နေသည်။ မတော်တဆ အကြည့်ချင်းဆုံသွားရင် ရှာန်သော်ကအရင် အကြည့်လွှဲပေးသွား၍ တော်တော့သည်။

"ဒီလောက် ချမ်းချမ်းစီးစီးမှာ ကော်ဖီလေးတစ်ခွက်လောက်နဲ့ ငြိမ့်နေရမှာကွ"

"မင်းခန့်ပြောမှ သတိရတယ်၊ မင်းတို့သောက်ချင်ရင် ရတယ်ကွ



www.burmeseclassic.com

www.burmeseclassic.com



ငါအပြင်မထွက်ခင်တုန်းက ရေချိုးတည်ပြီး ဓာတ်ဘူးထဲထည့်ခဲ့တယ်၊ ပွဲဦးမှာပါ၊ ကော်ဖီထုပ်တွေက ကြောင်အိမ်ပေါ်မှာ၊ သောက်ချင်ရင် သွားဖျော်လိုက်လေ''

ချာန်သော် သတိတရနှင့်ပြောတော့ မင်းခန့် ဝမ်းသာအားရနှင့် ထထွက်သွားသည်။

''မင်းခန့်ရေ လေးခွက်ဖျော်ခဲ့နော်''

''ဩော် မင်းတို့အိမ်ရှင်တွေကတော့ မထကြဘူးနော်၊ အမှောင်ကြီးထဲမှာ ငါ့ကို အကုန်လုပ်ခိုင်း သိလား''

''ကဲပါကွာ ငါလာပါပြီ''

''ဖယောင်းတိုင်ပါ ယူခဲ့ ဝီရရေ့ ဒီမှာ ဘာမှကိုမမြင်ရဘူး''

ဝီရက တစ်ချောင်းတည်းသော ဖယောင်းတိုင်ကိုပါယူပြီး ထထွက်သွားတော့ အမှောင်ထဲမှာ ချာန်သော်နဲ့အာသာ နှစ်ယောက်တည်း ငုတ်တုတ်လေးတွေ ကျန်ခဲ့သည်။

''နင် ငါ့ကိုစိတ်ဆိုးသွားလားဟင် အာသာ''

မနည်းကြိုးစားပြီး ပြောလိုက်ရသောအသံနှင့် ချာန်သော်က စကားစလာသည်။ စိတ်ဆိုးတယ်တော့ မဟုတ်ပေမယ့် စိတ်ထဲမှာ စနိုးစနောင့်ကြီး ခံစားနေရတာတော့ အမှန်။





''ငါ တမင်လုပ်တာမဟုတ်ပါဘူးဟာ''

''နင်တမင်လုပ်တာမဟုတ်မှန်း ငါသိပါတယ်''

''ဟူး တော်ပါသေးရဲ့''

သက်ပြင်းကြီးချလျက် ချာန်သော် စိတ်နည်းနည်းသက်သာသွားပုံမျိုး ပြောသည်။

''ငါ ဘာမှမဖြစ်ဘူး၊ နင်လည်း ဘာမှဖြစ်မနေနဲ့တော့''

''အေးပါဟ''

''ကဲ ကိုယ်တော်ကြီးကိုယ်တော်လေးနှစ်ပါးအတွက် ဒီက ကျွန်ကြီးတွေက ကော်ဖီဖျော်ပေးခဲ့ပါပြီဗျာ''

ထုံးစံအတိုင်း ဝီရက ပြောင်ပြောင်နောက်နောက် ပြောသည်။

''မင်းကတော့လေ အကိုင်ခံချင်လို့ မဟုတ်တာတွေ ပြောနေတာလား''

''အင် ဘာကိုအကိုင်ခံချင်ရမှာတုန်းကွ''

''ဒါမျိုးဆိုတာ လျှောက်မပြောကောင်းဘူး၊ တစ်ခုခုဖြစ်တတ်တယ်''

''အာ မိုးတွေဆက်တိုက်ခြိမ်းနေလို့ ကြောက်ရတဲ့ကြားထဲ နင်တို့က ဘာတွေပြောနေတာတုန်း''

ကြားဖူးခဲ့တာကတော့ ကော်ဖီသောက်လိုက်ရင် မျက်လုံးကြောင်ပြီး မအိပ်ချင်တော့ဘူးဆိုသည့် အစဥ်အလာစကား။ သို့သော် ထိုစကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်စွာပင် ကော်ဖီသောက်ပြီးတာနှင့် အာသာတို့လေးယောက်လုံး ရှေ့ ဆင့်နောက်ဆင့်တွေ အိပ်ပျော်ကုန်တော့သည်။

အရင်ဆုံးတိုက်ပွဲကျသွားသူက ချာန်သော်၊ ပြီးတော့ မင်းခန့်။ သူ့ဘေးမှာ ကွေးကွေးလေး လက်နှစ်ဖက်ယှက်အိပ်ပျော်နေသော အာသာ့ ဦးခေါင်းလေးကို ခပ်ဖွဖွလေးမလျက် ဝီရက သူ့ပေါင်ပေါ်တင်ပေးလိုက်သည်။ ဘယ်လောက်ပဲ သူတို့တွေနဲ့တန်းတူနေနိုင် ပေါင်းသင်းနိုင်ပါတယ်ပြောပြော အာသာဟာ နုနယ်သည့်မိန်းကလေးတစ်ယောက်ဆိုတာကို သူတို့တွေအားလုံးမမေ့ပါ။

စိတ်ဓာတ်လေးဖြူစင်ပြီး သဘောမနောပြည့်ဝသည့် အာသာ့ကို သူငယ်ချင်းအဖြစ် ပိုင်ဆိုင်ခွင့်ရထားတာ သူတို့အတွက်တော့ ကံကြမ္မာက ပေးသည့် လက်ဆောင်မွန်လေးပါပဲ။

တစ်ခါတလေတော့လည်း နယ်မှာကျန်ခဲ့သည့် အစ်ကိုနဲ့အစ်မကို သတိရမိပေမယ့် အခုလို စိတ်တူကိုယ်တူနေနိုင်သော သူငယ်ချင်းတွေ လောက်တောင် ဝီရအပေါ်မှာ နားလည်မှုမရှိခဲ့ဘူးလို့ ထင်သည်။ ဝီရတို့ မိသားစုက ဆရာဝန်များသာ ပေါက်ဖွားခဲ့ကြသော ဆွေကြီးမျိုးကြီး ငွေကြေးချမ်းသာသည့်အသိုင်းအဝိုင်း ဖြစ်သည်။

ငယ်ငယ်တည်းက စာအုပ်နှင့်မျက်နှာမခွာဘဲ ကျောင်းစာများနှင့်သာ ပျော်မွေ့ခဲ့ရသော ဝီရသည် ဆယ်တန်းမှာ ဂုဏ်ထူးနှင့်





အောင်မြင်ခဲ့ခြင်းဟာ အံ့ဩစရာတော့ မရှိခဲ့။ ဖေဖေက အထူးကုဆရာဝန် သမားတော်ကြီးတစ်ဦးဖြစ်ပြီး အစ်ကိုက လက်ထောက်ခွဲစိတ်ဆရာဝန်ဖြစ်နေပြီ။ အစ်မကလည်း ဆေးကျောင်းမှာပေါက်စ်ဆာဂျင်။ ဒါကြောင့်ပင် ဝီရကို ပါ ဆေးကျောင်းတက်ဖို့ ဖိအားတွေပေးသောအခါ ဘယ်လိုမှ သည်းမခံနိုင် ဖြစ်ရသည်။

တကယ်တမ်း ဝီရက စီးပွားရေးသမားတစ်ယောက်အဖြစ် ငွေကြေးတွေ ရှာဖွေချင်သူ။ နားကြပ်ကို ပခုံးမှာချိတ်ပြီး ဆေးထိုးအပ်ကိုင်သည့် ဆရာဝန်တစ်ယောက် မဖြစ်ချင်ခဲ့။ လုံးဝလည်း ဝါသနာမပါ။ ဒါကြောင့် အားလုံးက ဒီဆရာဝန်ဖြစ်အောင်လုပ်ရန်သာ ဖိအားပေးခဲ့ကြသည်။

“ငါတို့က ဆရာဝန်မျိုးရိုးကွ၊ မင်းလက်ထက်ကျမှ အစ်ကိုတွေ အစ်မတွေတုန်းကထက်တောင် အမှတ်တွေများပြီး ဆေးကျောင်းမတက်ချင်ဘူးဆိုတာ ဘာသဘောလဲ”

“ဟုတ်တယ် မင်းကိုငါတို့ ဘယ်လောက်မျှော်လင့်ထားတယ်ဆိုတာ မင်းမသိတာလည်းမဟုတ်ဘူး ညီ”

ဒါတောင် မမက မန္တလေးမှာ ကျောင်းတက်နေသည်မို့ ဒီစကားဝိုင်းထဲ ဝင်မပါနိုင်ခြင်းဖြစ်သည်။ အဖေနဲ့အစ်ကိုရဲ့စကားလုံးတွေက သူမလုပ်ချင်တာကို အတင်းအကျပ် လုပ်ခိုင်းဖို့သာ ရေးရွနေ၏။

“ကျွန်တော် မလုပ်ချင်ဘူး ဖေဖေ၊ ငယ်ငယ်တည်းက ဒီဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကြီးကို ကျွန်တော် ဝါသနာမပါဘူး။ ပြီးတော့ နောက်ထပ်ခြောက်နှစ် နောက်ထပ်နှစ်တွေနှစ်တွေ ထပ်ထပ်ပြီး ဘွဲ့တွေရဖို့အတွက် စာအုပ်ပုံထဲမှာ ခေါင်းနှစ်ထားရမှာမျိုး ကျွန်တော် မလုပ်ချင်ဘူး။ လူတွေနာမှများမှ ငွေရတဲ့ အလုပ်ကြီး''

''ဟေ မင်းဘယ်လိုပြောလိုက်တာလဲ ဝီရ၊ ငါတို့တွေ တစ်သက်လုံးကမှ ဒီအလုပ်နဲ့ ရှင်သန်လာတာကို မင်းပြောမှ မကောင်းတဲ့ကောင်ကြီးတွေ လုံးလုံးဖြစ်ရပြီ''

''ကျွန်တော် ထင်တာကိုပြောတာပါ ဖေဖေ၊ သေချာတာတစ်ခုကတော့ ဒီဆေးကျောင်းဆိုတာကြီးကို မတက်ဘူး။ ဆရာဝန်တစ်ယောက်ဖြစ်အောင်လည်း ဘယ်တော့မှ ကြိုးစားမှာမဟုတ်ဘူး''

''မင်းက သိပ်သေချာနေတဲ့အသံပါလား ဝီရ''

''အစ်ကိုတို့ကို ကြည့်တာနဲ့တင် ကျွန်တော့် တော်တော်ပင်ပန်းနေပြီ၊ အဲဒီခြေရာအတိုင်း လိုက်နင်းဖို့တော့ လုံးဝမရှိဘူး''

''ကောင်းပြီလေ၊ ငါဖြစ်စေချင်တဲ့အတိုင်း ဆေးကျောင်းမတက်နိုင်ဘူးဆိုရင် မင်းလည်း ငါ့အိမ်မှာနေစရာမလိုတော့ဘူး''

ဖေဖေ့စကားသံအဆုံးမှာ ကျွန်တော် ဆတ်ခနဲ မတ်တပ်ထရပ်လိုက်သည်။ အဲဒီနေ့အဲဒီအချိန်ကစပြီး မိဘတွေရဲ့အရိပ်အောက်ကနေ ကျွန်တော် စွန့်ခွာလာခဲ့ခြင်းဖြစ်၏။ အဆက်အသွယ် လုံးဝဖြတ်တောက်ထားခဲ့





သောကြောင့် အိမ်ကထွက်လာပြီးနောက်ပိုင်း သတင်းအစအနလည်း ဘာဆိုဘာမှမရ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားမည်ဆိုသည့် စိတ်ပိုင်းဖြတ်မှုတစ်ခုနှင့်သာ ရှင်သန်နေခဲ့ခြင်း ဖြစ်သည်။

ငယ်ငယ်တည်းက စီးပွားရေးသမားတစ်ယောက်သာ ဖြစ်ချင်ခဲ့သူပီပီ ဝီရက ငွေစုဆောင်းခြင်းလည်း ဝါသနာပါ၏။ သုံးသင့်တဲ့နေရာမှာသုံးပြီး အဖြုန်းမဖြစ်အောင် ဂရုတစိုက်နေထိုင်သည်။ အိမ်ကနေ ထွက်လာတော့ ဝီရ နှစ်ပေါင်းများစွာကတည်းက စုဆောင်းထားသည့် မုန့်ဖိုးတွေတော်တော်များများ ပါလာခဲ့သည်။

ထိုငွေကြေးများဖြင့် အိမ်ငှားနေထိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ရှာန်သော်နဲ့ နှစ်ယောက်စပ်တူငှားသည်ဆိုပေမယ့် တကယ်တမ်းကတော့ သုံးပုံပုံနှစ်ပုံလောက်က ဝီရပိုက်ဆံများဖြစ်သည်။ ကိုယ်လို ဘဝတူတစ်ယောက်တည်းသမားချင်း တွေ့ဆုံလာရသည်မို့ ကူညီပေးသည့်သဘောလည်း ဖြစ်သည်။

ဒါပေမဲ့ ဝီရဘဝအမှန်အကြောင်းကိုတော့ သူငယ်ချင်းတွေမသိကြပါ။ မိသားစုက ဝီရ မလုပ်ချင်တာတစ်ခုကို အတင်းဖိအားပေး၍လုပ်ခိုင်းသောကြောင့် အိမ်ကထွက်လာခဲ့သည့် ကောင်လေးတစ်ယောက်အဖြစ်သာ သူတို့သိကြသည်။

တစ်ယောက်တည်း ရှင်သန်ဖို့ထွက်လာခဲ့သည့်ခရီးမှာ ခုလို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပြည့်ဝသည့် သူငယ်ချင်းတွေကို ရခဲ့တာကတော့ တကယ့်ကိုတန်ဖိုး မဖြတ်နိုင်စရာပဲပေါ့။

■ ■ ■

"ဒီအိမ်နဲ့ဒီခြံက ငါတို့ကို စာချုပ်စာတမ်းနဲ့တကွ ပေါင်ထားပြီးသား ကွ"

"ဟာ မဖြစ်နိုင်ပါဘူးဗျာ"

ရာန်သော် အကြောက်အကန် ငြင်းမိသည်။ ဘယ်လိုဖြစ်နိုင်မှာလဲ၊ ဦးလေးဆုံးသွားတော့မှ ဘွားခနဲပေါ်လာသော ဒီလူတွေကို ရာန်သော် ဘယ်နားကြည့်ပြီး ယုံကြည်ရမှာလဲ။

"မဖြစ်နိုင်စရာမရှိဘူး မောင်ရာန်သော်၊ ဦးတို့က တရားဝင်စာချုပ်စာတမ်းနဲ့ မင်းဆီကို ရောက်လာတာပါ၊ ဦးကောင်းမြတ်သော်ကိုယ်တိုင် ဦးတို့ဆီမှာ လွှန်ခဲ့တဲ့သုံးလတည်းက ပေါင်နှံထားခဲ့တာပါ"

အနီးအနားက တတ်ကျွမ်းနားလည်သည့်လူတွေကို ခေါ်ယူမေးမြန်းကြည့်တော့လည်း ရာန်သော့်မျက်စိရှေ့မှာရောက်နေသည့် လူကြီးတွေ ပြောသမျှကသာ အမှန်တရားဖြစ်နေခဲ့သည်။ တရားဥပဒေဘောင်ထဲက ပေါင်နှံချေးငှားထားသော စာချုပ်ဖြစ်နေသောကြောင့် ရာန်သော် ဘာမှမတတ်နိုင်ခဲ့ဘဲ အိမ်နှင့်ခြံကို ထိုးအပ်လိုက်ရသည်။ ဖေဖေတို့လက်ထက်တည်းက ထိန်းသိမ်းလာသော အမွေအိမ်ဖြစ်ပေမယ့် ဦးလေးလက်ထက်မှာ ခုလိုတွေ ပျက်စီး





ယိုယွင်းခဲ့ရ၏။

ရာန်သော်ကိုယ်တိုင်လည်း လက်ထဲမှာ မယ်မယ်ရရပိုင်ဆိုင်မှု ဘာမှမရှိဘဲ ခြေသလုံးအိမ်တိုင်မဖြစ်ရုံတမယ် ဖြစ်ခဲ့သည်။ အသိတွေအိမ်မှာ ခဏတာခိုကပ်နေရင်း ရေရှည်အတွက် အဆင်မပြေဘူးဆိုတာ သိနေတာမို့ သီးသန့်နေနိုင်မည့်အိမ်လေးတစ်လုံး ငှားရမ်းရန် ကြိုးစားရတော့သည်။

အဲဒီအချိန်မှာပဲ နယ်ကတက်လာသော ဝီရနှင့်ဆုံခွင့်ရခဲ့ခြင်းပါ။ လက်ထဲမှာပိုင်ဆိုင်မှုက သိပ်များများစားစား မကျန်ခဲ့တော့သောအခါ ရည်ရွယ်ထားခဲ့သလို သီးသန့်တစ်ယောက်တည်း အိမ်ငှားနေနိုင်ဖို့ သိပ်ခက်ခဲခဲ့ရ၏။ ဝီရမှာပါလာသော ငွေကြေးများကြောင့်သာ အခုလက်ရှိနေထိုင်နေသည့် တိုက်ခန်းလေးကို ငှားရမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ငယ်ငယ်တည်းက ရှူးသွပ်ခဲ့ရသော သရုပ်ဆောင်အလုပ်ကိုလည်း တစိုက်မတ်မတ် ဖောက်ချလုပ်ဖို့ဆုံးဖြတ်ထားလိုက်၏။ မိဘတွေကလည်း စောစောစီးစီး ဆုံးပါးခဲ့ကြပြီး တွယ်တာခဲ့ရသည့် တစ်ဦးတည်းသော ဦးလေး ကလည်း လောင်းကစားဝိုင်းများမှာသာ အချိန်ကုန်ခဲ့သည်။ နောက်ဆုံးတော့ ဘိုးဘွားပိုင်အိမ်ကိုထိုးအပ်လိုက်ရတဲ့အထိ။

သူ ဝါသနာပါသော မင်းသားလည်းမဖြစ်လိုက်ရ၊ မော်ဒယ်လည်း မဖြစ်လိုက်ရဘဲ တစ်ကောင်ကြွက် ငမွဲသာဖြစ်ခဲ့ရသည်။ ခုလို စိတ်သဘော ထားပြည့်ဝသည့် သူငယ်ချင်းတွေနဲ့ ဆုံဆည်းခွင့်ရခဲ့လို့သာ ရာန်သော့်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



လေး စိုစိုပြည်ပြည် ပြန်ဖြစ်လာခဲ့ရခြင်းပါ။

အဲဒီအတွက်လည်း ဒီသူငယ်ချင်းတွေကို ကျေးဇူးတင်လို့မဆုံး။

ရျာန်သော် တစ်ရေးနိုးလာချိန်မှာ ကျန်တဲ့သုံးယောက်လုံး အိပ်မော ကျနေခဲ့ပြီ ဖြစ်သည်။ အိပ်ပျော်သွားရင် ဘာဆိုတာမှမသိတော့သော မင်းခန့် ကတော့ ထောင့်ကပ်ကာ တရှူးရှူးအိပ်ပျော်နေသည်။ အာသာက ဝီရ ပေါင်ပေါ်မှာ ခေါင်းတင်လျက် အိပ်နေတာဆိုတော့ ဝီရခမျာ အုတ်နံရံကို ကျောမှီလျက်သား ခြေထောက်ကြီးဆင်းပြီး ငုတ်တုတ်အိပ်နေရ၏။

မီးစာသာကျန်တော့သော ဖယောင်းတိုင်မီးက ရျာန်သော် ကြည့် နေတုန်းမှာပင် ဟုတ်ခနဲ ငြိမ်းသွားသည်။ ရွာခါစကလောက် မသည်းတော့ သော မိုးက ရွာတော့ရွာနေဆဲဖြစ်၏။ တစ်ချက်တစ်ချက်တိုက်လိုက်သော လေပြင်းပြင်းများကြောင့် ရာသီဥတုက အေးစိမ့်နေသည်။ ပိန်းပိတ်အောင် မှောင်နေသည့်ညမို့ နံရံမှာကပ်ထားသော နာရီကိုတောင် မမြင်ရ။ အချိန် မနည်းတော့မှန်းတော့ ခန့်မှန်းလို့ရသည်။ တစ်နာရီလား၊ နှစ်နာရီလား။ မင်းခန့်နဲ့အာသာ့အိမ်က ဘယ်လောက်တောင် စိတ်ပူနေခဲ့ပြီလဲ။

ရျာန်သော်တစ်ယောက်တည်း တစ်ရေးနိုးအတွေးများဖြင့် ပူပန်နေ မိသည်။ မင်းခန့်ကတော့ ယောက်ျားလေးမို့ အဖြစ်အပျက်တွေကို အမှန် အတိုင်းပြောလို့ရသော်လည်း အာသာ့မေမေကတော့ ဘယ်လိုနည်းနဲ့မှ လက် ခံပေးမည်မထင်။ သူ တွေးရင်း ရင်မောနေမိသည်။ သို့သော် မိုးအေးအေးမှာ





အိပ်ချင်စိတ်က ပြန်လည်ကြီးစိုးလာသောကြောင့် မျက်လုံးများက မှေးစင်း လာ၏။ အတွေးစများ ပြတ်တောက်သွားသည်။

သူတို့အားလုံးရှေ့ဆင့်နောက်ဆင့် နိုးထလာချိန်မှာ မနက်စင်စင် လင်းနေခဲ့ပြီဖြစ်၏။ အားလုံး အိပ်ချင်မူးတူးမျက်နှာများဖြင့် တစ်ယောက်ကို တစ်ယောက် ကြောင်တောင်တောင် ငေးကြည့်မိနေသည်။

"ဘယ်နှနာရီတောင် ထိုးသွားပြီလဲကွ"

"ငါတစ်ညလုံး နင့်ပေါင်ပေါ်မှာ အိပ်ပျော်နေတာလား"

"ဖုန်းတွေဖွင့်လို့ရပြီလား။ ကြည့်ပါဦး"

တစ်ယောက်တစ်ပေါက်နှင့် သူတို့အိမ်လေး ဆူညံသွားသည်။

"ဟာ ခုနစ်နာရီတောင်ခွဲနေပြီ"

"အေး ဟုတ်တယ်၊ နင်တစ်ညလုံး ငါ့ပေါင်ပေါ်မှာ အိပ်ပျော်နေ တယ်လို့ ထင်တာပဲ"

"ဖုန်းပွင့်ပြီကွ၊ မင်းတို့ဟာတွေလည်း ဖွင့်ကြည့်ဦး"

အာသာ ဖုန်းဖွင့်လိုက်သည်နှင့် မေမေ့ဆီက စာတွေတစ်စောင်ပြီး တစ်စောင် ဆက်တိုက်ဝင်လာသည်။ မိုးတွေတအားရွာပြီး ဓာတ်ကြိုးတွေ ပြတ်ကျကုန်သောကြောင့် အာသာတစ်ခုခုဖြစ်မှာ စိုးရိမ်မိနေကြောင်း စာတွေ ညနက်သည်ထိ ပြန်မလာသော အာသာ့ကို စိတ်ဆိုးဆိုးနှင့် ပြောဆိုထား သည့်စာများလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်တည်းက မိုးတိတ်နေတာလဲ . မသိဘူး"

ဝရန်တာထွက်ရပ်ရင်း ရျာန်သော် ဆိုသည်။ လမ်းမပေါ်သို့ လျှံတက်လာသည့်ရေတွေ အားလုံးကုန်စင်အောင် ပြန်မကျသေးတာမို့ မိုးတိတ်သွားတာ သိပ်မကြာလောက်သေး။ ကန့်လန့်ဖြတ်လဲကျနေသော သရက်ပင်ကြီးကို လမ်းထဲမှ ဦးလေးကြီးတစ်ယောက် ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းနေသည်။

"ငါတို့လည်း သွားကူညီမှနဲ့တူတယ်၊ သရက်ပင်လဲနေတာကို ဟိုမှန့်ဆိုင်က ဦးလေးကြီးတစ်ယောက်တည်း ရှင်းနေရတယ်ကွ"

"အေး သွားကြတာပေ့ါ၊ လောလောဆယ် မင်းတို့နှစ်ယောက်ကတော့ အိမ်ကိုသာ တန်းတန်းမတ်မတ်နဲ့ အမြန်ဆုံး ပြန်တော့"

"အေးပါ လာ အာသာ ငါတို့သွားမယ်"

မင်းခန့်နဲ့နှစ်ယောက်သား ထွက်လာခဲ့ရပေမယ့် အာသာ ထိတ်လန့်နေမိသည်။ အိမ်ပြန်ရောက်ရင် မေမေ့ကို ဘယ်လိုရင်ဆိုင်ရမယ်မှန်းမသိ။ အာသာ့ဘက်က ဘာလွန်ကျူးမှားယွင်းတာမျိုးမှ မလုပ်ထားပေမယ့် တစ်ညလုံး အိမ်ပြန်မလာသည့်သမီးကို မေမေ လွယ်လွယ်တော့ အလျှော့ပေးမည်မဟုတ်။

"နင်ဘာဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းပါလား"

"ဘာမှမဖြစ်ပါဘူးဟာ"

"နင်မလိမ်စမ်းပါနဲ့၊ ဘာလဲ နင့်အမေဆူမှာကြောက်လို့လား"





အတင်သိနေသော မင်းခန့်က အာသာ့မျက်နှာလေးကို စူးစူးစမ်းစမ်းကြည့်ရင်း မေးတော့ အာသာ မလိမ်ချင်တော့တာမို့ ခေါင်းလေးညိတ်ပြလိုက်၏။

"အင်းလေ နင်တစ်ယောက်တည်းမဟုတ်ပါဘူး။ ငါလည်း အဆူခံရမှာပဲ၊ ဒါပေမဲ့ နင်ကတော့ မိန်းကလေးကိုး"

တခြားအချိန်တွေမှာသာဆို အာသာ့ကို မိန်းကလေးတစ်ယောက်လို့ ထုတ်ပြောသည့်အတွက် မင်းခန့်ကို ခွဲခြားဆက်ဆံတာလားဆိုပြီး ပြဿနာလုပ်မိမှာပါ။ ခုတော့ ကိုယ့်စိတ်ထဲကကို ကြောက်နေမိသောကြောင့် ပြဿနာလည်းမလုပ်နိုင်ဘဲ ငြိမ်ရပ်နေမိသည်။

ရုတ်တရက်ဆိုသလို မင်းခန့်က အာသာ့လက်လေးတစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားလိုက်ပြီး

"နင့်ကို အန်တီက တစ်ခုခုမယုံသင်္ကာဖြစ်ခဲ့ရင် ငါတို့ရှိပါတယ်ဟာ ဝိုင်းပြောပေး ဖြေရှင်းပေးမှာပေ့ါ၊ မကြောက်နဲ့နော် အာသာ"

သူငယ်ချင်းရဲ့နွေးထွေးသည့် လက်များက အာသာ့ကို အင်အားဖြစ်စေတာတော့ မှန်ပါသည်။ ဒါပေမဲ့လေ

"ဟင် မိအာသာ ညည်းဘာလုပ်နေတာလဲ"

"ဟင် မေမေ"

မင်းခန့်တို့အိမ်အောက်မှာ တစ်ယောက်လက်တစ်ယောက်ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရင်း ရပ်နေမိစဉ် မေမေက အာသာတို့နားရောက်လာခြင်း ဖြစ်သည်။ ဆုပ်ကိုင်ထားမိသော လက်များကိုလည်း နှစ်ယောက်သားလုံး ပြိုင်တူ ပွတ် ချလိုက်မိသည်။ ဒါပေမဲ့ အချိန်မမီတော့ပါ။ ထိုမြင်ကွင်းကို ဘည်တည်ကြီး တွေ့လိုက်သော မေမေ အထင်လွဲသွားခဲ့ပြီဖြစ်သည်။

"ညက တစ်ညလုံး အိမ်ပြန်မလာဘဲ ညည်းက သူနဲ့ရှိနေတာပေါ့ ။လေ"

"ဟိုလေ မေမေ"

မင်းခန့်နဲ့ရှိနေတာ မဟုတ်ဘူးလို့ ပြောလိုက်လည်း မရ။ ရှိနေတယ်လို့ ပြောပြန်ရင်လည်း မေမေက တစ်မျိုးတွေးဦးမည်။ အာသာ စိတ်ညစ်သွား၏။ ထိုအချိန်မှာပင် မင်းခန့်ရဲ့အမေဖြစ်သူလည်း တိုက်အောက်ဆင်းလာခဲ့သည်။

"ငါ ဝရန်တာကနေ အားလုံးမြင်တယ်၊ အခု ဘယ်လိုဖြစ်တာလဲ ရှင်းပါဦး"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် စကားလုံးတွေ ပျောက်နေသည်။ အမေနှစ်ဦးထင်နေသလို သူတို့မဟုတ်ကြောင်း၊ ဘယ်ကစရှင်းပြရမှန်း မသိ။

"ဟဲ့ နင်တို့ကို မေးနေတယ်လေ၊ ဘာဖြစ်လို့ နှစ်ယောက်လုံး ပါးစပ်တွေပိတ်နေတာတုန်း"





"ညက သားတို့ပြန်လာတော့ မိုးတွေတအားရွာနေတာနဲ့"

မင်းခန့်က အာသာ့ကိုတစ်ချက်လှမ်းကြည့်လိုက်သေးသည်။ အာသာက ခေါင်းတစ်ချက်ညိတ်ပြလိုက်၏။ အမှန်အတိုင်းသာ ပြောလိုက်တော့လို့ သဘောတူညီချက်ပေးလိုက်ခြင်း။

"ဝီရတို့တိုက်ခန်းမှာ ခဏမိုးခိုတာပါ"

"နင်တို့ အိမ်တန်းပြန်လာလို့ ရတယ်လေ"

"လမ်းထိပ်မှာ သရက်ပင်ကြီးလဲပြီး ရေတွေလည်းကြီးနေတော့ ဓာတ်ကြိုးတွေဘာတွေ ပြတ်ကျမှာစိုးရိမ်တာနဲ့ သားတို့နှစ်ယောက် သူတို့အိမ်ကိုပဲ လိုက်သွားလိုက်တာပါ"

အမှန်အတိုင်း ဖြေရှင်းချက်ပေးလိုက်တာဆိုပေမယ့် အာသာ့မေမေကတော့ ယုံကြည်ပုံမရ။ အာသာ့ကိုတစ်လှည့် မင်းခန့်ကိုတစ်လှည့် မျက်ထောင့်နီကြီးဖြင့် စူးစူးရဲရဲကြည့်နေသည်။ အာသာ တကယ်ကိုပင် ကြောက်လန့်လာမိသည်။ ဒီတစ်ခါတော့ မေမေ လွယ်လွယ်ကူကူနဲ့ အလျှော့ပေးမှာမဟုတ်မှန်းလည်း သိနေသည်။

"အာသာ လာ အိမ်သွားမယ်"

အာသာ့လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲလျက် မေမေက အိမ်ပြန်ခေါ်လာသည်။ အိမ်ထဲရောက်ပြီဆိုတာနှင့် မေမေ့အကြမ်းပွဲမှာတွေ့ စတင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုငါ ဘယ်လိုနားလည်ရတော့မလဲ၊ ယောကျ်ားတကာနဲ့ အရပ်တကာလှည့်ရတာ အားမရလို့ ခုတော့ ညဘက်တွေပါတစ်အိမ်တည်း တူတူအိပ်တဲ့အဆင့်ထိ ဖြစ်နေပြီပေါ့"

"အာသာတို့ မတတ်နိုင်လို့ အဲဒီလို လုပ်လိုက်ရတာပါ မေမေ"

"ဒါဆိုညည်းဖုန်းက ဘာဖြစ်လို့ တောက်လျှောက်စက်ပိတ်ထား ပါတယ်ပဲ ဖြေနေတာလဲ ပြောပါဦး"

"မိုးမိပြီး အာသာတို့အားလုံး ဖုန်းတွေရေဝင်ကုန်တာ မေမေ၊ မီးလည်းပြတ်နေတော့ ချက်ချင်းခြောက်အောင်လုပ်ပြီး ပြန်ဖွင့်လို့လည်း မရဘူး။ အခုမနက်ကျမှ ဖွင့်ရတာ"

"ညည်းမှာကတော့ ဘယ်တော့မှ အကြောင်းပြချက်မပြတ်ပါဘူး။ ဟိုလိုမဟုတ်ရင် ဒီလို ဒီလိုမဟုတ်ရင်ဟိုလို ပြောနေမှာပဲ၊ ငါတော့ နင့်ကို တော်တော်စိတ်ပျက်နေပြီ အာသာဝတီ"

"သမီး ဘာအမှားမှမလုပ်ထားဘူး မေမေ"

"ဘာ ဒီလောက်ထိ ယောကျ်ားတကာနဲ့ တစ်ညလုံးတူတူရှိနေ ခဲ့တာတောင် ငါ့ကို ဘာအမှားမှမလုပ်ဘူးလို့ နင်ပြောရဲသေးတာလားဟင်"

မေမေ့ဒေါသတွေ ယမ်းပုံမီးကျ ဖြစ်နေပြီ။ အာသာကလည်း မဟုတ် တာလုပ်မထားဘူးဆိုပြီး ခပ်တင်းတင်းသာ တုံ့ပြန်နေတော့ မေမေ့ဝိုလို့ ပေါက်ကွဲပြီဖြစ်သည်။





"ပြီးတော့လည်း ရပ်ကွက်ထဲက နှစ်ဆယ့်လေးနာရီဖွင့်တဲ့ဆိုင်မှာ နင်အလုပ်လုပ်နေတယ်ဆိုတာ ဟုတ်လား၊ မဟုတ်ဘူးလား ငါ့ကိုပြောစမ်း"

"မေမေ့ကို ဘယ်သူပြောတာလဲ"

"အောက်ထပ်ကုန်စုံဆိုင်ကမိန်းမက သမီးလေးတောင် လမ်းထိပ်မှာ အလုပ်လုပ်နေတယ်နော်ဆိုပြီး လာပြောမှ ငါ့မှာဇဝေဇဝါနဲ့"

"ဟုတ်တယ် မေမေ၊ အာသာ လုပ်နေတယ်"

"ဘာ နင့်ကို ဘယ်သူက အဲဒီနေရာမှာ အလုပ်လုပ်ခိုင်းလို့လဲ၊ အာသာ နင်ကတော့ တကယ့်ကိုပဲ ထိန်းမနိုင်အောင်ဖြစ်နေပြီ"

"အာသာ အဲဒီမှာ အလုပ်လုပ်တာကရော ဘာများမှားလို့လဲ၊ ကိုယ့်လုပ်အားနဲ့ရတဲ့ငွေကို အာသာသုံးချင်တယ်၊ ပြီးတော့ အဲဒီက ရလာတဲ့ ငွေတွေက သန့်ရှင်းပါတယ်"

"အေး ဒါဆို အဲဒီငွေတွေ ခုဘယ်မှာလဲ၊ ငါလည်း နင့်ကိုမုန့်ဖိုး မပြတ်ပေးနေခဲ့တာလေ၊ ဘယ်နေရာတွေမှာသုံးဖို့ ဒီလောက်တောင် နင်ငွေ လိုနေတာလဲ"

"အာသာတို့သူငယ်ချင်းတွေစုပြီး တစ်လတစ်ခါ လိုအပ်တာလေး တွေ ဝယ်ပေးကြတာပါ မေမေ"

"ဘာ ကိုယ့်အတွက်ကိုယ်သုံးတာမဟုတ်ဘဲ နင့်အကောင်တွေ အတွက် လိုက်ထောက်ပံ့နေရတာလား။ ငါရှက်တယ် အာသာ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ရှက်တယ်၊ မိန်းကလေးတစ်ယောက်က အပြင်မှာအလုပ်လုပ်ပြီး ယောက်ျား တွေကိုပြန်အမ်းနေရတာမျိုး ငါတော့ သိပ်ရှက်တာပဲ''

''မေမေ အာသာ့ကို အဲဒီလို မပြောပါနဲ့၊ မေမေ့စကားက အာသာ့ ကိုစော်ကားသလိုဖြစ်နေပြီ၊ ပြီးတော့ အာသာ့သူငယ်ချင်းတွေထဲမှာ ချူစား နေတာလည်း တစ်ယောက်မှမပါဘူး။ အားလုံးရတဲ့ငွေကိုစုပြီးမှ လိုတာဝယ် တာပါ''

ပြောနေရင်းနှင့် အာသာ့အသံက ကျယ်လောင်လာသည်။ မေမေ့ စကားကို မခံမရပ်နိုင်အောင် နာကျင်သွားသောကြောင့် အသားလေးများ တဆတ်ဆတ်တုန်လျက် မျက်ရည်များပင် ကျလာသည်။

"အခု နင့်အကောင်တွေအတွက်နဲ့ ငါ့ကိုအာခံနေတာလား အာ သာ"

"မေမေက မေမေ့အထင်နဲ့လျှောက်ပြောနေတာကို အာသာ လက် မခံနိုင်ဘူး မေမေ"

"ငါက လျှောက်ပြောတယ် ဟုတ်လား။ ငါ့အထင်နဲ့ဟုတ်လား။ ငါက အမေတစ်ယောက်အနေနဲ့ ငါ့သမီး မဖြစ်သင့်တာမဖြစ်ရအောင်ဆုံးမ နေတာ၊ ပျက်စီးနေတဲ့ သားသမီးကို မဆုံးမနိုင်ရင် ငါ အမေမဟုတ်တော့ ဘူး။ သိလား မိအာသာ"

"အာသာက ပျက်စီးနေတာ မဟုတ်ပါဘူး မေမေ၊ အာသာ့ကို





ထင်ပြီး မစော်ကားပါနဲ့တော့"

မျက်နှာကြီးတစ်ခုလုံး နီရဲလာလျက် အာသာ အသံကုန်အော်ပစ် လိုက်သည်။ မေမေ့လက်တစ်ဖက် အင်အားပြင်းထန်စွာ အာသာ့ပါးပြင်ပေါ်ကို ကျရောက်လာသည်။ မျက်ရည်တွေ အဆက်မပြတ်စီးကျလာသော နာကျင် မှုတို့ကြောင့်မဟုတ်ဘဲ မေမေ့စွပ်စွဲမှုများကို မခံမရပ်နိုင်လွန်းသောကြောင့်သာ ဖြစ်သည်။

အာသာ့မှာ ဘယ်လိုစိတ်ဓာတ်မျိုးရှိတယ်ဆိုတာကို သိရဲ့သားနဲ့ မေမေ ခုလိုမျိုး မပြောသင့်ဘူး။ ပြီးတော့ ရိုးရိုးသားသား ဆက်ဆံပေးခဲ့သည့် အကောင်းဆုံးသူငယ်ချင်းတွေ။ မေမေက အားလုံးကို သိမ်းကြုံးစော်ကား ပစ်လိုက်သလို အာသာ ခံစားရသည်။ အာသာ ရှင်းပြနေတာတွေကိုလည်း နည်းနည်းမှနားမထောင်၊ နည်းနည်းမှလည်း နားလည်မှုမပေး။

အာသာ့ရင်ထဲမှာ စူးနင့်လာသည်။ မေမေ့စကားတွေကို နားထဲမှာ ပြန်ကြားယောင်လေ အာသာ့နှလုံးသားတွေ တစ်စစီကွဲအက်ကုန်သလို ခံစား ရလေဖြစ်သည်။

"အာသာ ပြောတာတွေကိုမေမေ မယုံဘူးပေါ့"

"ယုံချင်စရာလည်း တစ်ခုမှမရှိဘူး မိအာသာ၊ ယောက်ျားသုံး ယောက်နဲ့ တစ်ညလုံး တူတူရှိနေခဲ့တဲ့ မိန်းမတစ်ယောက်ကို ယုံချင်ရင် တောင် ငါ အဲဒီယောက်ျားတွေကို မယုံနိုင်ဘူး"



www.burmeseclassic.com

"အာသာ့သူငယ်ချင်းတွေမှာ အဲဒီလို မရိုးမသားစိတ်သာရှိခဲ့ရင် ခုလိုမျိုး မေမေ့ရှေ့မှာတောင် အာသာ ရပ်နေနိုင်မှာမဟုတ်ပါဘူး"

"ရပ်မနေနိုင်တော့ နင်က ဘာလုပ်ချင်လို့တုန်း"

"အာသာ သွားတော့မယ်"

ဘာမှထပ်မပြောချင်တော့သောကြောင့် မေမေ့ရှေ့ကနေ အာသာ လှည့်ထွက်လာခဲ့သည်။

"နင်က အခုငါ့အိမ်ပေါ်ကနေ ထွက်သွားမယ်ပေါ့လေ၊ အဲဒီ မလောက်လေးမလောက်စားကောင်တွေအားကိုးနဲ့ ငါ့ကို ပုန်ကန်အာခံမယ်ပေါ့လေ ဟုတ်လား၊ မိအာသာ အေး ရတယ်လေ၊ နင် နေကြည့်လိုက်ပေါ့ ဘဝပျက်တော့မှ ဒူးနဲ့မျက်ရည်မသုတ်မိအောင် ကြိုးစား"

ဒေါသထွက်နေသော မေမေ့ထံမှ ဒီလောက်ထိ ပြင်းပြင်းထန်ထန် စကားတွေ ထွက်ကျလာလိမ့်မယ်လို့ အာသာ မထင်ထား။ တကယ်တော့ အာသာ လှည့်ထွက်ခဲ့ခြင်းဟာ မေမေနဲ့ဆက်လက် စကားမများချင်သောကြောင့် ခဏတာရှောင်ထွက်သွားရန် ကြိုးစားခြင်းသာဖြစ်သည်။

ဒါပေမဲ့ အနောက်မှ ကပ်ပါလာသော မေမေ့စကားသံများကြောင့် အာသာ့စိတ်တွေ ပြောင်းသွား၏။ ခြေလှမ်းများကိုလည်း ရှာန်သော်တို့တိုက်ခန်းလေးဆီ ခပ်မြန်မြန် လျှောက်သွားနေမိသည်။ တိုက်ခန်းပေါ်ထိပင် မတက်လိုက်ရပါဘဲ လဲကျနေသော သရက်ပင်ကိုခုတ်ထွင်ရှင်းလင်းပေးနေသော





ဲရနဲ့ရှာန်သော်ကို အခန့်သင့် တွေ့လိုက်ရ၏။

"ဟဲ့ အာသာ ဘာတွေဖြစ်လာတာလဲ"

"ငိုထားတာလား။ မျက်နှာကြီးကလည်း နီရဲနေတာပဲ"

"နင့်အမေ နင့်ကိုဘာတွေပြောလိုက်လို့လဲ"

"နင့်ကိုမဆူအောင် ငါတို့လိုက်ပြောပေးမယ်လေဟာ"

တစ်ယောက်တစ်ခွန်းနှင့် အာသာ့ကို ဝိုင်းစိတ်ပူပေးကြသည့် သူငယ်ချင်းများကိုမြင်တော့ အာသာ ဝမ်းနည်းလာမိသည်။

"နင်တို့ပြီးရင် အိမ်ပေါ်သွားမယ်ဟာ"

"ခဏလေးစောင့်ဟာ၊ နည်းနည်းပဲကျန်တော့တယ် နင်မြင်တဲ့ အတိုင်းပဲ"

ခုတ်ထွင်ပြီးသား သစ်အပိုင်းအစများကို စည်ပင်ကားများ လာကျုံး င် အဆင်ပြေအောင် ဘေးတစ်ဖက်မှာ စုပုံထားလိုက်ပြီး သူတို့အလုပ်များ လက်စသတ်လိုက်သည်။

အိမ်ပေါ်ရောက်သည်နှင့် ရှာန်သော်က အာသာ ဘာဖြစ်လာတာ တာကို ထပ်ခါထပ်ခါ မေး၏။ အာသာနှုတ်က မဖြေနိုင်တော့ဘဲ ဘပ်လျက်လေးမှာ ထိုင်နေသည့် ရှာန်သော့်ကိုဖက်ငိုလိုက်မိသည်။

"ဟာ အာသာ ဘယ်လိုဖြစ်တာလဲ"

ကလေးတစ်ယောက်လို ငိုကြီးချက်မနှင့် တဟီးဟီး အော်ငိုနေ

www.burmeseclassic.com



သည့် အာသာ့ကြောင့် နှစ်ယောက်သားလုံး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားကြသည်။

"မငိုနဲ့ အာသာ၊ ဘာဖြစ်လာတာလဲ ပြော၊ ငါတို့ နင့်အမေကို ခုပဲ လိုက်ပြောပေးရမလား"

"မလုပ်နဲ့ နင်တို့သွားစရာ မလိုပါဘူး"

ဝီရက တကယ်သွားတွေ့တော့မည့်ပုံ လုပ်နေတာမို့ အာသာ မြန်မြန်တားလိုက်ရသည်။ မျက်နှာတစ်ခုလုံး ပေကျံနေသည့် မျက်ရည်များကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်းပဲ ပွတ်သုတ်ဖျက်ပစ်လိုက်၏။ မင်းခန့်တို့အိမ်အောက်မှာတွေ့သွားတာကနေစပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။

"နင့်အမေ ပြောတာလည်း မမှားပါဘူးဟာ"

"အို၊ ဘာလို့ မမှားရမှာလဲ၊ ငါ့ရဲ့သိက္ခာကို မေမေ မယုံဘူး။ နင်တို့ကိုလည်း မေမေ တစ်စက်မှ အထင်မကြီးဘူး"

"ငါတို့ကလည်း အထင်ကြီးစရာကောင်တွေမှ မဟုတ်ဘဲ အာသာရယ်"

"နင်တို့ကပါ ငါမှားတယ်လို့ ပြောချင်နေတာလား"

အကောင်းပြောနေရင်းကနေ အာသာ့လေသံ မာသွားသည်။ သူတို့နှစ်ယောက်ကို တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ အာသာ





စိတ်တွေ သိပ်လှုပ်ရှားနေမှန်း သူတို့ သဘောပေါက်မှာပါ။

"နင့်စိတ်ကိုငြိမ်အောင်ထားလိုက်ဟာ၊ ငါတို့ဆီမှာပဲ ခဏနေပေါ့။ ညနေလောက်ကျ စိတ်ပြေသွားတော့လည်း အိမ်ပြန်ပေါ့"

"အဲဒါကိုက ငါ့ကို နင်တို့နားမလည်တာ"

ဝီရနဲ့ရျာန်သော် တစ်ယောက်မျက်နှာကိုတစ်ယောက် ထပ်ကြည့်မိကြပြန်သည်။ အာသာက ဘာဖြစ်ချင်နေတာလဲ။

"ငါက နင်တို့နဲ့ပဲ တူတူနေဖို့ ထွက်လာတာ"

"ဘာ"

"ဘယ်လို"

သံပြိုင်အော်လိုက်သော အာမေဋိတ်သံများကြောင့် အာသာပင် လန့်ဖျပ်သွားသည်။

"နင်တို့နဲ့ပဲ ဒီတိုက်ခန်းမှာ တူတူနေမယ်လို့ ပြောတာလေ"

"အာသာ"

"ဘာလဲ ငါ့ကိုလက်မခံချင်ဘူးလား။ အေး ငါကတော့ နင်တို့လက်မခံလည်း တစ်နေရာရာမှာ သွားနေမှာပဲ၊ အိမ်တော့ပြန်ဖို့ စိတ်ကူးမရှိဘူး"

"ဟာ မဟုတ်သေးဘူး အာသာ၊ ငါတို့က နင်နေချင်တယ်ဆို လက်မခံနိုင်စရာ ဘာအကြောင်းမှမရှိဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်၊ ပြီးတော့ ငါတို့က တစ်ရပ်ကွက်တည်းသားချင်းတွေ"

"နင်တို့က ငါ့ကို နင်တို့နဲ့မတူဘူးဆိုပြီး ခွဲခြားခွဲခြား ဆက်ဆံတာလား။ အထီးတွေ အမတွေ ဒီနေရာမှာ ငါ့ကိုလာမခွဲပြနဲ့၊ ငါစိတ်မဝင်စားဘူး။ ခုလောလောဆယ် အိမ်မပြန်ဖို့ကတော့ ရာနှုန်းပြည့်သေချာတယ်"

အာသာ့ကို ဘယ်လိုမှပြောလို့ရမှာမဟုတ်မှန်း နှစ်ယောက်လုံး သဘောပေါက်လိုက်ကြသည်။ သူတို့က အတင်းအိမ်ပြန်လွှတ်ရင်လည်း အာသာ ပြန်မှာမဟုတ်။ တစ်နေရာရာ လျှောက်သွားနေမှာ ကျိန်းသေသည်။ သူတို့ဆီမှာခေါ်ထားလိုက်တာကမှ ဘေးကင်းလုံခြုံဆုံးမို့ သက်ပြင်းလေးတွေ ကိုယ်စီချလျက် ခေါင်းညိတ်သဘောတူလိုက်ရတော့သည်။

နောက်မှပဲ အေးအေးဆေးဆေး ပြောပြပြီး မီးစင်ကြည့်ကရတော့မည် ဖြစ်၏။

■ ■ ■



## အခန်း (၅)

အဖြစ်အပျက် စဆုံးကို ခုမှသိသော မင်းခန့်ကတော့ ဘာမှတ်ချက်မှ ဝင်မပေးဘဲ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

"မင်းကိုရော ဘာမှမဆူကြဘူးလား"

"ဆူတာပေါ့ကွာ၊ ဒါပေမဲ့ ငါက ယောကျာ်းလေးဆိုတော့ အာသာ့လိုတော့ ဘယ်စွဲချက်တွေ ပါမလဲ"

"အေးကွာ ငါလည်း အဲဒါပြောတာပေါ့၊ မေမေက တစ်ခါတလေ ကျ မဖိုက်ဘူး"

"ကိုယ့်အမေကို အဲဒီလို မပြောပါနဲ့ အာသာရာ"

မင်းခန့်ပြောတော့ အာသာက မျက်စောင်းထိုးကြည့်သည်။ ဘာမှတော့ ထပ်မပြောပါ။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင်အခု ဘာဆက်လုပ်မလဲ"

"ငါ ဒီကောင်တွေနဲ့နေမယ်လေ၊ ဒီနေ့တစ်ရက်တော့ အလုပ်ပျက်သွားတယ်၊ ဟိုကောင်တွေလည်း မသွားဖြစ်လိုက်ဘူး။ မနက်ဖြန်ကစပြီး ကိုယ့်အလုပ်ကိုယ်သွား ပုံမှန်လိုပဲပေါ့"

"နင့်ကို အဲဒါမေးတာ မဟုတ်ဘူးလေ၊ ဒီရပ်ကွက်ထဲမှာက တစ်ယောက်နဲ့တစ်ယောက် မခင်မင်ရင်သာနေမယ်၊ တစ်ယောက်အကြောင်း တစ်ယောက်ကတော့ တီးမိခေါက်မိပြီးသား မဟုတ်လား။ နင် ဒီကောင်တွေနဲ့ ဘယ်လောက်ကြာကြာ နေနိုင်မှာလဲ၊ တစ်ရက်ကွက်တည်းမှာ ဘယ်လိုမှ အဆင်မပြေဘူး အာသာ၊ နင် အဲဒါကိုလည်း ထည့်စဉ်းစားဦး"

ချက်ကျလက်ကျ ထောက်ပြသော မင်းခန့်စကားတွေ မှန်ကန်ပေမယ့် အာသာ့အတွက် ရွေးချယ်စရာလမ်းက ဘာမှမရှိ။ ဝီရတို့နဲ့တူတူနေလိုက်ဖို့သာ ရှိသည်။ ဒါကလွဲပြီး တစ်ယောက်တည်း တခြားနေရာမှာ သီးသန့်ခွဲနေဖို့က ချက်ချင်းကြီး ဘယ်လိုဖြစ်နိုင်မှာလဲ။

"အမေက စိတ်ဆိုးတုန်းခဏပြောတာပဲဟာ၊ ပြီးရင်လည်း စိတ်ပြေသွားမှာပေါ့၊ အခုလောက်ဆိုရင်တောင် ပြေနေလောက်ပါပြီ၊ နင်ကိုက သိပ်ပြီးခေါင်းမာလွန်းတယ် အာသာ"

"ငါခေါင်းမာတာ နင်ခုမှသိလား"

ခပ်စွာစွာ တုံ့ပြန်လျက် ဝရန်တာကို အာသာ ထထွက်သွားသည်။



မင်းခန့်နဲ့ ဘာစကားမှ ဆက်မပြောချင်တော့ဘူးဆိုသည့်သဘော။

"မပြောနဲ့တော့ မင်းခန့်၊ မင်း အာသာ့အကြောင်းလည်း မသိတာမဟုတ်ဘူး။ သူ ဆုံးဖြတ်ပြီးရင် ဘယ်တုန်းက ပြန်ပြင်နိုင်းလို့ ရလို့လဲ"

"ဟူး ငါတို့က ယောကျ်ားတွေပါ၊ ဘာမှမဖြစ်ဘူး၊ သူ့အတွက် ငါစိတ်ပူတယ်"

"မင်းတစ်ယောက်တည်းမဟုတ်ပါဘူး၊ ငါတို့လည်း သူ့အတွက် ပူတာပါပဲ၊ ဒီလိုပဲပေါ့၊ အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားရမှာပဲလေ"

■ ■ ■

"နင် အလုပ်ထွက်လိုက်တော့ အာသာ"

အလုပ်သွားရန် ပြင်နေသော အာသာ့ကို ဈာန်သော် လာပြောသော စကားက ထူးထူးဆန်းဆန်း။

"ဘာဖြစ်လို့ ငါက အလုပ်ထွက်ရမှာလဲ"

"ဟုတ်တယ် အာသာ၊ ဈာန်သော်ပြောတာ မှန်တယ်၊ အမေကလည်း ဒီရပ်ကွက်ထဲမှာ နင်ကလည်း ဒီရပ်ကွက်ထဲက ကောင်လေးတစ်သိုက်အိမ်မှာ၊ ပြီးတော့ ဒီရပ်ကွက်ထဲက မိနီမတ်မှာပဲ အလုပ်လုပ်နေတယ်ဆိုရင် အခြေအနေတွေက ဆိုးသထက်ဆိုးသွားနိုင်တယ်၊ ပတ်ဝန်းကျင်အမြင်ပေါ့"

"လာပြန်ပြီလား ဒီပတ်ဝန်းကျင်အမြင်ဆိုတာကြီး ငါက ငါမှန်တယ်

ဈေးတပေ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရင် ဘာကိုမှ ဂရုမစိုက်တတ်ဘူး''

''နင့်ကိုမှားတယ်လို့ ငါတို့ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့ နင်တကယ်တမ်း ငါတို့ဘက်က ရပ်တည်ပေးချင်တယ်ဆိုရင် ငါတို့စကားကို ဒီတစ်ခုတော့ နားထောင်ပေးပါ။ နင့်တစ်ယောက်လောက် တိုးလာလို့လည်း ငါတို့ ထမင်းမငတ်လောက်ပါဘူး''

''ငါစဉ်းစားကြည့်မယ်လေ''

ပြီးပြီးရော ပြန်ဖြေပြီး အဝတ်အစားဆက်လဲရန် ပြင်နေသော အာသာ့လက်တစ်ဖက်ကို ရျာန်သော်က လှမ်းဆွဲလိုက်သည်။

''အဲဒီအဝတ်တွေက ဆက်မလဲနဲ့တော့လေ''

''နင်တို့ကို စဉ်းစားမယ်ပဲပြောတာ၊ ငါဒီနေ့ အလုပ်မသွားဘူးလို့ တစ်ခွန်းမှမပြောဘူး''

''အာသာ ငါတို့အားလုံးအတွက် အကောင်းဆုံးဖြစ်ဖို့က နင်အလုပ်လည်းမသွားနဲ့ လောလောဆယ် ဘယ်မှလည်း မထွက်ဘဲ အိမ်တွင်းပဲ ပုန်းနေစမ်းပါဟာ''

ရျာန်သော့်ကိုကြည့်ရတာ စိတ်ပျက်လက်ပျက် ဖြစ်လာပုံရသည်။ မျက်နှာကြီးရှုံ့မဲ့လျက် သပ်သပ်ရပ်ရပ် ပုံသွင်းထားသော ဆံပင်များကို ထိုးဖွပ်နေ၏။

အင်းလေ အမှန်တော့လည်း သူတို့ပြောတာ မှန်ပါသည်။ ခဏ





လောက်ဖြစ်ဖြစ် အာသာ ငြိမ်နေလိုက်တာက ဒီအခြေအနေအတွက် အသင့်တော်ဆုံးပါပဲ။

''ကောင်းပြီလေ ဒါဆိုလည်း ငါဒီနေ့ အလုပ်မသွားဘဲ စဉ်းစားကြည့်ရသေးတာပေါ့''

လွယ်လွယ်နဲ့အလျှော့မပေးတတ်သည့် ထုံးစံအတိုင်း ခပ်တည်တည် ပြောလိုက်တော့မှ ဟိုနှစ်ယောက်မျက်နှာပေါ် အပြုံးတွေရောက်လာတော့၏။

''ဒါဆို ငါတို့သွားတော့မယ်''

''ငါ့သင်တန်းက နေ့လယ်ဆိုပြီးပါပြီ၊ နင့်အတွက် အဝတ်အစားနည်းနည်းပါးပါး ဝယ်လာပေးမယ်လေ''

''မလိုဘူး ပိုက်ဆံအပိုကုန်တယ်၊ နင်တို့ဟာတွေပဲ ယူဝတ်မှာပေါ့''

ရျာန်သော်က ပြောရခက်နေသော မျက်နှာပေးနှင့်

''မဟုတ်ဘူးလေဟာ ငါပြောတာက ဟို ဟိုဟာလေ''

ရျာန်သော် ဘာပြောချင်တယ်ဆိုတာကို အာသာ သဘောပေါက်ပြီ။ တော်တော်လည်း စေ့စေ့စပ်စပ် လိုက်တွေးပေးနိုင်တဲ့ကောင်။

''ရှုးနေလို့ နင်က ဝယ်လာပေးမှာလား။ ဝယ်စရာရှိ ငါ့ဘာသာငါ သွားဝယ်မှာပေါ့။ သွားတော့ ဘယ်လိုကောင်မှန်းကို မသိဘူး''

သူတို့ထွက်သွားတော့မှ အာသာတစ်ယောက်လည်း သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



လေးချလိုက်မိသည်။ အခြေအနေတွေကတော့ ဘယ်တုန်းကမှ ထင်မထား ခဲ့တာမျိုးတွေ ဖြစ်လာခဲ့ပြီ။ ရှေ့လျှောက် ဘာဆက်လုပ်ရင် ကောင်းမလဲ။ အာသာ ဒီအိမ်မှာရှိနေတယ်ဆိုတာ မေမေ မသိဘဲ နေမှာတော့မဟုတ်။ ဒါကြောင့် မနေ့က တစ်ညလုံး လိုက်မရှာခဲ့တာ အံ့ဩမိသည်။

■ ■ ■

သင်တန်းကနေ ရှာန်သော် ပြန်လာတော့ အာသာကြိုက်သော ကြေးအိုးဆီချက်တွေ ဝယ်လာခဲ့သည်။

"ရော့ နင်စားဖို့ဝယ်လာတာ၊ ဗိုက်ဆာနေပြီလား"

"အင်း ဆာနေပြီ၊ နင်ရော မစားဘူးလား"

"ဆောရီးဟာ နင် ဗိုက်ဆာနေမယ်ဆိုတာသိလို့ ငါလည်း မြန် မြန်ပြေးလာတာပဲ၊ ငါကတော့ မစားတော့ဘူး။ ဘော်ဒါတစ်ယောက်ပြုစုလို့ အမုန့်ဆွဲခဲ့တယ်"

"ဒါဆိုလည်း ပြီးရော" '

အဝတ်အစားများလဲပြီး ပြန်ထွက်လာသည့် ရှာန်သော်က ကြေးအိုး ဆီချက်စားနေသည့် အာသာ့ဘေးမှာ လာထိုင်ပြီး

"ငါ အလုပ်လုပ်ဖို့ သင့်တော်တာတစ်ခု တွေ့ထားတယ်"

"ဟုတ်လား ဘယ်မှာလဲ"

"နင်လုပ်နေတဲ့ မီနီမတ်မှာလေ၊ ငါက သင်တန်းချိန်တွေနဲ့လွတ်





အောင် ညဆိုင်းဆင်းမှာပေါ့ဟ ဟဲ ဟဲ"

"အကောင်းပြောနေတာမှတ်လို့ ရှာန်သော်ရာ၊ လာစားနေတယ်"

"မစားဘူး ငါအကောင်းပြောနေတာ"

"မလုပ်ရပါဘူး"

"ဘာဖြစ်လို့တုန်း"

"နင်တက်နေတဲ့ သင်တန်းက ဖော်ဒယ်သရုပ်ဆောင်သင်တန်း။ ညမအိပ်တဲ့ အလုပ်လုပ်ပြီး မနက်မိုးလင်းတော့ မျက်တွင်းဟောက်ပက်ဖြစ်နေ တဲ့ရုပ်နဲ့ နင်က သင်တန်းသွားချင်တာလား။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ နင့် သင်တန်းသာ နင်အေးဆေးတက်စမ်းပါဟာ၊ နင့်တာဝန်က မြန်မြန်နာမည် ကြီးအောင် လုပ်ဖို့ပဲ"

"ငါတို့ခရီးတစ်ခုလောက် ထွက်ကြမလား"

"မဖြစ်နိုင်တာဟာ ဝီရနဲ့မင်းခန့်က အလုပ်တွေရှိနေတာကို"

"ဟူး ဟုတ်တယ်နော်၊ တစ်ခါတလေတော့လည်း စိတ်မွန်းကျပ် နေသလိုပဲ၊ နင်တို့ကျောင်းတွေလည်း မတက်ရသေးခင် ငါတို့လေးယောက် တူတူ ခရီးသွားချင်လာတာ"

ရှာန်သော် ပြောမှ အာသာ့အတွေးထဲကို ကျောင်းတက်ရမည့် ကိစ္စ ဝင်ရောက်လာသည်။ ခုလိုပုံစံမျိုးနဲ့ အာသာ တက္ကသိုလ်တက်ဖို့ မဖြစ်နိုင်တော့ဘူးနဲ့ တူ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင် စိတ်ညစ်သွားတယ်မဟုတ်လား အာသာ"

အာသာ ဘာမှပြန်မဖြေဖြစ်။

"ကျောင်းက ငါတို့ အေးအေးဆေးဆေး တက်လို့ရပါတယ်ဟာ၊ စိတ်ညစ်စရာ မရှိပါဘူး။ နင်ရော တကယ်ပဲ ကျောင်းဆက်မတက်တော့ဘူးလား"

"ငါ့ဘက်လှည့်မလာပါနဲ့ အာသာရာ၊ ငါက အစတည်းက ကျောင်းဆက်တက်ဖို့ကို စိတ်ကူးမယဉ်ခဲ့ဘူး။ နင်နဲ့မင်းခန့်ကသာ ဒီနှစ် ကျောင်းတွေဖွင့်ရင် စတက်ဖို့ အားခဲထားကြတာ မဟုတ်လား"

"မင်းခန့်ကတော့ ဘာပြဿနာရှိမှာလဲဟ"

"အေးပေါ့ သူ့အိမ်နဲ့က အဆင်ပြေနေတာပဲ"

ကြေးအိုးဆီချက်ကို လက်စသတ်လိုက်ပြီး အာသာ နောက်ဖေး ဝင်ခဲ့သည်။

ဝီရလည်း အာသာတို့နဲ့တူတူ ဆယ်တန်းအောင်ထားတာလို့ ပြောဖူးတာ မှတ်မိနေသည်။ သူကျတော့ ဘာဖြစ်လို့ ကျောင်းတက်မယ့်ကိစ္စ စကားမစတာလဲ။ တကယ်ဆိုရင် ဝီရလည်း အာသာတို့နဲ့အတူ တက္ကသိုလ် တက်ဖြစ်ရင် ကောင်းမှာပါ။

ရှုပ်ပါတယ်လေ အာသာတို့လေးယောက်လုံးတူတူ ကျောင်းတက် ခွင့်ရရင် အကောင်းဆုံးပဲ။ လောလောဆယ်မှာတော့ အာသာတစ်ယောက်





တောင် ကျောင်းတက်ဖြစ်မလား မဖြစ်ဘူးလား မသေချာနိုင်သေးတဲ့ဘဝ။

ဒီရက်တွေမှာ အာသာတို့လေးယောက်ရဲ့ ဆုံမှတ်လေးက အရင်လို လမ်းဘေးလက်ဖက်ရည်ဆိုင် မဟုတ်တော့ဘဲ ဝီရတို့တိုက်ခန်းလေးမှာသာ ဖြစ်ခဲ့သည်။

"ဒီနေ့ တော်တော်ပင်ပန်းတယ်ကွာ"

ကိုယ့်ခြေထောက်ကိုယ်နှိပ်ရင်း မင်းခန့်က ညည်းညူသည်။ အာသာ မနေနိုင်တော့ဘဲ အကိုက်အခဲပျောက်လိမ်းဆေးဘူးလေး သွားယူပေးလိုက်၏။

"ရော့ ဒါလေး လိမ်းရင်လိမ်းထားလိုက်"

"အာ ငါမလိမ်းတတ်ပါဘူး"

"ငါလိမ်းပေးရမှာလား"

"ကောင်းသားပဲ"

"ခြော် တော်တော်ဖိမ်ယူတတ်တယ်နော်"

"ဟေး အာသာ ဒီကောင့်ကို ငါလိမ်းပေးလိုက်မယ် ပေး"

အာသာ့လက်ထဲမှာ ကိုင်ထားသော ဆေးဘူးကို ဝီရက လှမ်းယူလိုက်သည်။

"မလုပ်ပါနဲ့ဟာ နင်လည်းတစ်နေ့လုံး အလုပ်တွေလုပ်လာရတာ အေးအေးဆေးဆေး နားနေစမ်းပါ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

"ငါ့ဘက်တော့ လှည့်မလာနဲ့နော်၊ အဲဒီပရုတ်ဆီအနံ့တွေ ငါ မခံနိုင်ဘူး"

ဝီရက ရှာန်သော့်ဘက်ကို လှမ်းကြည့်ပြောလိုက်တာမို့ ရှာန်သော်က အရင်ဦးအောင် ခေါင်းတခါခါ လက်တစ်ခါခါ ငြင်းဆန်လိုက်သည်။

"ပြန်ပေးစမ်းပါ ဝီရရာ၊ ဒီကောင့်ကို ငါပဲလိမ်းပေးပါ့မယ်"

ဝီရ လက်ထဲက ဆေးဘူးကို အာသာ ပြန်ယူလိုက်ရင်း ခြေဆင်း ထိုင်နေသော မင်းခန့်ခြေသလုံးပေါ် ဆေးအနည်းငယ် သုတ်လိမ်းပေးလိုက် သည်။

"ငါဖက်ကြောတက်တတ်တာ နင်သိတယ် မဟုတ်လား မင်းခန့်"

စကားအဆုံးမှာ မင်းခန့်က မျက်စောင်းထိုးသည်။

"ငါသိတယ်၊ နင့်ဆီက အလကားတော့ ရမှာမဟုတ်ဘူးဆိုတာ"

"ဟဲ ဟဲ ဒါပေါ့၊ နင်က အရိပ်ပြရင် အကောင်မြင်သားပဲ"

သူတို့စကားကောင်းနေကြတုန်းမှာပင် တံခါးခေါက်သံ ထွက်ပေါ် လာသည်။ လေးယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိ ကြ၏။ သူတို့ဆီကို ဘယ်သည့်သည့်မှ လာလေ့လာထမရှိ။ အပြင်ကနေ လာစရာဆိုလို့ မင်းခန့်တစ်ယောက်သာ ရှိသည်။ ခုလည်း မင်းခန့်က သူတို့ မျက်စိရှေ့မှာ။





"ငါသွားဖွင့်လိုက်မယ်"

ရှာန်သော်က သွက်သွက်လက်လက်နှင့် ထသွားဖွင့်၏။ သူ့မျက် လုံးတွေ ပြူးကျယ်သွားသည်။ တံခါးရဲ့တစ်ဖက်မှာ ဘယ်သူရှိနေလဲ အခုထဲက လူတွေမသိရသေးပေမယ့် ရှာန်သော့်မျက်နှာကို မြင်နေရတာနဲ့တင် တစ်ခုခု မှားနေပြီဆိုတာတော့ သိလိုက်ကြသည်။

"ဟေ့ကောင် ဘယ်သူလဲကွ ရှာန်သော်"

"အာသာ အာသာ"

အိမ်ထဲကို လှမ်းဝင်လာသူကို မြင်လိုက်ရတော့ အားလုံး ပါးစပ် အဟောင်းသား။ မင်းခန့်ကို ဝုတ်တုတ်ထိုင်ဆေးလိမ်းပေးနေရာကနေ အာသာ ဆတ်ခနဲ ထရပ်လိုက်မိသည်။

"မေမေ"

"အာသာ အခု နင်ဘာလုပ်နေတာလဲ"

လက်ထဲမှာ ဆေးပုလင်းလေးကိုင်လျက်သား။ မင်းခန့်ကလည်း အာသာ့ရှေ့တည့်တည့်မှာ ခြေဆင်းထိုင်လျက်၊ ဒီမြင်ကွင်းကိုမြင်တွေ့သွား တော့မှ မေမေ့ထံမှ ဘယ်လိုစကားလုံးမျိုးတွေကို အာသာ မျှော်လင့်ထား မှာလဲ။

"ထားပါလေ နင့်သဘောနဲ့နင် အိမ်ကထွက်သွားခဲ့တော့ တခြား ဟာတွေလည်း ငါမမေးတော့ပါဘူး။ အခု ငါပြောစရာရှိလို့ လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး အန်တီ"

မင်းခန့်က ချိုချိုသာသာပြောတော့ မေမေက ပလပ်စတစ်ထိုင်ခုံလေးပေါ် ဝင်ထိုင်၏။

"ဘာပြောဖို့လဲ မေမေ"

ကြိုးစားပမ်းစား ပြောလိုက်သော်လည်း အာသာ့အသံကတော့ ချိုချိုသာသာ ထွက်မလာ။ ပိုက်ဆံအိတ်ထဲမှ သော့တွဲတစ်ခုကို ထုတ်ပြီး မေမေက အာသာ့ထံ ကမ်းပေးသည်။ ဒါ အိမ်ကထွက်လာတုန်းက အာသာ ထမင်ထားခဲ့သည့် အိမ်သော့တွဲပဲ။ မေမေ ဘာသဘောနဲ့ အာသာ့ကို ဒီသော့တွေ လာပေးနေတာလဲ။

ဘာမှန်းညာမှန်းမသိပေမယ့် အာသာ လှမ်းယူထားလိုက်သည်။

"ကုမ္ပဏီက ထူးချွန်တဲ့ဝန်ထမ်းတွေကို အော်စီမှာ သင်တန်းငါးလတက်ဖို့ လွှတ်တယ်၊ ငါက ကလေးတွေကိုအုပ်ချုပ်ပြီး လိုက်သွားရမှာ၊ မနက်အစောကြီးဖလိုက်နဲ့ သွားဖြစ်မယ်"

မေမေ ရောက်လာသည့်ရည်ရွယ်ချက်ကို အာသာ သဘောပေါက်ပါပြီ။

"ငါမရှိတုန်း အိမ်မှာပြန်နေချင်နေပေါ့၊ ကျောင်းတက်ဖို့ကိစ္စတွေလည်း အားလုံး စီစဉ်ပေးခဲ့တယ်၊ ဗီရိုထဲမှာလည်း လိုအပ်တာအားလုံး အဆင်ပြေအောင် ထည့်ပေးထားတယ်"





"မေမေ"

မေမေက ထိုမျှသာပြောပြီး နေရာမှ ထသည်။ ဝီရက တံခါးဝထိ လိုက်ပို့ပေး၏။ အာသာကတော့ နဂိုနေရာမှာပင် မလှုပ်မယှက် ရပ်နေမိသည်။

မေမေ့ကို လိုက်ပို့ပေးသော ဝီရက တော်တော်နှင့်ပေါ်မလာ။

"နင် ဘယ်လိုလုပ်မှာလဲ အာသာ"

"ငါက ဘာလုပ်ရမှာလဲ"

"နင့်မေမေက နင့်ကိုဂရုစိုက်ပါတယ်"

"မေမေ ငါ့ကိုဂရုစိုက်မှန်း ငါအစတည်းက သိပါတယ်၊ ငါ ခံစားရတာက ငါ့ကိုမယုံကြည်ပေးတာပဲ၊ ပြီးတော့ ငါလုပ်သမျှကို အဆိုးဘက်ကပဲ လိုက်ကြည့်နေတာ"

"နင့်ခံစားချက်ကို ငါ နားလည်ပါတယ်၊ အခု နင့်အမေက မနက်စောစောလေယာဉ်နဲ့သွားတော့မယ်ဆိုတော့ နင်ဘယ်လိုလုပ်မှာလဲ"

"ဘာလဲ ရှာနိုသော် ငါ့အိမ်ငါပြန်လို့ရပြီဆိုတော့ နင်တို့အတွက် အရှုပ်ထုပ်လျော့ပြီဆိုပြီး ဝမ်းသာသွားတယ်ပေါ့လေ"

"ဟာ နင်ဘယ်လိုများပြောလိုက်တာလဲ အာသာရာ"

"ဟား ဟား ငါက နောက်တာပါဟ"

မေမေ့ကို လိုက်ပို့ပြီး ပြန်လာသော ဝီရက အာသာ့ဘေးဝင်ထိုင်သည်။ သူ့မျက်နှာကိုကြည့်ရတာ တစ်ခုခုကို အတည်ပေါက်ပြောတော့မည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုး ဖြစ်၏။

"ငါတို့ နှင့်ကို ဘယ်လောက်ထိ သံယောဇဉ်ရှိတယ်ဆိုတာ နှင် သိတယ်နော် အာသာ"

"အေး သိတာပေါ့"

"အခု ငါပြောတဲ့စကားကိုလည်း နှင်နားထောင်ရမယ်"

"ဘာလဲဟ"

"နှင့်အိမ်နှင် ပြန်နေပါ၊ အရင်လိုပေါ့ဟာ"

အာသာ မျက်နှာပျက်သွားသည်။

"နှင်ပြောချင်တာက"

"အန်တီ့ကို ငါ နှင့်ကိုယ်စား တောင်းပန်ခဲ့တယ် အာသာ"

"ဟင် ဘယ်လို"

"ငါတို့ကြားက သံယောဇဉ်က ရှိုးရှိုးသားသားဆိုတာရယ်၊ နှင့် အပေါ်မှာ ငါတို့တွေ တကယ့်ကို ဖြူစင်စွာနေထိုင်တယ်ဆိုတာရော"

"အဲဒါတွေ နှင်ပြောတော့ ငါ့အမေက ယုံလိုက်ရောလား မဖြစ် နိုင်တာ ဟက် ဟက်"

အာသာ ခပ်လှောင်လှောင်လေး ရယ်မိသည်။ ဒီလို သံတူကြောင်း ကွဲစကားတွေကို အာသာ ကိုယ်တိုင်လည်း မေမေ့ကို အခေါက်ပေါင်းမရေ မတွက်နိုင်အောင် ပြောခဲ့ဖူးတာပဲလေ။ ဘယ်တုန်းကများ အောင်မြင်ခဲ့ဖူးလို့





လဲ။

"ယုံတယ် မယုံဘူးလို့တော့ မပြောပါဘူး။ ဒါပေမဲ့ နှင့်ကိုစောင့် ရှောက်ဖို့တော့ မှာသွားတယ်"

ဒီသူငယ်ချင်းတွေကို ဘယ်တော့မှ အထင်မကြီးဘဲ မယုံမကြည် ဖြစ်နေခဲ့သည့်မေမေက ဒီသူငယ်ချင်းတွေကိုပဲ အာသာ့ကိုစောင့်ရှောက်ဖို့ မှာသွားတယ်ဆိုတော့ အခြေအနေနည်းနည်း တိုးတက်လာတယ်လို့ သတ် မှတ်ရလေမလားမသိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီနေ့ အာသာနဲ့မင်းခန့် ကျောင်းသွားအပ်ကြသည်။ ဝီရနဲ့ရာန်သော်ကပါ ရောက်ဖူးတယ်ရှိအောင်ဆိုပြီး လိုက်လာကြ၏။

"ကဲ နင်တို့ကိစ္စတွေ ပြီးပြီဆိုတော့ ငါတို့ကိစ္စလေး စလိုက်မယ်"

ကျောင်းအပ်နှံရေးကိစ္စဝိစ္စတွေ အားလုံးပြီးစီးတော့ ရာန်သော်က မျက်နှာပြုံးစိစိနှင့် ပြောသည်။ အားလုံး ဇဝေဇဝါဖြစ်သွားကြ၏။

"ငါ နင်တို့ကို ပြောစရာရှိတယ်"

"ထူးထူးခြားခြားနဲ့ တူတယ်ပော့"

"ဒါပေါ့ ဟိုတစ်ခါက ငါလျှောက်ခဲ့တဲ့ပွဲ မှတ်မိတယ်မဟုတ်လား"

"မေ့စရာလားဟ"





"အေး အဲဒီကုန်ပစ္စည်းက ငါ့ကို သူတို့အမှတ်တံဆိပ်ကိုယ်စားလှယ်ခန့်အပ်ချင်တယ်ဆိုပြီး သင်တန်းမှာလာကမ်းလှမ်းတယ်ကွ၊ မသေချာသေးလို့ ငါမင်းတို့ကို မပြောတာ"

"ဒါဆို အခု"

"မနက်က မင်းတို့နဲ့တွက်မလာခင်လေး ငါ့ဆီဖုန်းဆက်ပြီး တရားဝင် ကမ်းလှမ်းလာပြီကွ"

ဒီရက်ပိုင်းတွေမှာ သူတို့အားလုံး ကျပ်တည်းခဲ့သလောက် အခုသတင်းကတော့ ရာန်သော်တစ်ယောက်တည်းအတွက်တင်မကဘဲ အားလုံးအတွက် ပျော်ရွှင်စရာသတင်းစကားတစ်ခု ဖြစ်ခဲ့သည်။

"ဒါဆို မင်းက သူတို့ပစ္စည်းအတွက် ကြော်ငြာတိုင်းမှာ မင်းပုံတွေပါနေမှာပေါ့"

"အေးပေါ့"

မို့အကြီးကြီးရထားသော မျက်နှာဖြင့် ရာန်သော်က ဖြေသည်။

"ရှိုးတစ်ပွဲပဲ လျှောက်ရသေးတဲ့ မင်းကို ဘရန်းကိုယ်စားလှယ်ခန့်တယ်ဆိုတာ နည်းနည်းတော့ ထူးဆန်းတယ်နော်"

"ဟုတ်တယ် မင်းခန့်၊ ကိုယ့်သူငယ်ချင်းအတွက် ဝမ်းသာပေမယ့် ငါလည်း နည်းနည်းတော့ ထူးဆန်းနေတာ"

"နင်တို့ကလည်း ဘာတွေလျှောက်ပြောနေမှန်းလဲမသိဘူး။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ရှာနီသော်က တော်လို့ကောင်းလို့ စမတ်ကျလို့ ရွေးခံရတာပေါ့၊ ဒါ ဘာထူးဆန်းလို့လဲ ဘာအံ့ဩစရာရှိလို့လဲ''

''အေးပါ အေးပါ ငါတို့ကလည်း ရှာနီသော့်ကို မကောင်းဘူး မတော်ဘူး မပြောပါဘူးနော်''

ဝီရက ခပ်မဲ့မဲ့ပြောသည်။ အာသာ့ကို ရွဲ့နေတာမှန်း သိပေမယ့် အာသာကတော့ ခပ်တည်တည်သာ။ ရှာနီသော်တော့ ဘယ်လိုနေတယ် မသိ၊ အာသာကတော့ ရင်ထဲကနေ လှုပ်လှုပ်ခတ်ခတ်နဲ့ကို ပျော်နေမိခြင်း ဖြစ်သည်။

''ဒီနေ့ နင်တို့စားချင်တာစားကွာ၊ ငါကျွေးမယ်''

''နင်က ဘာဖြစ်လို့ ကျွေးမှာတုန်း အာသာ၊ ကျွေးမယ့်ကျွေး အောင်မြင်တော့မယ့်ကောင်ကြီးက ကျွေးရမှာပေါ့''

''ဝီရ နင်ဟာလေ ရှည်ကိုရှည်တယ်နော်၊ ငါကျွေးကျွေး ရှာနီသော်ကျွေးကျွေး နင်စားရမှာပဲမဟုတ်ဘူးလား ငြိမ်ငြိမ်ကို မနေဘူးနော်''

''ဒီလိုဆိုတော့လည်း အာသာက ဒီနေ့ သိပ်ချစ်ဖို့ကောင်းနေပါလား ဟေ့''

ရှာနီသော်က အာသာ့ပခုံးကို လာဖက်ရင်း စပ်ဖြီးဖြီးနှင့်ပြောသည်။

''မေမေ ထားခဲ့တဲ့ မုန့်ဖိုးတွေက ငါ့အတွက်လုံလောက်ရုံတင်မကဘူး။ ပိုတောင်ပိုနေသေးတာလေ''



''ဒီလိုဆို ငါတို့ထောတာပေါ့နော်''

''ဒါပေါ့ အဲဒါကြောင့် နင်တို့စားချင်တဲ့နေရာကိုသွား။ စားချင်တာကို စား။ ငါရှင်းမယ်''

အဲဒီနေ့က သူတို့တွေ ပျော်ပျော်ရွှင်ရွှင် စားသောက်အချိန်ဖြုန်းခဲ့ပြီး အိမ်ပြန်ရောက်တော့ မထင်မှတ်ထားသည့် အဖြစ်အပျက်တစ်ခုက စောင့်ကြိုနေခဲ့သည်။

''ဒီ ဒီနေရာကို ဘယ်လိုသိတာလဲဟင်''

ဝီရတို့ ခုနစ်လွှာအခန်းလေးရဲ့ တံခါးဝရှေ့မှာ မတ်တပ်ရပ်နေသော လူကြီးတစ်ယောက်။ ပုံစံကတော့ တောင့်တောင့်ဖြောင့်ဖြောင့်နှင့် စမတ်ကျကျ။ ထိုလူကြီးကို မြင်လိုက်ရသည်နှင့် ဝီရမျက်နှာက အံ့ဩတကြီး ပြောင်းလဲသွားခြင်းဖြစ်သည်။

''ဒီနေရာကို ဖေဖေသိချင်ရင် မခက်ဘူးဆိုတာကို သား မသိသေးဘူးလား''

ကျန်သူငယ်ချင်းသုံးယောက်လုံး မျက်လုံးပြူးသွားသည်။ အဲဒီလူကြီးက ဝီရကိုကြည့်ပြီး သားလို့ခေါ်လိုက်သလို သူ့ကိုယ်သူလည်း ဖေဖေတဲ့။ ဝီရကတော့ မျက်မှောင်ကြီးကျုံ့လျက် စိတ်ရှုပ်ထွေးသလိုပုံ ဖြစ်နေသည်။ ခုနက တစ်လမ်းလုံး နောက်နောက်ပြောင်ပြောင်နှင့် ပျော်ရွှင်လာခဲ့သော ဝီရ မဟုတ်တော့။

www.burmeseclassic.com

www.burmeseclassic.com



ဝီရအဖေကို မျက်နှာချင်းဆိုင်ရပ်ပြီး လှေကားထစ်များတစ်လျှောက် လေးယောက်သား ကြောင်တောင်တောင်နှင့် ရပ်နေမိကြသည်။ ပထမဆုံး အသိဝင်လာကာ အိတ်ကပ်ထဲမှသော့ကို ထုတ်ဖွင့်လိုက်သူက ရှာန်သော်။

"အန်ကယ် အိမ်ထဲကြွပါခင်ဗျာ"

ရှာန်သော်က ဝီရအဖေကို တလေးတစား ဖိတ်ခေါ်လိုက်သော်လည်း ရှာန်သော့်ကို တွန်းတိုက်ကာ ရှေ့ဆုံးမှဝင်သွားသူက ဝီရကိုယ်တိုင် ဖြစ်နေသည်။ မိသားစုနဲ့အဆင်မပြေလို့ ရန်ကုန်ရောက်လာသော ဝီရတစ်ယောက် ခုလို အဖေကိုယ်တိုင်လိုက်လာတော့ ဘာတွေဆက်ဖြစ်ကြဦးမှာလဲ။ အာသာတို့တောင် ရင်တွေတုန်နေမိသည်။

"မင်းစိတ်ကို မလျှော့သေးဘူးလား သား"

"ကျွန်တော် ဘာကိုစိတ်လျှော့ရမှာလဲ ဖေဖေ၊ ဘာလဲ ဖေဖေတို့ ဆန္ဒကို လိုက်လျောဖို့လား"

"မင်းက မိသားစုမှာ အငယ်ဆုံးသား။ ဒီသားက ဖေဖေတို့ကို ဆိုးလို့ရလို့ ဆိုးနေတယ်လို့ပဲ ဖေဖေတို့က သဘောထားခဲ့တာ၊ ခုတော့ မင်းအိမ်ကထွက်သွားတာ လနဲ့ချီနေပြီ၊ တစ်ချက်လေးမှတောင် အဆက်အသွယ်မလုပ်ခဲ့ဘူး"

"ဖေဖေတို့ဖြစ်စေချင်တာကို သား မလုပ်ပေးနိုင်တဲ့အတွက် သား ခြေထောက်ပေါ် သားရပ်ဖို့ ဆုံးဖြတ်ထားတာပါ ဖေဖေ"





ဝီရ လေသံက နည်းနည်းမှမပျော့ပြောင်း။ သူတို့သားအဖ လွှတ်လွှတ်လပ်လပ် စကားပြောနိုင်အောင်လို့ သုံးယောက်သားလုံး အိမ်နောက်ဖေးမှာ စုဝေးထိုင်နေကြသည်။ ဒါပေမဲ့ အသံတွေကတော့ အတိုင်းသား ကြားနေရတာပေါ့လေ။

"ဝီရ အဖေ ကြည့်ရတာ တစ်ခုခုနဲ့တူတယ်နော်"

"နှင့်စကားက ဘာကြီးတုန်း မင်းခန့်ရဲ့"

"တစ်ခုခုဆိုတာက ဘယ်လိုပြောပြရမလဲ၊ သာမန်လက်လုပ်လက်စား လူတန်းစားထဲကနဲ့ မတူဘူး။ ဆွေကြီးမျိုးကြီးထဲကနဲ့ တူတယ်လို့ပြောတာ၊ မျက်နှာကျကလည်း ဝီရလိုပဲ ယောကျ်ားပီသတယ်"

"အင်း အဲဒါတော့ ဟုတ်တယ်နော်၊ ငါလည်း ဝီရကို သာမန်လူတန်းစားထဲက ငွေကြေးအဆင်မပြေလို့ ပြဿနာများပြီး ထွက်လာတဲ့သူလို့ ထင်နေတာ"

"ငါတို့အထင်နဲ့အမြင်တော့ တက်တက်စင်အောင် လွဲပြီပေါ့"

"လွဲလည်း လွဲချင်စရာပဲလေ၊ ဒီကောင်ကိုယ်တိုင်က ငါတို့ကို သူဘာဖြစ်လို့ အိမ်ကထွက်လာတယ်ဆိုတဲ့အကြောင်းရင်းမှန်ကိုမှ မပြောပြခဲ့ဖူးတာ"

တကယ်ဆို ဝီရက သူ နေထိုင်ကြီးပြင်းခဲ့သော မြို့ကိုတောင် သေသေချာချာ ပြောပြခဲ့ဖူးတာမဟုတ်။ မြန်မာပြည်အထက်ပိုင်း မြို့တစ်မြို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလောက်ပဲ အာသာတို့သိထားခဲ့ရတာ။ စိတ်ညစ်စိတ်ရှုပ်စရာတွေ ပြန်တွေးမိမှာစိုးသောကြောင့် အာသာတို့ကလည်း ထွေထွေထူးထူး ဘာမှ ထပ်မမေးမိ။

အင်းလေ တကယ်လည်း ဒါတွေက ခင်မင်မှုမှာ လိုမှမလိုအပ်ဘဲ၊ သူငယ်ချင်းအဖြစ် ပေါင်းသင်းဆက်ဆံနိုင်ဖို့မှာ စိတ်ဓာတ်လေးတစ်ခု ကောင်းနေရင် ပြီးပြည့်စုံပြီ မဟုတ်လား။

"အိမ်ပြန်လာခဲ့ပါ သားငယ်"

"ဟင့်အင်း ဖေဖေ၊ အခု ဒီဘဝလေးမှာ သားပျော်တယ်"

"ဘယ်ဘဝလဲ သား။ အပြင်မှာ တစ်နေကုန် အလုပ်လုပ်ပြီး ကျပ်ကျပ်တည်းတည်းနဲ့ အထပ်မြင့်မြင့်အိမ်ငှားနေရတဲ့ဘဝလား"

"ဖေဖေ ဘယ်လိုပြောပြောပါ သား အခုဘဝမှာ တူတူရှင်သန်နေရတဲ့စိတ်တူကိုယ်တူ သူငယ်ချင်းတွေနဲ့ပဲ နေချင်တယ်၊ ဖေဖေတို့အိမ်ပြန်လိုက်လာခဲ့ရင် သားမလုပ်ချင်တာကို လုပ်နိုင်းကြဦးမှာ မဟုတ်လား"

ကျောင်းတွေစတက်ရတော့မှာမို့ သူ့ကို မရမကလိုက်ပြီး ဖေဖေတို့ ခေါ်နေတယ်ဆိုတာ ဝီရ မှန်းဆလို့ရပါသည်။

"ဆရာဝန်တစ်ယောက်ဖြစ်ဖို့ကို သား ဒီလောက်တောင်ပဲ ခါးခါးသီးသီး ဖြစ်နေတာ ဖေဖေတော့ ဘယ်လိုစဉ်းစားစဉ်းစား နားမလည်နိုင်တော့ဘူး။ အိမ်မှာ မင်းအမေကလည်း မင်းထွက်သွားတည်းက တတွတ်တွတ်နဲ့





မင်းကိုပြန်ရှာပေးဖို့ပဲ ပြောနေတာ"

"ဒါပေမဲ့ ဖေဖေတို့ မရှာပေးခဲ့ပါဘူး။ အခုမှ ကျောင်းတွေတက်ရတော့မယ်ဆိုတော့မှ"

"မဟုတ်ဘူး သား။ မင်း ဖေဖေ့ကိုအထင်လွဲနေပြီ"

"သားက အထင်လွဲနေတာဆိုရင် ဖေဖေ အခုရောက်လာတဲ့ ရည်ရွယ်ချက်လေးကို သားသိအောင် ရှင်းရှင်းလင်းလင်း ပြောပြပါလား"

ဝီရအဖေက သက်ပြင်းတစ်ချက်ချသည်။ ပြီးမှ သူ့လာရင်း ရည်ရွယ်ချက်ကို တစ်လုံးချင်းပြော၏။

"သားဆန္ဒအတိုင်း တတ်ချင်တဲ့ဘာသာရပ်ကိုတက်ဖို့ ဖေဖေတို့ ခွင့်ပြုပါတယ်၊ ဆရာဝန်မဖြစ်ချင်ရင်လည်း အတင်းမတိုက်တွန်းတော့ပါဘူး ဟုတ်ပါတယ်လေ ဖေဖေတို့မိသားစုမှာ ဆရာဝန်သုံးယောက်တောင် ရှိနေပြီပဲ"

"ဖေဖေ ဖေဖေ တကယ်ပြောနေတာလား"

ဝီရ မယုံနိုင်လောက်အောင်ကို တအံ့တသြဖြစ်မိသည်။ ဖေဖေက သူ့ဆန္ဒအတိုင်း လုပ်ခွင့်ပြုတယ်တဲ့၊ ဒါ ဘယ်လိုမှ ထင်မထားသော အပြောင်းအလဲဖြစ်သည်။

"တကယ်ပြောနေတာ သား။ ဒါ့ကြောင့် ဖေဖေတို့ဆီကို အမြန်ဆုံး ပြန်လာခဲ့ပါကွာ၊ ဖြစ်နိုင်ရင် အခုတစ်ခါတည်းလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒါတော့ မဖြစ်ဘူး ဖေဖေ၊ ပြန်လာမယ်ဆိုရင်တောင် သားတောသား ပြန်လာခဲ့ပါ့မယ်၊ ဖေဖေပြန်နှင့်ပါ၊ ဒီမှာက အလုပ်လည်းရှိသေးတော့ အချိန်နည်းနည်းတော့ ယူရဦးမှာ"

"ကောင်းပြီလေ၊ ဒီလိုဆို သားမေမေအတွက် ဝမ်းသာစရာ သတင်းယူပြီး ဖေဖေ ပြန်ရမှာပေါ့နော်"

တကယ်တော့ ဝီရစိတ်ထဲမှာ ဘာကိုမှ ယတိပြတ်မဆုံးဖြတ်ရသေးပါ။ ဖေဖေ့ဘက်က ပြောင်းလဲပေးမှုအတွက်တော့ အံ့ဩကျေးဇူးတင်မိတာအမှန်။

ဖေဖေ ပြန်သွားတော့ နောက်ဖေးခန်းထဲ စုဝေးထိုင်နေသော သူငယ်ချင်းတွေဆီ

"မင်းတို့ ဘာထိုင်လုပ်နေကြတာတုန်း၊ ငါ့အဖေ ပြန်သွားပါပြီ"

သူ့ကိုဝိုင်းကြည့်နေကြသော အားလုံးရဲ့မျက်နှာတွေက လူထူးလူဆန်းတစ်ယောက်ကို မြင်နေရသလို၊ ဖေဖေနဲ့ပြောနေသော စကားများကို သူတို့လည်း ကြားပြီးခဲ့ကြမှာပေါ့။

"မင်းတို့ ငါ့ကိုအပြစ်တင်ချင်ကြတာလား"

ပြောရင်လည်း ခံရတော့မှာမို့ ဝီရ ခေါင်းကိုငုံ့ထားမိသည်။

"ဝီရ ပော့ကောင်"

မင်းခန့်က ထိုင်ရာမှထကာ ဝီရပခုံးကိုပုတ်လျက်





"မင်းက ဆေးကျောင်းမတက်ချင်လို့ ရန်ကုန်ကို ထွက်ပြေးလာတာတဲ့လား"

"ဟုတ်တယ်"

"လူတိုင်းလူတိုင်းက ဒီကျောင်းတက်ခွင့်ရရင် သိပ်ကိုဂုဏ်ယူပြီး ကြွားချင်ဝါချင်ကြတာလေ၊ မင်းကျမှ ထူးဆန်းလှချည်လားကွာ"

"ငါကိုက ဝါသနာမပါတာ ရှာန်သော်၊ ပြီးတော့ ငါ့ဖေဖေရော အစ်ကိုရော အစ်မရောက ဆရာဝန်ဖြစ်နေတဲ့ ဖြစ်လာမယ့်သူတွေ၊ ဒါကိုတောင် ငါကထပ်ပြီး ဆေးကျောင်းတက်ရဦးမယ်ဆိုရင် မမိုက်ပါဘူးကွာ၊ ငါ့ရှေ့ကနေ အစ်ကိုတွေအစ်မတွေ စာအုပ်နဲ့မျက်နှာမခွာရတာကို မြင်ရကြားရတော့ ငါတော်တော်စိတ်ပျက်နေတာလေ"

"ကောင်းရောကွာ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မင်းခန့်၊ ရှာန်သော်၊ အာသာတို့သုံးယောက်လုံးရဲ့မျက်နှာတွေ ပြုံတော့မယ့်နိုးလို အပျက်ပျက်အယွင်းယွင်း ဖြစ်နေသည်။ ဒီနေ့မှ မိုးကလည်း အုံ့နေလိုက်တာ မှိုင်းမှိုင်းညို့ညို့။

"မင်းကို ငါတို့ သိပ်သတိရနေမှာကွ"

ရှာန်သော်က မျက်ရည်များဝိုင်းကာ ပြောတော့ အာသာ မျက်နှာလွှဲနေမိသည်။

"ငါလည်း တူတူပါပဲကွာ"

"ဒီလိုဆို ငါတို့အရင်လို အမြဲမတွေ့နိုင်တော့ဘူးပေါ့"

သူငယ်ချင်းတွေရဲ့ မျက်နှာကိုကြည့်ရင်း ဝီရ ငိုချင်လာသည်။ ဆယ်ကျော်သက်အရွယ်များမို့ အပေါင်းအသင်းကို ခင်မင်တွယ်တာမိသည့်





နေရာမှာ တကယ့်နှင့်နှင့်နဲနဲ။ သူတို့တွေလည်း ဝီရလိုပါပဲ။ မျက်နှာတွေက ခုချက်ချင်းပဲ အော်ကြီးဟစ်ကျယ် ငိုချလိုက်တော့မည့်ပုံမျိုးတွေ။

ခုချိန်ထိ ဖြတ်သန်းလာရသော ဘဝမှာ ခဏတာတွေ့ခဲ့ရသည့် သူငယ်ချင်းတွေဆိုပေမယ့် ဘဝတစ်လျှောက်လုံး မေ့လို့ရတော့မှာမဟုတ်တာ သေချာသည်။

"ငါသွားတော့မယ်ကွာ၊ ဖုန်းတစ်လုံးရှိနေရင် အဆက်အသွယ်က တော့ အမြဲရှိနေမှာပါ၊ အားလပ်ရက်ရတာနဲ့ ငါ ရန်ကုန်ပြန်ဆင်းခဲ့မယ်၊ မင်းတို့လည်း အချိန်ရရင် ငါ့ဆီလာလည်ကြပေါ့"

ဝီရ ပါသွားသည့်ခရီးသည်တင်ကားကြီးကိုကြည့်ပြီး သုံးယောက်သား မှိုင်တွေကျန်ခဲ့ကြသည်။

"အိမ်မှာ ငါတစ်ယောက်တည်း ဖြစ်သွားပြီပေါ့ကွာ"

ရှာန်သော်က ဝမ်းနည်းပက်လက် ပြောသည်။

"ဘာပဲပြောပြော ငါတို့သုံးယောက်လုံး တစ်ရပ်ကွက်ထဲမှာ တူတူ ရှိနေကြပါသေးတယ်ကွာ"

"ဒါနဲ့ ရှာန်သော် အခုဆို ဝီရ မရှိတော့ဘူးဆိုတော့ နင်တစ်ယောက်တည်း အိမ်ငှားနေဖို့က အဆင်ပြေပါ့မလား"

"အင်း ငါအခု ဟိုရေမွှေးရဲ့ဘရန်းကိုယ်စားလှယ် ဖြစ်သွားပြီဆိုတော့ သိပ်တော့ပူဖို့မလိုတော့ဘူးလို့ ထင်တယ်၊ ကြော်ငြာပေါ့ ဘီလ်ဘုတ်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ဆက်တိုက်ရိုက်ရတော့မှာလေ”

“အင်းလေ ဟုတ်သားပဲ၊ ငါက အလကားသက်သက် စိတ်ပူနေတယ်၊ ငါတို့သူငယ်ချင်းက နာမည်ကြီးဖြစ်တော့မှာပဲဟာကို ဟား ဟား”

အာသာ ရယ်ရယ်မောမော ပြောလိုက်သည်။ ဝီရ ထွက်ခွာသွားလို့ စိတ်မကောင်းပေမယ့် ဒါဟာ ဆိုးရွားသွားမှာမှမဟုတ်တဲ့။ သူ့မိသားစုနဲ့အတူ သူ ဖြစ်ချင်တာတွေလည်း ဖြစ်ခွင့်ရတော့မှာမို့ အာသာတို့က ဝီရအတွက် ဝမ်းတောင်သာပေးသင့်သေးသည်လေ။

■ ■ ■

ကိုယ်ဝါသနာပါတာကို တစ်စထက်တစ်စ အောင်မြင်အောင် ကြိုးစားနေသည့်သူတွေ၊ ကိုယ်ဖြစ်ချင်တာကို စိတ်ပိုင်းဖြတ်ပြီး ဖြစ်မြောက်အောင် လုပ်နေသည့်သူတွေ၊ ဒီနှစ်တွေအတွင်းမှာ သူတို့လေးယောက် အတူတူ ရှိမနေနိုင်ခဲ့ပေမယ့် ဘဝကို တိုးတက်အောင်တော့ အကောင်းဆုံး ကြိုးစားနိုင်ခဲ့ကြသည်။

ဆယ်ကျော်သက်လေးတွေ မဟုတ်တော့ပေမယ့် သူတို့သံယောဇဉ်တွေက ခုချိန်ထိ ထုထည်ကြီးမားနေတုန်းပင်။ လွန်ခဲ့တဲ့ ခုနစ်နှစ်က မိသားစု ပြဿနာအသီးသီးနှင့် ပေါင်းစည်းမိခဲ့ကြသော သူတို့လေးယောက်က ခုချိန်မှာ ငွေကြေးကျပ်တည်းပြီး တစ်ယောက်လိုတာအတွက် ကျန်လူတွေက ဖြည့်ဆည်းပေးခဲ့ရသော အခြေအနေမျိုးတွေ မဟုတ်တော့။ ကိုယ့်ကိုယ်ပိုင်





လုံလောက်သောဝင်ငွေနှင့် ဘဝကို ဖြတ်သန်းနိုင်သူတွေ ဖြစ်ခဲ့ကြပြီ။

ဝီရ ထွက်သွားပြီးနောက်ပိုင်း ဈာန်သော်ကလည်း ဝင်ငွေကောင်းသည့် မော်ဒယ်တစ်ယောက် ဖြစ်လာခဲ့သည်။ တဖြည်းဖြည်းနဲ့ သူ ဖြစ်ချင်သော သရုပ်ဆောင်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တာ ခုဆို အောင်မြင်သည့် နာမည်ကြီးမင်းသားတစ်ယောက်တောင် ဖြစ်နေပေါ့။

ဖုန်းအဆက်အသွယ်အပြင် အင်တာနက်အီးမေးလ်အဆက်အသွယ်များဖြင့် ကြားသိနေရသော ဝီရအကြောင်းကလည်း အားတက်စရာပါ။ သူ့မိသားစု မတည်ပေးမှုဖြင့် သူကိုယ်တိုင် ဦးစီးလုပ်ကိုင်နေသော ကျန်းမာရေးစောင့်ရှောက်မှုစင်တာတွေ အထူးကုဆေးခန်းတွေက သူတို့မြို့လေးမှာ နာမည်အကြီးဆုံး ဖြစ်နေပြီ။

ကျောင်းပြီးတည်းက သင်္ဘောတက်သွားသော မင်းခန့်တစ်ယောက်ကိုတော့ သူတို့မဆုံဖြစ်တာ သုံးနှစ်ကျော်ခဲ့ပြီ။ သူကတော့ ဖြစ်ချင်ခဲ့သည့် ပရော်ဖက်ရှင်နယ်ဓာတ်ပုံဆရာတစ်ယောက် ဖြစ်မလာခဲ့ဘဲ သူ့အဖေခြေရာအတိုင်း သင်္ဘောလိုက်ဖို့ကိုသာ ဆုံးဖြတ်ခဲ့သည်။ ဝါသနာလေးက ပိုးမသေသည့်အလျောက် ရောက်ရာအရပ်မှာ ဓာတ်ပုံများရိုက်လျက် ကျန်သုံးယောက်ကို ပို့ပေးနေကျ ဖြစ်၏။

အာသာလား အာသာတစ်ယောက်ကတော့ ဟိုအရင်ကတည်းက ဘာလုပ်လို့လုပ်ရမှန်းမသိခဲ့သည့်အတိုင်း ခုထိလည်း ဘာဖြစ်ချင်လို့ ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



မှန်းကို ရေရေရာရာ မသိသေး။ မေမေက သူလုပ်နေသော ကုမ္ပဏီမှာပင် ရှယ်ယာပြန်ဝင်ထားပြီး ရုံးလုပ်ငန်းပိုင်းများကိုတော့ အာသာနှင့်လွှဲအပ်ထား၏။ မေမေကိုယ်တိုင် နေ့စဉ်ရုံးတက်နေစရာမလိုတော့တဲ့ အာသာက လက်ပြောင်း တာဝန်ယူလိုက်ခြင်းဖြစ်သည်။

"မေမေ အာသာရုံးသွားတော့မယ်နော်"

"အေး ကားကိုသတိထားမောင်းနော်"

"အာသာ သိပါတယ် မေမေရယ်"

မေမေက သက်ပြင်းချသည်။ အဲဒီလို အာသာ သိပါတယ်လို့ ပြောပြောပြီး ဝပ်ရှော့ရောက်ရသည့်ကိစ္စတွေက မနည်းတော့။ လျော်ကြေးပေးရသည့်ကိစ္စများကလည်း ကြိုကြားကြိုကြား ပေါ်လာတတ်သေး၏။ ဒီတော့လည်း အာသာ အပြင်ထွက်တော့မယ်ဆိုရင် မေမေတစ်ယောက် ရှိသမျှ ဘုရားစာပေါင်းစုံ ထိုင်ရွတ်နေတတ်သည်။

ဒီနေ့လည်း ကားပိတ်မှာစိုးသောကြောင့် စောစောစီးစီး ထွက်လာကာမှ စောစီးစွာပင် ကားကလာပိတ်နေသည်။ မိလိုက်သည့်မီးပွိုင့်ကလည်း ဖြတ်သမျှအားလုံးလိုလို။ နာရီကိုကြည့်လိုက်တော့ ရုံးတက်ချိန်ရောက်ရန် ဆယ်မိနစ်သာလိုတော့သည်။ ဒါတောင် အိမ်ကနေ လွန်ခဲ့တဲ့ တစ်နာရီတည်းက ထွက်လာခဲ့ခြင်းဖြစ်၏။

မီးစိမ်းနေတာကို လှမ်းမြင်နေရသော်လည်း ရှေ့ကကားက မထွက်





နိုင်သေး။ အာသာ စိတ်တိုလာသည်။ ဟွန်းကို အဆက်မပြတ်ဆောင့်တီးနေသော်လည်း အရာမရောက်။

"ခင်ဗျား ဘာလုပ်နေတာလဲ၊ ထွက်တော့လေ"

"မရဘူး ပွိုင့်ထိပ်နားမှာ အလုပ်ရှုပ်နေကြတယ်"

"ဟမ် ဘာအလုပ်ရှုပ်တာတုန်း"

"သိချင်ရင် ဆင်းကြည့်ပါလား"

အာသာ တကယ်ပင် ဆင်းကြည့်ပါသည်။ ရုပ်ရှင်ရှုတင်တစ်ခုတည်ထားခြင်းဖြစ်၏။ တိုနေသောစိတ်က ပိုဆိုးသွားသည်။ အဲဒီ လူအုံနေသော နေရာထိ ခပ်သွက်သွက်လေး လျှောက်သွားလိုက်ပြီး

"ဒီမှာ ရှင်က ရှုတင်မန်နေဂျာလား"

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့က ဒီအခန်းကို ခုလို ကားရှုပ်လူရှုပ် ကျပ်ပိတ်သိပ်တတ်တဲ့အချိန်ကျမှ ရိုက်လို့ရတာလား။ တခြားအချိန် မလုပ်တတ်တော့ဘူးလား။ ပြီးတော့ ဒီမီးပွိုင့်က နဂိုတည်းက လမ်းဆုံမို့ အသေကြာတတ်တဲ့နေရာ၊ အခုတော့ ခင်ဗျားတို့လုပ်တာနဲ့ လူတွေအားလုံး ဒုက္ခရောက်နေပြီ"

တရစပ် ပြောပစ်လိုက်သော စကားလုံးတွေအဆုံးမှာ ထိုလှအော ခေါင်းကုပ်၏။

"ညာဘက်ကြောကိုယူပြီး ဆက်မောင်းရင် ရပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ခင်ဗျားတို့လိုလူတွေကြောင့် ကျူပ်တို့ပြည်သူတွေအားလုံး ခံစားနေရတာ၊ စည်းကမ်းသတ်မှတ်ထားတဲ့အတိုင်း မနေနိုင်ကြတဲ့ဟာတွေ"

"မင်းကရော ဘာလဲ၊ ဘာမို့လို့ ငါ့ကို ဒါတွေလာပြောနေတာလဲ"

"ဘာတွေဖြစ်နေတာလဲ"

အာသာနဲ့ရှုတင်မန်နေဂျာတို့ အချေအတင်ဖြစ်နေကြစဉ် နောက်ဘက်ကနေ ကြားလိုက်ရသောအသံက သိပ်ကိုရင်းနှီးနေသည့်အသံ။

"ဟင် အာသာ"

အာသာ့ကိုမြင်လိုက်တော့ ဂျာန်သော့်မျက်နှာက ပြုံးချိုသွားသည်။ အာသာကိုယ်တိုင်လည်း ခုနက စကားအချေအတင်ကိစ္စကိုပင် မေ့လျော့သွားလျက်

"ဂျာန်သော် ဒါ နင့်ရိုက်ကွင်းလား"

"အေး ဆိုပါတော့၊ ငါကခုမှရောက်တာပါ၊ ဒီနေရာမှာ တစ်ခန်းပဲပါတာ၊ အဓိကက မင်းသမီးခန်း။ ဒါနဲ့ နင်ဘာတွေဖြစ်နေတာလဲ"

ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြနေတုန်းမှာပင် အဆက်မပြတ်တီးလိုက်သော ကားဟွန်းသံများကို နားကွဲမတတ်ကြားလိုက်ရ၏။

"မင်းကားကို တီးနေကြတာ၊ ငါတို့လည်း ရှုတင်ပြီးပြီ၊ မင်းရှေ့ကားတွေလည်း ထွက်ကုန်ပြီ၊ မင်းလုပ်လို့ တခြားသူတွေ ဒုက္ခရောက်တော့မှာပဲ"





ခနဲ့သလို ရွဲ့သလိုလာလုပ်နေသော ရှုတင်မန်နေဂျာဆိုသည့်လူကို ဒေါသနှင့်တစ်ချက်စိုက်ကြည့်လိုက်ရင်း အာသာ ကားဆီမြန်မြန်ပြန်ပြေးလာရ၏။ နောက်ကနေ ဂျာန်သော့်အသံက ကပ်ပါလာသည်။

"ငါ ဖုန်းဆက်လိုက်မယ်"တဲ့။

ခုနက စိတ်တိုနေသော ဒေါသတွေ ပျောက်ကွယ်နေသည်။ ဂျာန်သော့်ကို တွေ့လိုက်ရသောကြောင့် အာသာ့စိတ်တွေ ကြည်လင်သွား၏။ ဒီတစ်နေ့လုံး အလုပ်ထဲမှာလည်း ဘာစိတ်ရှုပ်စရာမှ မကြုံတွေ့ရသောကြောင့် လူက အလိုလို တက်ကြွနေသည်။

နေ့လယ်ထမင်းစားချိန်လောက်မှာပင် ဂျာန်သော့်ထံမှ ဖုန်းဝင်လာပြီး

"ငါ နင့်ကိုတွေ့လိုက်ရလို့ သိပ်ဝမ်းသာတာပဲ အာသာရာ"

"ငါလည်း တူတူပါပဲနော်"

"ငါတို့နှစ်ယောက် မဆုံဖြစ်တာ သုံးလကျော်ပြီနော်"

"အေးပေါ့ နင်က ဟိုဟိုဒီဒီတွေ လျှောက်သွားနေတာကိုး"

"ဟား ဟား နင်ကတော့ ပြောတော့မယ်၊ ငါက ကားရိုက်တွေဆက်နေတာ နင်သိရဲ့သားနဲ့"

"အောင်မယ်လေး သိပါတယ်နော်၊ ကျူပ်မှာ မအားတဲ့ကြားက နင့်ကားတွေထွက်ရင် အမြဲဝယ်သိမ်းထားပြီး ကြည့်ပေးနေတာပါ"

"အေးပေါ့ နင့်လိုအမာခံပရိသတ်တစ်ယောက်ရှိနေလို့လည်း ငါ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေတာလေ''

''သိရင် ပြီးရော''

''သိပါတယ်ဟာ အဲဒီ အမာခံပရိသတ်ကို ဒီက နာမည်ကြီးမင်းသားက ညစာကျွေးချင်လို့ ဖိတ်ချင်နေတယ်ဆိုရင် လက်ခံမလား မသိဘူး''

''ဘာလဲ ဒီညလား''

''အင်းပေါ့ ငါဒီည အားတယ်''

''လောလောဆယ်တော့ ဘာအစီအစဉ်မှ မရှိသေးဘူး''

ဒီနေ့ညတွေ့ကြဖို့ အာသာတို့နှစ်ယောက် ချိန်းလိုက်ကြသည်။ နှစ်ယောက်သား ဆုံဖြစ်တိုင်း ဓာတ်ပုံတွေရိုက်ပြီး ဟိုနှစ်ယောက်ဆီပို့နေကျ။ အဝေးရောက်နေသော နှစ်ယောက်ကို မရိုးမရွဖြစ်အောင် လှမ်းလှမ်းလုပ်ကြခြင်းဖြစ်၏။

''ငါတို့လေးယောက် နောက်ဆုံးဆုံဖြစ်တာ မင်းခန့်သဘော်မလိုက်ခင်နော်''

''အင်း ဟုတ်တယ် ဈာန်၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်ကပေါ့''

ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း အာသာ ကြိုက်သည့်ကော်ဖီပူပူလေးသောက်နေရတာ အရသာတွေ့နေတုန်းမှာပင် ဝီရထံမှ ဖုန်းဝင်လာခဲ့သည်။

''ဟေး ဝီရ အခု ငါဘယ်သူနဲ့ရှိနေလဲ နင်မှန်းကြည့်စမ်း''





''ဘယ်သူနဲ့ဖြစ်မလဲ၊ ဟိုမင်းသားကောင်နဲ့ မဟုတ်လား''

''ဟယ် နင်ဘယ်လိုသိသွားတာတုန်း''

''အာသာရယ် ရန်ကုန်မှာ နင်နဲ့တူတူရှိစရာ ဘယ်ကောင်များရှိလို့တုန်း''

''အောင်မာ ငါ့များ အထင်သေးလိုက်ကြတာ၊ နောက်မှ တစ်ကောင်ပြီးတစ်ကောင် ခေါ်လာပြလိုက်ဦးမယ် ဟွန့် ဘာမှတ်နေလဲ''

ထိုစကားကြောင့် တစ်ဖက်မှ ဝီရက တဟားဟား အော်ရယ်သည်။ ရှေ့တည့်တည့်မှာ ထိုင်နေသော ဈာန်သော်ကတော့ မျက်မှောင်ကြီးကျုံ့ကြည့်၏။

''ငါ နင့်ကို သတင်းကောင်းပြောမလို့''

''ဘာတုန်း''

''ရှေ့အပတ်ထဲမှာ ငါ ရန်ကုန်လာစရာရှိတယ်၊ အချိန်လည်းရတယ်''

''ဟွန့် Business man ကြီးက ထူးထူးဆန်းဆန်းပါလား။ အချိန်တွေဘာတွေ ရတယ်ဆိုပဲ''

''ငါတကယ်ပြောနေတာ၊ ရန်ကုန်မှာ ငါတို့ဆေးရုံတိုးချဲ့ဖို့ ငါစီစဉ်စရာရှိတာတွေ လာစီစဉ်မှာလေ''

''ဪ နောက်ဆုံးတော့လည်း အလုပ်ကိစ္စကြီးက တွဲလျက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာသေးတာကိုး''

''ဘယ်လိုပဲဖြစ်ဖြစ်လေဟာ နင်တို့နဲ့တွေ့ရဖို့က အဓိကမဟုတ်လား။ ဟိုကောင့်ကိုလည်း ပြောလိုက်၊ ငါတကူးတက ဆက်မနေတော့ဘူး''

ဝီရ ဖုန်းချသွားတော့ ရာန်သော်က ခုနကအတိုင်း မျက်မှောင်ကြီး ကျုံ့ကြည့်နေတုန်း။

''နင့်မျက်နှာကြီးကလည်း ဘာဖြစ်နေတာလဲ''

''နင်ခုနက ဝီရကို ဘာတွေပြောနေတာလဲ''

''သြော် ရှေ့အပတ်ထဲ ရန်ကုန်ကိုလာစရာရှိတယ်တဲ့၊ ဆေးရုံတိုးချဲ့ဖို့ဆိုပဲ၊ နင့်ဆီတကူးတက မဆက်တော့ဘူးတဲ့''

''အာ အဲဒီဟာကို ပြောတာ မဟုတ်ပါဘူး''

ရာန်သော်က မျက်နှာကြီးပိုရှုံ့မဲ့သွားလျက် ခေါင်းတွေလက်တွေပါ ခါသည်။

''အွန် ဒါဆို ဘာကိုပြောတာတုန်း''

''တစ်ကောင်ပြီးတစ်ကောင် ခေါ်လာပြမယ်ဆိုတဲ့ကိစ္စကိုပြောတာ''

သူ့ ပြောမှပင် အာသာ ဘာပြောလိုက်မိပါလိမ့်လို့ မနည်းပြန်အစဖော်ရ၏။

''နင်က အဲဒါကို စိတ်ဆိုးတာလား''

''အေး ဟုတ်တယ်၊ နင်က ဘယ်ကကောင်တွေကို ငါတို့ရှေ့



တစ်ကောင်ပြီးတစ်ကောင် ခေါ်လာမှာလဲ''

မလိုတမာသံတွေ ပြည့်နှက်နေသည့် ရာန်သော့်အသံက အူယားစရာကောင်းလှသည်။ ထို့ကြောင့်ပင် အာသာက ပို၍ရွဲ့သွားခြင်း ဖြစ်၏။

''ရှိတာပေါ့၊ ငါ့မှာလည်း ခေါ်လာပြစရာအကောင်တွေ၊ ဘာလဲ နင်က ကြည့်ချင်လို့လား''

မျက်နှာကို စပ်ဖြဖြလေးလုပ်ကာ အာသာပြောတော့ ရာန်သော် မျက်နှာ အကြီးအကျယ် ပျက်နေခဲ့ပြီ။

''ငါက နင့်အကောင်တွေကို ကြည့်ချင်စရာလား။ စိတ်လည်းမဝင်စားဘူး။ တွေ့လည်းမတွေ့ချင်ဘူး။ သိလည်းမသိချင်ဘူး''

ရှူးရှူးရှားရှား ဖြစ်နေသော ရာန်သော့်ပုံကိုကြည့်ပြီး အာသာ ရယ်ချင်စိတ် ထိန်းမရတော့ဘဲ တဟားဟား ရယ်မိတော့သည်။ နာမည်ကြီးမင်းသားနဲ့ အေးအေးချမ်းချမ်း တွေ့ဆုံနိုင်သည့် ဟိုတယ်သီးသန့်စားသောက်ခန်းလေးထဲမှာမို့ တော်တော့သည်။ အပြင်မှာသာဆို အာသာ့ရယ်သံကြောင့် ဘေးလူတွေ ဝိုင်းကြည့်ကြမှာ သေချာသည်။

''ဘာဖြစ်တာတုန်းဟ ဟား ဟား ဟား''

''တော်ပြီ အာသာ ပြန်မယ်''

ရာန်သော် တကယ်ပင် ထပြန်ဖို့လုပ်နေသောကြောင့် အာသာက လက်တစ်ဖက်ကို ပြန်ဆွဲချထိုင်ခိုင်းထားလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"သိမ်စိတ်တိုတတ်နေတယ် ဟုတ်လား"

"နင်ပြောတဲ့စကားကိုလည်း ကြည့်ဦး။ နင်ဟာလေ ငယ်ငယ်ကနဲ့ ကိုနည်းနည်းမှ မတူတော့ဘူး သိလား"

"ပြောကြည့်ပါဦး ငါက ဘာတွေမတူတော့ဘူးဆိုတာကို"

သူက အာသာ့ကို ခုမှစတွေ့သူလို တစ်ကိုယ်လုံးတစ်ချက် ခြုံကြည့်လိုက်သေး၏။

"ငယ်ငယ်ကဆို ငါ့အဝတ်အစားတွေ ဟိုကောင်တွေ အဝတ်အစားတွေယူဝတ်တယ်၊ နင့်မှာရှိတာတွေကလည်း ဘီရုပ်အပွကြီးတွေ ဘောင်းဘီတွေချည်းပဲ၊ ခုတော့ စကပ်နဲ့ မိန်းမဘာလောက်စ်နဲ့ ဒေါက်ဖိနပ်နဲ့"

မဲ့ကာရွဲ့ကာနှင့် တကယ်ကြီး မနှစ်မြို့သလို ပြောနေသော ရှာန်သော်ကြောင့် အာသာ ဘာလုပ်လို့လုပ်ရမှန်း မသိ။

"ဆံပင်ကလည်း အရင်လို ဂုတ်ထောက်လေးပဲ မဟုတ်တော့ဘူး။ ခါးလယ်တောင် ရောက်နေပြီ"

"နင်က အဲဒါကိုလည်း ကြည့်မရဖြစ်နေတာပဲလားဟင် ရှာန်သော်"

အာသာ အံ့ဩတကြီး ပြန်မေးမိသည်။

"ဆံပင်ရှည်တာလေးတော့ သဘောကျပါတယ်"

"ဟွန်း ခုနကတော့ မကြိုက်သလိုလိုနဲ့ ပြောနေပြီး"

"ငါ မကြိုက်ဘူးလို့ တစ်ခွန်းမှ မပြောပါဘူး။ နင့်ကို ငယ်ငယ်ကနဲ့



မတူတော့ဘူးလို့ပဲ ပြောတာ"

ဒီတစ်ခါတော့ အာသာ သက်ပြင်းလေးချသည်။

"ငါက ရုံးမှာ ရာထူးရှိတဲ့လူတစ်ယောက် ဖြစ်နေပြီလေ ရှာန်သော်ရယ်၊ ဟိုးအရင်တည်းကလည်း ငါက ယောက်ျားလျာတစ်ယောက် မဟုတ်တာ နင်တို့အသိဆုံး။ ခုလို ရုံးတက်ဘာတက်လုပ်နေရတဲ့အချိန်မှာ သူ့နေရာနဲ့သူ လိုက်လျောညီထွေဖြစ်အောင်တော့ ဝတ်ရစားရတာပေါ့၊ ငါ့ဟာငါ အဝတ်အစားတွေ ဘယ်လောက်ပြောင်းပြောင်းပါဟာ နင်တို့တွေအပေါ်ထားတဲ့ သံယောဇဉ်ကတော့ ဘယ်တော့မှ မပြောင်းပါဘူး။ ငါ့ကို ခုနကလို စကားမျိုး မပြောစမ်းနဲ့"

ရှာန်သော် ငြိမ်ကျသွားသည်။ အာသာ ပြောတာတွေကို သူနားလည်သဘောပေါက်မှာပါ။

"အာသာ"

"အင်း ပြောလေ"

မှန်ပြတင်းကနေ ဖြတ်မြင်နေရသော ပြည့်ခါနီးလမင်းကြီးကို သူက လှမ်းကြည့်ညွှန်ပြရင်း

"မိုးတွေတအားရွာနေတဲ့ ညလေးကို နင်မှတ်မိလား"

"မမှတ်မိစရာ ရှိမလားဟာ၊ ငါတို့အားလုံးအတွက် အမှတ်တရ ညလေးပဲကို"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက နှင့်ကို ခေတ်မီးနဲ့ထိုးမိတာ ငါတောင်းပန်ပါတယ်"

"ဟာ ရှာန်သော် နင် ငါ့ကိုလာနောက်နေတာလား"

ဆယ်ကျော်သက်ဘဝတုန်းက အဖြစ်ဆိုပေမယ့် ခုလိုကြီး ပြန်ကြားလိုက်ရတော့ အာသာ့မျက်နှာလေး ချက်ချင်းပင် ပန်းနုရောင်သမ်းသွားသည်။ ရှာန်သော်က ထိုမျက်နှာလေးကို ငေးကြည့်ရင်း

"ငါ အဲဒီနေ့တည်းက နင့်ကိုရင်ခုန်နေခဲ့တာ"

"ဘာ ဘယ်လို"

ပန်းနုရောင်ဖြတ်ပြေးနေသော မျက်နှာလေးက ချက်ချင်းပင် အနီရောင်စိုးရိမ်မှတ်သို့ ပြောင်းလဲသွားတော့မလို ဒေါသများဖုံးလွှမ်းသွားသည်။ ရှာန်သော် မြန်မြန်ဖြေရှင်းရ၏။

"ဟာ မဟုတ်ဘူး။ ငါပြောချင်တာ အဲဒီလို မဟုတ်ဘူး။ နင် ငါ့ကို အထင်မလွဲနဲ့နော် အာသာ၊ ငါပြောချင်တာက ငါမြင်လိုက်တွေ့လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် တခြားညစ်ညစ်ပတ်ပတ်စိတ်တွေနဲ့ ရင်ခုန်တာကို ပြောတာမဟုတ်ဘူး။ အဲဒီလိုဖြစ်သွားတဲ့အချိန်မှာ နင့်မျက်နှာလေး ရှက်နေတာကို ဖယောင်းတိုင်မီးအလင်းမှိန်မှိန်လေးနဲ့ ငါခံစားမိခဲ့တာ"

ရှာန်သော် ပြောနေသော စကားများကို အာသာ ပါးစပ်အဟောင်းသားမှင်မတက် ထူးဆန်းစွာ နားထောင်နေမိသည်။ အာသာကတော့ ဘာဆိုဘာမှမသိ။



"နင်မသိဘူးမဟုတ်လား"

"အေး မသိဘူး"

"မိန်းကလေးတွေနဲ့ အဆက်အစပ်မရှိလို့ ငါရင်ခုန်ခဲ့မိတာလို့ အဲဒီအချိန်တုန်းက ကိုယ့်ကိုကိုယ် သတ်မှတ်မိသေးတာ၊ ဒါပေမဲ့ အချိန်တွေ တဖြည်းဖြည်းကြာလာလေ ငါ့စိတ်တွေက ပိုနိုင်မာလာလေပဲ"

"နင် ငါ့ကို အခုဘာတွေပြောနေတာလဲဟင် ရှာန်သော်"

အာသာ ကြောင်တောင်တောင် ပြန်မေးမိသည်။

"ငါပြောနေတာတွေကို နင် တကယ်မသိသေးဘူးလား အာသာ၊ နားမလည်သေးဘူးလား။ ဒါမှမဟုတ် တမင် မသိချင်ယောင်ဆောင်နေတာလား"

"ငါ တကယ်မသိတာ"

"အေး ကောင်းရောဟာ"

ရှာန်သော် ကျွဲမြီးတိုသွားပုံနှင့် ဘာမှဆက်မပြောတော့ဘဲ ရှေ့မှာရှိနေသော ကော်ဖီခွက်ကို တစ်ကျိုက်တည်း မော့သောက်ချလိုက်သည်။

အာသာကတော့ သူ့ကို မသိနားမလည်နိုင်သော ဖြူစင်သည့်မျက်ဝန်းလေးများဖြင့် ထိုင်ငေးမောနေမိ၏။ ဒီရှာန်သော်တစ်ယောက် ထူးဆန်းဆန်းစကားတွေလာပြောနေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဝီရ ရောက်နေသည့်နေ့များမှာ သူတို့သုံးယောက် ညတိုင်းလိုလို ဆုံတွေ့ဖြစ်ခဲ့ကြသည်။ တစ်ခါတလေ လူရှင်းသော စားသောက်ဆိုင်မှာ၊ တစ်ခါတလေ ရာန်သော် တစ်ကိုယ်တည်းနေထိုင်သည့် ကွန်ဒိုတိုက်ခန်းလေးမှာ။

"မင်းကြောင့်ကွာ ငါတို့မှာ လမ်းဘေးက အစားအသောက်လေးတွေ စားချင်တာတောင် မစားနိုင်ဖြစ်နေပြီ"

ဝီရက ညည်းသည်။

"အရင်လို လမ်းဘေးထိုင် အကြော်စားလို့လည်းမရ၊ ဝက်သားတုတ်ထိုးနဲ့လည်း ဝေး။ ဟူး မင်းအောင်မြင်မှုကြီးက စိတ်ပျက်စရာကြီးပါကွာ"

"အောင်မယ် ငါ့ကျ မင်းအောင်မြင်မှုက စိတ်ပျက်စရာကြီးလေး





ဘာလေးနဲ့ မင်းကျတော့ရော သူငယ်ချင်းတွေကို တွေ့တာတောင် ရန်ကုန်မှာ အလုပ်ကိစ္စရှိမှ ရောက်လာတာ မဟုတ်ဘူးလား"

"ဟာ ငါက အဲဒါကတော့"

ဝီရ ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားတော့ ရာန်သော်က မဲ့ရွဲ့ပြသည်။

"နင်တို့ စကားနိုင်လုနေကြတော့မှာလား"

"မလုပါဘူး၊ ငါက ပြောပြတာ"

"နင်တို့ ပြောပြတာကလည်း ရန်ဖြစ်တော့မယ့်အတိုင်း"

"ငါက သူငယ်ချင်းတွေဆုံတိုင်း ငယ်ငယ်ကလို လျှောက်သွားလျှောက်စားချင်တာ၊ ဒီကောင့်မျက်နှာကြီးက လူမြင်လို့မရဘူးဖြစ်နေတော့ ဘယ်လိုလုပ်မလဲ"

"မသိရင် ငါက နွဲ့နေတာကျလို့"

"အေး နွဲ့နေရင်တောင် လူတွေက သိပ်ဂရုစိုက်မှာမဟုတ်ဘူး ခပ်ဝေးဝေးက ရှောင်သွားကြမှာ၊ အခုက မနွဲ့ဘဲ ဒီမျက်နှာမြင်ရင် လူအုံအုံလာလွန်းလို့ ခက်နေရတယ်"

ဒီတစ်ခါတော့ ရာန်သော်က မမဲ့တော့ဘဲ သဘောတကျရယ်သည်။ သူ ဖြစ်ချင်ခဲ့သည့်အောင်မြင်သော အနုပညာရှင်တစ်ယောက်အဖြစ် သူ တကယ်ပဲ ရပ်တည်နေနိုင်ခဲ့ပြီဆိုတော့ ဘဝက ကျေနပ်စရာကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက နောက်နှစ်ရက်ပဲ အချိန်ရတော့တာကို မင်းတို့နဲ့ ဒီလိုလေးပဲ အိမ်မှာငုတ်တုတ်ထိုင်တွေ့နေရတာတော့ မဟုတ်သေးပါဘူးကွာ"

"ဟော့ကောင်း ဝီရ မင်းသိပ်မညည်းနဲ့၊ ပြောလိုက် အခုပြော မင်းဘယ်သွားချင်လို့လဲ"

"အင်းစိန်က သရဲကြီးထမင်းကြော် သွားစားမယ်၊ ၄၅ လမ်းထိပ်မှာ ဘူးသီးကြော်စားမယ်၊ မော်တင်မှာ မုန့်ဟင်းခါးစားမယ် ပြီးတော့"

"ဟော့ကောင်း မင်းတစ်နေ့တည်းနဲ့တင် အားလုံးစားမှာလားဟင်"

"ဘာဖြစ်လို့လဲ သိပ်မှမများသေးတာ"

အဲဒီညက အာသာတို့သုံးယောက် ဆယ်ကျော်သက်အရွယ်တုန်းကအတိုင်း မုန့်တွေလျှောက်စားပြီး အနော်ရထာလမ်းတစ်လျှောက် ဟိုဆိုင်ဝင်ဒီဆိုင်ဝင်၊ ရျာန်သော် တစ်ယောက်ကတော့ ဆိုင်တစ်ဆိုင်ဝင်ထိုင်တိုင်း သူ့ကိုအမှတ်တရဓာတ်ပုံ ရိုက်ချင်သည့်သူများနဲ့ တွဲရိုက်လိုက် လက်မှတ်လေးထိုးပေးလိုက်ဖြင့် ဟုတ်နေသည်။

နည်းနည်းတော့ အနေခက်ပေမယ့် သူတို့ရဲ့အပျော်တွေကိုတော့ လုမယူနိုင်ခဲ့တာ သေချာပါသည်။ စားချင်တာတွေအားလုံး စားသောက်ပြီးသွားတော့ သူတို့ရဲ့အပိတ်က ကာရာအိုကေခန်းဆီသို့ ခြေလှမ်းပြင်သည်။ ထိုအချိန်မှာပဲ ရျာန်သော့်ဖုန်းလေးက မြည်လာ၏။ ဖုန်းကိုထုတ်ကြည့်လိုက်သော ရျာန်သော့်မျက်နှာက နည်းနည်းပျက်သွားသည်။





"ဘယ်သူလဲ ရျာန်သော်"

"ခဏလေးနော် ငါ ဖုန်းပြောလိုက်ဦးမယ်၊ အလုပ်ကိစ္စပါ"

ခပ်လှမ်းလှမ်းမှာ စကားပြောနေသော ရျာန်သော့်အသံကို မကြားရပေမယ့် ဟန်အမူအရာကတော့ အဆင်တပြေမရှိလှ။ တစ်ခုခုကို အချေအတင်ပြောနေရသည့်ပုံစံမျိုး ဖြစ်သည်။ ခုနကလို ပြုံးရွှင်ရယ်မောနေသည့်ပုံစံလည်း ပျောက်ကွယ်သွားခဲ့သည်။ သူ့မျက်နှာက အလွန်စိတ်ရှုပ်ထွေးနောက်ကျိနေဟန်။

"ဒီကောင် တစ်ခုခုပြဿနာတက်နေတာလား မသိဘူး"

ဝီရရဲ့ထင်မြင်ချက်ကို အာသာ ပခုံးလေးတွန့်ပြရုံသာ တတ်နိုင်သည်။ ရျာန်သော့်စိတ်ထဲမှာ ဘာတွေဖြစ်နေခဲ့တယ်ဆိုတာကို သူ မပြောဘဲ အာသာတို့ မမြင်နိုင်ဘူးလေ။ ဗိုအားများသော အလုပ်ကိုယ်စီလုပ်နေကြရသည့်သူတွေမို့ ကိုယ်စီကိုယ်စီ ဗိုအားလေးတွေလည်း ရှိနေမှာပေါ့။

ဖုန်းပြောပြီးသွားတော့ မျက်နှာအပျက်ပျက်နှင့် ရျာန်သော် ပြောလာသည့်စကားက

"ငါမင်းကိုတကယ် အားနာတယ် ဝီရရာ၊ ငါ အခုပြန်မှ ဖြစ်လိမ့်မယ်"

ဝီရက သက်ပြင်းလေးချသည်။

"မင်းတစ်ခုခုဖြစ်နေတာလား ရျာန်သော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းတို့ကို နောက်မှပြောပြမယ်ကွာ"

"ငါတို့ ကူညီလို့ရတာရှိရင် အချိန်မရွေးပြောနော်"

ခေါင်းသာညိတ်ပြနေသော်လည်း ရာနီသော့ပုံက အသက်မပါ။ လမ်းခွဲနှုတ်ဆက်ထွက်သွားသည့် သူ့ကျောပြင်ကိုကြည့်ပြီး ဝီရတို့လည်း စိတ်ထဲမှာ မတင်မကျတွေ ဖြစ်နေသည်။

အရင်တည်းက တစ်ယောက်ပြဿနာ တစ်ယောက် ကူညီဖြေရှင်းပေးနေကြမို့ ခုလိုမျိုး ရာနီသော် တစ်ခုခုဖြစ်နေတာသိလျက်နဲ့ ဝီရတို့ ဘာမှလုပ်မပေးနိုင်တာက အာရုံကိုနောက်ကျိစေတာတော့ အမှန်ပါပဲ။

"ငါတို့ ဘာဆက်လုပ်ကြမလဲ"

"ပြန်ကြတာပေါ့၊ ကာရာအိုကေခန်းက လူများမှ ပိုပျော်ဖို့ကောင်းမှာလေ"

ဒီညှ အာသာက ကားမယူလာသောကြောင့် ဝီရကပင် အိမ်ရှေ့ထိ လိုက်ပို့ပေးသည်။

"ဒီလမ်းတွေ အိမ်တွေတောင် တော်တော်ပြောင်းလဲကုန်ပြီနော်"

"အင်းပေါ့ဟ၊ နှစ်တွေကလည်း ကြာနေပြီပဲလေ"

"ငါတို့နေခဲ့တဲ့ တိုက်ခန်းလေး ရှိသေးလား"

"ပိုင်ရှင်ပြောင်းသွားတယ်လို့တော့ ကြားတယ်၊ ဘယ်သူတွေလဲတော့ မသိတော့ပါဘူးဟာ"





ကားပေါ်က မဆင်းသေးဘဲ အာသာတို့စကားဆက်ပြောဖြစ်ခဲ့ကြသည်။

"ငါ နင့်ကို ပြောရင်ကောင်းမလား စဉ်းစားနေတာလေး တစ်ခုရှိတယ် အာသာ"

"ဘာများလဲဟ"

"ရာနီသော့အကြောင်းပါ"

အာသာ စိတ်ဝင်စားသွားသည်။ ဝီရက အလေးအနက်မျက်နှာပေးမျိုးနဲ့ ရာနီသော့အကြောင်းပြောမယ်ဆိုတော့ သိချင်စိတ်များဖြင့် ရင်ထဲမှာ လှုပ်ခတ်နေ၏။

"ဘာများလဲဟ၊ နင်ကလည်း ပြောရင်ကောင်းမလား လုပ်နေသေးတယ်"

"ငါ့ဘက်က ရာနွန်းပြည့်မသေချာလို့လေ၊ အကြားတစ်ခုပဲရှိတာ"

"ကဲပါ ပြောမှာဖြင့်ပြော"

"လွန်ခဲ့တဲ့ တစ်လလောက်က ရာနီသော့ကို ငါတို့မြို့မှာ တွေ့လိုက်တယ်ဆိုပြီး ငါ့အသိတစ်ယောက်က လာပြောတယ်"

"မဟုတ်ဘူးဟ၊ ငါ့ကိုလာပြောတဲ့သူက ငါ့မိတ်ဆွေဟိုတယ်ပိုင်ရှင်၊ သူတို့ဟိုတယ်မှာ ရာနီသော်တည်းတာကို တွေ့လိုက်လို့ ပြောပြတာ၊ ငါတို့နှစ်ယောက်က သူငယ်ချင်းဆိုတာကိုလည်း သူ သိထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဝိရက ဆက်မပြောသေးဘဲ ခဏရပ်နေလိုက်သေး၏။ သူ့မျက်နှာက သိပ်ပြောချင်ပုံမရ။

"ပြောစမ်းပါ ဝိရရာ၊ ငါ့ကိုစိတ်မရှည်အောင် လာလုပ်နေတယ်"

"ရှာန်သော်က နှစ်ယောက်ခန်းမှာ တစ်ယောက်တည်း တည်းတာ မဟုတ်ဘူး အာသာ"

"ဘာ ဘယ်လို"

"အေး ဟုတ်တယ် သူတည်းတာက အသက်လေးဆယ်ကျော် လောက်ရှိမယ့် အမျိုးသမီးတစ်ယောက်နဲ့တဲ့"

"ဘယ်လိုကြီးလဲ ဘယ်က အသက်လေးဆယ်ကျော်အမျိုးသမီး လဲ"

"အေး သူ့ရဲ့ပထမဆုံးအလုပ်ကို နင်မှတ်မိလား"

"ဟာ မှတ်မိတာပေါ့၊ ရေမွှေးပစ္စည်း ရှိုးပွဲလျှောက်ရတာလေ၊ ပြီးတော့ ဘရန်းကိုယ်စားလှယ်ဖြစ်တယ်၊ အဲဒီ အခွင့်အရေးကြောင့်လည်း သူ အခု ဒီလိုအောင်မြင်နေတာပေါ့"

"အေး အဲဒီပိုင်ရှင်အမျိုးသမီးပဲ"

"ဟင် နင်ပြောတာက ရှာန်သော်က အဲဒီသူဌေးမနဲ့အတူ ဟိုတယ်မှာ တစ်ခန်းတည်းတည်းတယ်ပေါ့ ဒီလိုလား"

"အေး ဟုတ်တယ် အာသာ၊ ဒါပေမဲ့ ငါကိုယ်တိုင် မျက်စိနဲ့မြင်





တာမဟုတ်ပေမယ့် လာပြောတဲ့ ငါ့မိတ်ဆွေက ဟိုဟိုဒီဒီလျှောက်ပြောတတ်တဲ့လူမျိုးမဟုတ်တော့လည်း ခက်နေတယ်"

အာသာ ငြိမ်ကျသွားရသည်။ ဝိရ ပြောနေတာတွေသာ အမှန်တွေဆိုရင် ရှာန်သော် ဘာတွေလုပ်နေခဲ့တာလဲ။ ခုနက မျက်နှာအပျက်ပျက်နဲ့ ထွက်ခွာသွားရတဲ့ကိစ္စကရော ဘာများလဲ။ အာသာ့ရင်ထဲမှာ ပူလောင်လာသည်။

"ငါတို့ ဘာလုပ်ကြမလဲ ဝိရ"

"ငါတို့က ဘာလုပ်နိုင်မှာလဲ၊ သူကိုယ်တိုင်တောင် မသိစေချင်လို့ ဖုံးကွယ်ထားတဲ့ကိစ္စကြီးကို ငါတို့က ဘာသွားလုပ်ပေးလို့ရမှာလဲ အာသာရယ်"

သူတို့နှစ်ယောက်လုံး သက်ပြင်းလေးတွေကိုယ်စီ ချလိုက်မိကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အဲဒါ ကျွန်တော့်သူငယ်ချင်းတွေဗျ"

"မမ သိတယ် မောင်လေး"

ဒေါ်ထိပ်ထားခင်က သူမရှေ့မှာ မျက်စိပျက်မျက်နှာပျက်နှင့် ပေါက်ကွဲနေသော ရာန်သော်ကို မဲ့ပြုံးလေးနှင့် ပြန်ဖြေသည်။

"မမဆီကခွင့်ပြုချက်မတောင်းဘဲနဲ့ မင်းလမ်းဘေးတကာ လမ်းဘေးမှာ လျှောက်သွားနေတာ ဘာသဘောလဲ၊ မင်းတွေ့ချင်တဲ့သူကို အိမ်မှာ လွတ်လပ်စွာတွေ့နိုင်တယ်လို့ မမ ခွင့်ပြုထားသားပဲ၊ အခုတော့ မင်းနဲ့တွဲရိုက်ထားတဲ့ပုံတွေက ဖေ့စ်ဘွတ်ခ်မှာ ပျံ့နေတာပဲ"

"အဲဒါ ကျွန်တော့်မှာဘာအပြစ်ရှိလဲ မမ၊ မင်းသားလည်း လူပဲ၊ သာမန်လူတွေလို သွားချင်စားချင်တာတွေ ရှိတာပဲလေ၊ ပြီးတော့ ကျွန်တော်





ဘာကောင်မှမဟုတ်ခင်တည်းက တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမပြီးနေလာတဲ့ သူငယ်ချင်းတွေ"

"အေး မမ အဓိကပြောချင်တာလည်း အဲဒါပဲ၊ မင်းသူငယ်ချင်းတွေဆိုတဲ့ထဲမှာ ယောကျ်ားတွေတင်မကဘူး မိန်းကလေးတစ်ယောက်ပါနေတယ်၊ အခု မင်းတို့ပုံတွေက ပျံ့သွားတော့ လူတွေက ဘာပြောကြမလဲ၊ မင်းက သူ့ကိုအကြော်ခွံ့ကျွေးနေတာတွေ ဘေးနားထားပြီး ပွေးပွေးကပ်ကပ်ရှိနေတာတွေ"

"ကျွန်တော်တို့ ဟိုးအရင်တည်းက အဲဒီလို တရင်းတနှီး နေလာခဲ့တာပဲ မမ"

"အေး အရင်တုန်းက ဟုတ်ပေမယ့် အခု ငါပျိုးထောင်ပေးထားတဲ့ ဘဝမှာတော့ မင်းနေချင်သလိုနေခွင့်မရှိဘူး။ ဘယ်သူနဲ့မှလည်း ဘာကောလဟာလသတင်းမှ ထွက်တာမလိုချင်ဘူး ရှင်းလား"

ရာန်သော် ဘာမှပြန်မပြောနိုင်ဘဲ ဆိုဖာခုံပေါ် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။ ဒီလို မလွတ်လပ်သည့်ဘဝကို သူ ဘာဖြစ်လို့များ နှစ်ပေါင်းများစွာ ဖက်တွယ်ထားခဲ့မိတာလဲ။ သူ ရုန်းထွက်ဖို့ကျတော့လည်း နောက်ကျနေခဲ့ပြီမှန်း သိသည်။

"မနက်ဖြန်ညနေ ရိုက်ကွင်းပြီးရင် မမအိမ်ကို ဝင်လာခဲ့"

နောက်ဆုံးစကားကို သူ့နားနားကပ်လျက် ညင်ညင်သာသာလေး



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဒေါ်ထိပ်ထားခင် ပြန်သွားသည်။ သူလိုချင်သည့် အောင်မြင်မှုတစ်ခုကို အချိန်တိုအတွင်းမှာ ရှာဖွေပေးနိုင်ခဲ့သော ဒေါ်ထိပ်ထားခင်ကို ရှာန်သော်ဘာမှပြန်မပြောချင်။ သူ့ဘက်က ပေးဆပ်ထားခဲ့ရသည့် ဘဝနဲ့အချိန်တွေ။

သူငယ်ချင်းတွေကိုလည်း သူ နေထိုင်နေရသည့် တကယ့်ဘဝအမှန်ကို ထုတ်မပြောရဲ။ အားလုံးက သူ့ကိုလက်ညှိုးထိုးကဲ့ရဲ့ကြမှာ ကျိန်းသေနေတာပဲလေ။ အထူးသဖြင့်တော့ အာသာသိသွားမှာကို ရှာန်သော် သိပ်စိုးရိမ်မိသည်။ သူ့ရင်ထဲမှာ အာသာ့ကို သူငယ်ချင်းတစ်ယောက်ထက်ပိုပြီး သံယောဇဉ်တွယ်တာမိခဲ့တာ။ ဝီရ ရန်ကုန်မလာခင် အာသာနဲ့တွေ့ဖြစ်တုန်းကလည်း သူ့ခံစားချက်တွေကို တစ်စွန်းတစ်စ ဖွင့်ပြောပြခဲ့ပေမယ့် အာသာကနားမလည်မသိချင်ယောင်ဆောင်နေခဲ့သည်။

ဒါလည်းပဲ ကောင်းတော့ကောင်းပါတယ်လေ။ သူ့ရဲ့လူ့မရ လွှန့်မရ ဘဝကြီးထဲကို ဘယ်သူမှဝင်လာလို့မရမယ့်တူတူ သူ့ခံစားချက်တွေကို အာသာ နားမလည်တာကိုပဲ အကောင်းဘက်က တွေးရတော့မည်။

■ ■ ■



## အခန်း (၁၀)

"ခုတလော ငါ့သမီးကြည့်ရတာ တစ်ခုခုကို စိတ်ညစ်နေသလိုပဲ"

ဟုတ်တယ် ခုတလော အာသာ တစ်ယောက်တည်း ဘာတွေဝေးငိုင်နေမိမှန်းကိုမသိ။ အဖြေရှာတော့လည်း ဘာမှရေရေရာရာ ထောက်ပြစရာမရှိ။ ဝီရ ပြန်သွားပြီးတည်းကပင် ဖြစ်သည်။

"ဘာမှမဖြစ်ပါဘူး မေမေ"

"မေမေက အလုပ်ထဲမှာ တစ်ခုခုများ အခက်ကြုံနေသလားလို့ပါ"

ခုနောက်ပိုင်း မေမေ့ကိုအိမ်မှာပဲ ပြည့်ပြည့်ဝဝ အနားယူစေချင်သောကြောင့် အလုပ်ထဲမှာ ဘာဖြစ်ဖြစ် မပြောပြဖြစ်ခဲ့။ အာသာ့ဘာသာရအောင် ဖြေရှင်းသည်။ အခု အာသာ မျက်နှာပျက်နေတော့ မေမေ စိုးရိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်မေးလာခဲ့ပြီ။

"မဟုတ်ပါဘူး မေမေ၊ အလုပ်က ပုံမှန်ပါပဲ၊ ဘာမှထွေထွေထူးထူး ပြောရှင်းစရာမရှိပါဘူး"

"ဒါဆို မေမေ ပြောချင်နေတာလေး သမီးကို ပြောရဦးမယ်"

မေမေ ဒီလိုမျိုး ကျကျနန အစချီလာပြီဆိုရင်တော့ ကိစ္စက သေးသေးလေး မဖြစ်နိုင်။

"ဘာလဲ မေမေ၊ အလုပ်နဲ့ပတ်သက်နေတာလား"

"မဟုတ်ဘူး သမီး၊ မေမေ အခုပြောမှာက သမီးကိစ္စပါ"

မေမေ ပြောမှ အာသာ ပိုလို့နားရှုပ်သွား၏။ အာသာ့ကိစ္စဆိုတာ ဘာကိုဆိုလိုတာလဲ။

"သမီးကို အိမ်ထောင်ချပေးဖို့ မေမေ ဆုံးဖြတ်ထားတယ်"

"ဘယ်လို မေမေ"

အာသာ့မျက်လုံးတွေ ပြူးခနဲ ဖြစ်သွားသည်။ ဆိုင်းမဆင့်ဗုံမဆင့် ပြောချလိုက်သော မေမေ့စကားက ဘယ်လိုမှ ယုံနိုင်စရာမရှိ။

"မေမေ အာသာ့ကိုနောက်နေတာလား"

"မနောက်ဘူး အာသာ၊ မေမေ တကယ်ပြောနေတာ၊ မေမေတို့ အသက်တွေက ပြန်ငယ်နေတာမဟုတ်ဘူး။ တဖြည်းဖြည်းနဲ့ ကြီးကြီးသွားတာ၊ မေမေ မသေခင်မှာ သမီး ကိုယ့်အိမ်ထောင်လေးနဲ့ကိုယ် ကျန်ခဲ့တာ





ကို မြင်ချင်တယ်"

"ဟာ မေမေကလည်း ခုမှ မေမေ့အသက်ငါးဆယ်ကျော်လေးရှိသေးတာကို သေစကားတွေဘာတွေ မပြောပါနဲ့"

"သေမင်းက အသက်ငါးဆယ်ကျော်တာတွေ ခြောက်ဆယ်ကျော်တာတွေ တွက်ချက်နေလို့လား အာသာ၊ သူခေါ်ချင်ရင် ခုချက်ချင်းတောင်ခေါ်လို့ရတယ်၊ ဒါနဲ့ပတ်သက်ပြီး မေမေ့ကို စောဒက လာမတက်နဲ့၊ အခု မေမေဖြစ်စေချင်တာက သမီးကိုအိမ်ထောင်ရက်သားကျစေချင်တယ်၊ သမီး ဘာသာသမီးဆို လင်ယောကျ်ားမပြောနဲ့ ရည်းစားတစ်ယောက်တောင် ရမှာမဟုတ်ဘူး"

မေမေ့စကားက မှန်ကန်နေတော့လည်း အာသာ ငြင်းလို့မရ။ ဒါပေမဲ့ အာသာ အိမ်ထောင်မပြုချင်သေးတာတော့ သေချာသည်။ မိန်းမပီပီသသ လင်ယောကျ်ားကို ပြုစုပြီး အိမ်မှုတာဝန်တွေ ထမ်းဆောင်ဖို့ဆိုတာ အာသာ့အဖို့တော့ ကြီးလေးသော တာဝန်ဝတ္တရားကြီးတစ်ရပ်သာ ဖြစ်၏။

"အာသာ ယောကျ်ားမယူချင်သေးဘူး မေမေ"

"ဒီမှာ အာသာ၊ မေမေက သမီးကို ယူမလား မယူဘူးလား မေးနေတာမဟုတ်ဘူး၊ မေမေ အာသာ့ကို အိမ်ထောင်ချပေးမယ်၊ အဲဒါကို လက်ခံလိုက်ဖို့ပဲ"

"ဟာ မဖြစ်နိုင်ဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ အာသာ၊ မေမေ့မိတ်ဆွေဦးကျော်နိုင်ရဲ့သားလေး မောင်သူရကျော်စွာနဲ့ သမီးကိုနေရာချထားပေးဖို့ မေမေတို့ လူကြီးချင်းစကားပြောထားတယ်၊ အဲဒါ ထမင်းစားဖိတ်ပြီး တစ်ယောက်ကို တစ်ယောက် လေ့လာလို့ရအောင် မေမေ လုပ်လိုက်မယ်"

"အာ မေမေကလည်း အာသာ တကယ်အိမ်ထောင်မပြုချင်သေးဘူးနော်၊ တကယ်ပြောနေတာ"

"ပြန်မပြောနဲ့တော့ အာသာ၊ မေမေက ကောင်းစေချင်လို့ စီစဉ်တာကို ညည်း ဘာမှ ဟိုဟိုဒီဒီတွေ ခေါင်းခါမနေနဲ့၊ ဒီတစ်ပတ်ဝိတ်ရက်ကျရင် သူတို့မိသားစုကို အိမ်မှာထမင်းစားဖိတ်မယ်၊ အဲဒီနေ့ ဘယ်အကြောင်းပြချက်နဲ့မှ အိမ်ကထွက်ဖို့ မစဉ်းစားနဲ့"

"တကယ်ကြီးလား မေမေ"

"ဟုတ်တယ် အာသာ၊ တကယ်စီစဉ်တော့မှာ"

စိတ်မြန်သော မေမေက ချက်ချင်းပင် ဖုန်းကိုကောက်ကိုင်ပြီး အဲဒီ ဦးကျော်နိုင်ဆိုသူထံ ဖုန်းခေါ်တော့သည်။ ရယ်ရယ်မောမောနှင့် ပြောနေကြသောစကားတွေကို အာသာ ဆက်နားမထောင်ချင်တော့သောကြောင့် ဆောင့်ဆောင့်အောင့်အောင့်နှင့်ပင် အိပ်ခန်းထဲဝင်လာခဲ့လိုက်သည်။

ရုတ်တရက်ကြီး ထဖြစ်လာသည့်အခြေအနေကို ဘယ်လိုဖျက်ဆီးပစ်ရမှန်းလည်း မသိ။ စိတ်ညစ်လိုက်တာဆိုတာလည်း ပြောစရာစကားကို





မရှိသလောက်။

မေမေ ဘာစိတ်ကူးနဲ့ အာသာ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်တာလဲ။ တကယ်ဆို အာသာ့အသက်က ခုမှ နှစ်ဆယ့်ငါးနှစ်ကျော်ရုံ လေးသာရှိသေးတာလေ။ အလုပ်လုပ်လို့ ကောင်းတုန်း။

ပြီးတော့ တစ်သက်လုံးကမှ နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်း မရှိခဲ့သည့် အာသာက ယောကျ်ားတစ်ယောက်နဲ့ လင်လိုမယားလို နေရမတဲ့လား။

စိတ်ပျက်ဖို့ ကောင်းလေစွ။

■ ■ ■

"ငါ ပြန်ရောက်နေပြီ အာသာ"

ဝရန်တာမှာ ချထားသည့်ကြိုးကိုဆွဲပြီး အိမ်အောက်ကနေ အော်ပြောနေသူကို မြင်လိုက်တော့ အာသာ ဝမ်းသာလုံးဆို့သွားသည်။

"အောက်ဆင်းခဲ့"

အဝတ်အစားတောင် မလဲနိုင်တော့ဘဲ အာသာ အပြေးအလွှားနှင့် အောက်ရောက်သွား၏။

"ကြည့်စမ်း နင် ငါတို့ကို ကြိုတင်တောင် အကြောင်းမကြားဘူးနော်"

"နင်တို့ကို အံ့သြသွားအောင်လို့လေ"

www.burmeseclassic.com



တကယ့်ယောကျ်ားကြီးတစ်ဦးလို သန်သန်မာမာနှင့် ပိုပိုယောကျ်ားဆန်လာသည့် မင်းခန့်က အာသာ့ကို အပြုံးချိုချိုလေးနှင့် ပြောသည်။

"တစ်နေရာရာ သွားမယ်လေ"

"ခဏလေး ငါ အဝတ်တက်လဲလိုက်ဦးမယ်၊ နင့်ကိုမြင်လိုက်တော့ ဝမ်းသာလုံးဆို့ပြီး ပြေးဆင်းလာတာ"

ဝေးဝေးလံလံတော့ မသွားဖြစ်ဘဲ အာသာ့ကားလေးနှင့်ပင် ကန်တော်ကြီးထဲမှ ဆိုင်တစ်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

"ကဲ ပြောပါဦး ငါ့ကို ရုတ်တရက်ကြီးမြင်လိုက်တော့ နင် အံ့သြမသွားဘူးလား"

"အံ့သြပါတယ် အံ့သြပါတယ် ကျေနပ်ပြီလား"

"ဟား ဟား ဒါပေါ့ ညကျရင် ဟိုကောင် ရှာန်သော့်ကိုလည်း အံ့သြအောင် လုပ်ရမယ်"

ရှာန်သော်ဆိုတော့ အာသာ့မျက်နှာ ချက်ချင်းပင် ပျက်ယွင်းသွားသည်။

"နင့်မျက်နှာက ဘာဖြစ်သွားတာလဲ"

"ဟူး ငါ ရှာန်သော့်ကို တွေးမိသွားလို့ပါ"

"ရှာန်သော့်ကိုတွေးမိတာနဲ့ နင့်မျက်နှာကြီးက ဘာဖြစ်တာတုန်း"

ဘာမှမသိသေးသော မင်းခန့်က မျက်မှောင်ကြီးကျုံ့ပြီး မေးသည်။





"ဘာလဲ ဒီကောင်က နာမည်ကြီးမင်းသားဖြစ်သွားတော့ ငါတို့ကို မဆက်ဆံချင်တော့လို့လား"

"အာ မဟုတ်ပါဘူးဟာ၊ နင်ကလည်း အရေးထဲ လျှောက်ပြောနေတယ်"

"မသိဘူးလေဟာ၊ နင့်မျက်နှာက အပျက်ကြီးပျက်နေတာကိုး"

"ဟူး နင့်ကိုလည်း ပြောပြရမှာပါပဲလေ၊ ဒီလိုဟာ သူ့ကိုစင်ပေါ်စတင်ပေးခဲ့တဲ့ ရေမွှေးလုပ်ငန်းရဲ့သူဌေးမ ဒေါ်ထိပ်ထားခင်နဲ့ ရှာန်သော်ရဲ့ ပတ်သက်မှုက သာမန်မဟုတ်ဘူး"

"ဘယ်လို ဘယ်လို"

"အေး ငါတို့လည်း နင့်လိုပဲ အံ့သြခဲ့ရတယ်၊ ဒါပေမဲ့လည်းလေ တကယ်တမ်းကျတော့ အံ့သြစရာလည်း မဟုတ်ပါဘူး။ သူက အချိန်တိုလေးအတွင်းမှာ သိပ်အောင်မြင်နာမည်ကြီးချင်ခဲ့တာလေ"

"နေပါဦး အာသာရဲ့၊ နင်ပြောချင်တာက ငါတို့ရှာန်သော်က အဲဒီ အမျိုးသမီးနဲ့ တွဲနေတာလား"

"အေး ငါစုံစမ်းလို့ရသလောက်ကတော့ သေချာတယ်၊ သူတို့ အသိုင်းအဝိုင်းလောက်ပဲ သိထားသေးပေမယ့် ဒီလိုသတင်းဆိုတာ အမြန်ဖြည်းနဲ့ လူထုကြားထဲရောက်လာတတ်တာမျိုး မဟုတ်လား။ ငါတော့ သူ့အတွက်စိုးရိမ်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ညကျရင် သူ့ဆီသွားမယ် အာသာ"

■ ■ ■

မင်းခန့်က အာသာ့ကိုအံ့ဩအောင် လုပ်ခဲ့သည့်အတိုင်း ရျာန်သော့် ဆီသွားတော့လည်း သူတို့တွေ ဖုန်းကြိုမဆက်ဖြစ်ခဲ့။ ဒါကပဲ သူတို့ကို ဖုံးကွယ်ထားသော အဖြစ်မှန်တွေအား သိရှိခွင့်ရစေခဲ့ခြင်း ဖြစ်သည်။

ရျာန်သော်တစ်ယောက်တည်းနေသော ကွန်ဒိုတိုက်ခန်းလေးကို ရောက်သွားချိန်မှာ ညခုနစ်နာရီကျော်လောက်ရှိနေပြီ။ နှစ်ယောက်သား ဘဲလ်နှိပ်ရန် ပြင်နေဆဲမှာပင် အခန်းတံခါးလေးက ချပ်ခနဲ ပွင့်လာသည်။ အာသာတို့နှစ်ယောက် မြန်မြန်ဆန်ဆန်ပင် အကွယ်တစ်ခုမှာ ပုန်းနေလိုက်၏။

အခန်းထဲမှ ထွက်လာသူက ဒေါ်ထိပ်ထားခင်။ အသက်လေးဆယ် ကျော်ဆိုပေမယ့် ပြင်ဆင်ခြယ်သထားတာကတော့ တကယ့်ကို အပျိုပေါက် လေးတွေ ရှုံးလောက်သည်။ စမတ်ကျကျ ဝတ်စားထားလျက် အမြဲတမ်းလို လို လှပပြုံးရွှင်နေတတ်သော ဒေါ်ထိပ်ထားခင်တစ်ယောက် အခုလည်း ရျာန်သော့်ကို ရက်ရောသောအပြုံးများဖြင့် နှုတ်ဆက်နေ၏။

သူမ လက်တစ်ဖက်က ရျာန်သော့်ခါးကို ဖက်လျက် နောက်ဆုံး အကြိမ် နှုတ်ဆက်သည့်အနေနဲ့လားမသိ ရျာန်သော့်နဖူးကို ခြေဖျားထောက် လျက် တစ်ချက်နမ်းရှိုက်လိုက်သေးသည်။ ပြီးမှ ဓာတ်လှေကားရှိရာဘက်ဆီ ထွက်ခွာသွား၏။





"ရျာန်သော်"

အာသာ လှမ်းခေါ်ထားသည့်ကြားကပင် မင်းခန့်က အိမ်ခန်းရှေ့ တည့်တည့်ရောက်သွား၏။ တံခါးဆွဲပိတ်ရန်ပြင်နေသော ရျာန်သော် ကျောက် ရုပ်တစ်ရုပ်လို ငြိမ်သက်သွားသည်။ နိုင်ငံခြားသဘောတစ်စီးပေါ်မှာ ရှိနေရ မည့် မင်းခန့်က သူ့အိမ်ရှေ့တည့်တည့်ရောက်နေလို့ အံ့ဩသွားတာလား။ ဒါမှမဟုတ် သူ ဖုံးထားသည့်အဖြစ်အပျက်များကို သိသွားပြီလို့ ထင်သော ကြောင့် အံ့ဩသွားခြင်းလား။ ဝေခွဲရခက်သည့် ဟန်ပန်တစ်ခုလည်း သူ့ မျက်နှာထက်မှာ နေရာယူထားသည်။

"မင်း မင်းတို့"

"ဟုတ်တယ် ရျာန်သော်၊ ငါ ဒီနေ့မနက်အစောကြီး ပြန်ရောက် တာ၊ မင်းကို အံ့ဩစေချင်လို့ ဖုန်းမဆက်ဘဲ ရောက်လာမိတယ်ကွာ ဆောရီး ပါ"

မင်းခန့်က ခပ်တည်တည်ပြောသည်။ ရျာန်သော်က အိမ်ထဲဝင်ဖို့ ခေါ်၏။ ဧည့်ခန်းမှ အိစက်နေသော ဆိုဖာခုံများမှာထိုင်ပြီးလို့ တော်တော် ကြာသည့်ထိ သူတို့သုံးယောက် ဘာမှမပြောဖြစ်ကြသေး။ အားလုံးက တစ် ယောက်ယောက်စကားစပြောမှာကို မျှော်လင့်နေပုံမျိုး။ ဘယ်သူကမှ စ မပြောတော့ သူတို့ထိုင်ဝိုင်းလေးသည် တိတ်ဆိတ်ခြောက်ကပ်နေတော့၏။

မိနစ်တွေ တော်တော်ကြာတော့မှ ရျာန်သော်က နည်းနည်းလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားလာသည်။ တကယ်မဆိုးချင်ပါသော ချောင်းကို တစ်ချက်နှစ်ချက် ဟန့်သည်။

"မင်းတို့ ဘာစားကြမလဲ၊ ဘာသောက်ကြမလဲ"

"ငါတို့ စားလည်းမစားချင်ဘူး။ သောက်လည်းမသောက်ချင်ဘူး ရှာန်သော်၊ ငါတို့ ခုနက မြင်လိုက်ရတာ ဘယ်လိုမြင်ကွင်းမျိုးလဲဆိုတာပဲ မင်းကိုရှင်းပြစေချင်တာ"

တကယ်တော့ မင်းခန့်ရဲ့တကယ့်ရည်ရွယ်ချက်က သူငယ်ချင်းတွေ ပြန်ပေါင်းစည်းပြီး ပျော်ပျော်ပါးပါး စားကြသောက်ကြ သွားကြလာကြဖို့ ဖြစ်သည်။ ခုတော့ မထင်မှတ်ထားသည့် မြင်ကွင်းတစ်ခုကြောင့် သူ့အစီအစဉ်တွေ အကုန်လုံး ပြောင်းပြန်လန်ကုန်၏။

မင်းခန့်စကားအဆုံးမှာ ရှာန်သော် ခေါင်းငိုက်စိုက်ကျသွားသည်။ ငြိမ်နေလိုက်တာမှ အကြာကြီး။ နာရီဝက်နီးပါးလောက်တောင် ရှိမလား မသိ။ အာသာတို့နှစ်ယောက် သူငြိမ်သက်နေမှုကို အတင်းအကျပ် အနှောင့်အယှက်မပြုချင်သောကြောင့် သူ့အတိုင်း ငြိမ်ငြိမ်လေးပဲ ထိုင်နေလိုက်ကြပါသည်။

"ငါ မင်းတို့ကို မပြောချင်ခဲ့တာတော့ အမှန်ပဲ မင်းခန့်"

အသံတိုးတိုးလေးနှင့် ရှာန်သော် စပြောလာသည်။ မင်းခန့်က သက်ပြင်းချ၏။





"ကောင်းပါပြီ မင်းမပြောချင်လည်း ငါတို့က အတင်းမမေးပါဘူး"

"မဟုတ်ဘူး၊ ငါအခု မင်းတို့ကို ပြောပြမှာပါ"

အာသာ့စိတ်တွေ မွန်းကျပ်လာသည်။ ရှာန်သော် ပြောမည့်စကားများကို နားထောင်ချင်စိတ်မရှိတော့သလို ဖြစ်လာ၏။ သူတို့တွေအတွက် နာကျင်ရမယ့် ဘယ်လိုစကားမျိုးကိုမှ အာသာ မကြားချင်။ သူငယ်ချင်းတွေအားလုံး အဆင်ပြေပျော်ရွှင်နေတာကိုသာ အာသာ မြင်ချင်တွေ့ချင်သည်။

"ငါ့ကို သူတို့ပစ္စည်းကြော်ငြာဖို့ ရွေးချယ်ခဲ့ပြီးတဲ့နောက်မှာ သူ ငါ့ကိုချဉ်းကပ်လာတယ်၊ ငါသိပ်ဖြစ်ချင်တာတွေ အချိန်တိုအတွင်းဖြစ်ခွင့်ရအောင် လုပ်ပေးနိုင်မယ့်လူတွေကိုလည်း သူ မိတ်ဆက်ပေးခဲ့တယ်၊ အဲဒါကြောင့်လည်း ခုလိုမျိုး ငါ့အတွက် နိုင်မာတဲ့နေရာတစ်ခု ရလာခဲ့တာ"

"အဲဒီ နိုင်မာတဲ့နေရာလို့ မင်းထင်နေတာကြီး ရလာဖို့ မင်းကိုယ်မင်း ပေးဆပ်လိုက်တယ်ဆိုပါတော့ ဟုတ်လား ရှာန်သော်"

ရှာန်သော် မဖြေ။

ဒီတစ်ခါ ငြိမ်သက်နေခြင်းကတော့ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဆိုတဲ့စကားကို ကိုယ်စားပြုတဲ့အနေနဲ့ ဆိုတာ သူတို့နှစ်ယောက်လုံး သဘောပေါက်လိုက်ကြသည်။ အာသာ မျက်ရည်တွေ ရစ်ဝဲလာသည်။ ရင်ထဲမှာတဆစ်ဆစ်နဲ့ နာကျင်နေတာကို ဘယ်လိုဆေးမျိုးနဲ့ ကုစားရမယ်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ နိုင်မာပါတယ်ဆိုတဲ့ နေရာကြီးက မင်းပိုင်နေတာမဟုတ်ဘူးကွ၊ မင်းက အရိပ်အယောင်လေးပဲ၊ မင်းကိုမှန့်ပေးပြီး ပျော်အောင်ထားထားတာ၊ မင်းမပျော်တော့လို့ ထွက်ပြေးချင်တဲ့တစ်နေ့ကျရင် အဲဒီနေရာကြီးကိုပါ တစ်စစီဖြစ်သွားအောင် ရိုက်ချိုးဖျက်ဆီးပစ်မှာကွ၊ ငါပြောတာကို မင်း နားလည်လား"

ဒေါသကြောင့် မင်းခန့်လေသံက မာကျောလာသည်။ ရာန်သော်ကတော့ မင်းခန့်စကားတွေအတွက် နာကျည်းဟန်မပြပါ။

"ငါနားလည်တယ် မင်းခန့်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ တကယ်ချစ်တဲ့ မိန်းကလေးအကြောင်း စဉ်းစားမိတိုင်းမှာ သူ့ဆီကနေ အသည်းအသန်ထွက်ပြေးချင်ခဲ့တာချည်းပဲ၊ ဒါပေမဲ့ မရဘူး။ ငါမအောင်မြင်ခဲ့ဘူး။ ငါက သူဆင်ထားတဲ့ထောင်ချောက်ထဲကို အမြဲတမ်း ထိုးထိုးကျသွားရတယ်"

"ကျွတ်"

မင်းခန့်က စိတ်ရှုပ်ထွေးလာပုံမျိုးနှင့် မျက်နှာတစ်ဖက်လွှဲလိုက်သည်။ ရာန်သော့်ခံစားချက်တွေ လွတ်လွတ်လပ်လပ် ပြောခွင့်ရအောင် လွှဲပေးလိုက်ခြင်းလည်း ဖြစ်နိုင်၏။ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်သက်နေမိသောအာသာကတော့ ရာန်သော့်မျက်နှာကိုသာ ငေးမောလျက်။

သူ့မျက်လုံးမှာ မျက်ရည်တွေ အိုင်ထွန်းနေသည်။ ကြည့်နေရင်းတန်းလန်းမှာပင် မျက်ရည်တစ်စက်က ပါးပြင်ပေါ်စီးကျလာသည်။ ဒါက





သူ သရုပ်ဆောင်နေကျ ရိုက်ကွင်းမှာမဟုတ်သောကြောင့် ရင်ထဲကလာသည့် အစစ်အမှန်နာကျင်မှုများဖြင့် ထုံမွှမ်းထားသော မျက်ရည်တွေဆိုတာ အာသာ ယုံကြည်ပါသည်။

"ငါ သူနိုင်းတဲ့အတိုင်းမနေရင် ဒါမှမဟုတ် သူနဲ့လမ်းခွဲဖို့ပြောရင် ငါ့အတွက်ရလာမယ့်အဖြေက ဆိုးတယ်၊ ငါတို့နှစ်ယောက်ရဲ့ပတ်သက်မှုကို သူက ဖွင့်ချပစ်မှာ၊ သူ့ဘက်ကအကောင်း ငါ့ဘက်ကအဆိုးအနေနဲ့ပေါ့ကွာ၊ အဲဒီအခါ ငါသွားပြီကွ၊ ငါကြိုးစားထားခဲ့တာတွေ သွားပြီ၊ ငါ့အောင်မြင်မှုတွေ ငါ့နာမည်တွေ ငါ့ပရိသတ်တွေ အားလုံးအားလုံး ရေစုန်မျှောလိုက်သလိုဖြစ်သွားမှာ"

ငိုရှိုက်ရင်း ပြောနေသောကြောင့် ရာန်သော့်အသံတွေက ကျယ်တစ်ချက် တိုးတစ်ချက်နှင့်။

"အဲဒီ မင်းပြောတဲ့အရာတွေကို ရေစုန်မျှောမိမှာစိုးတာနဲ့ မင်းဘဝကြီးကို ရေစုန်မျှောခဲ့တာပေါ့လေ"

"မင်းကြိုက်သလိုသာ ပြောတော့ မင်းခန့်ရာ ငါ ငါမသိတော့ဘူး"

ရာန်သော် ဘာစကားမှ မပြောတော့ဘဲ မျက်နှာကိုလက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ငိုသည်။ အဲဒီမြင်ကွင်းကို အာသာ ဘယ်လိုမှ ထိုင်ကြည့်မနေနိုင်တော့။ ရာန်သော့်နားကို ထသွားလျက် သူ့ခေါင်းကို ရင်ခွင်ထဲထည့်ဖက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့ ရှာန်သော်၊ မငိုပါနဲ့ဟာ"

ရှာန်သော့်ကို မငိုနဲ့လို့ပြောနေသော အာသာကိုယ်တိုင် ငိုကြွေးနေခဲ့မိတာကတော့။

■ ■ ■



## အခန်း (၁၁)

"မေမေ အတင်းအကျပ်စီစဥ်ရင် အာသာ အိမ်ကထွက်သွားမှာနော်"

တနင်္ဂနွေနေ့မနက်မှာ အာသာ အိပ်ရာကနိုးလာတော့ စားကောင်းသောက်ဖွယ် ဖွယ်ဖွယ်ရာရာတွေ စီမံချက်ပြုတ်နေသည့် မေမေ့ကို နောက်ဖေးမီးဖိုချောင်မှာ တကုပ်ကုပ်အလုပ်ရှုပ်နေတာ တွေ့လိုက်ရသည်။ ဒီနေ့နေ့လယ်စာကို ဦးကျော်နိုင်တို့မိသားစုအား အိမ်မှာထမင်းစားဖိတ်ထားသည်တဲ့။

အာသာ စိတ်ရှုပ်သွားသည်။

"ဒီတစ်နေ့လုံး ဘယ်မှမသွားရဘူးလို့ ပြောထားတာ မေ့သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ အာသာ့ကို တကယ်ပဲ အတင်းအကျပ် လုပ်နေတာလား"

"မေမေ ဖြစ်ချင်တာကို လိုက်လျောရင် အတင်းအကျပ်လုပ်ဖို့ မလိုတော့ဘူးလေ"

"ဟာကွာ"

စိတ်ညစ်ညစ်နှင့် အခန်းထဲပြန်ဝင်လာခဲ့လိုက်သည်။ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိတော့။ တစ်နေရာရာကို မေမေ မသိအောင် ထွက်သွားလိုက်ဖို့ပဲ ရှိသည်။

ဘာဖြစ်လို့များ အာသာ့ကို အတင်းအကျပ်လုပ်ချင်နေရတာလဲ မေမေ။

အာသာတစ်ယောက်တည်း အကြံအိုက်နေတုန်း ရှာန်သော့ထံမှ ဖုန်းဝင်လာသည်။ ဟိုတစ်ညကတွေ့ပြီးနောက်ပိုင်း ရှာန်သော်နဲ့သူတို့ မတွေ့ဖြစ်ကြပါ။

"ဟယ်လို"

"အာသာ ငါထွက်လာခဲ့ပြီ"

အရေးထဲမှ ရှာန်သော့စကားက အရင်းမရှိအဖျားမရှိ။

"နင် ဘာပြောတာလဲ"

"ငါ့အိမ်ကနေ ငါထွက်လာခဲ့တာကို ပြောတာ"

"အိမ်ကထွက်လာပြီး နင်က ဘယ်သွားမလို့လဲ"





မေးခွန်းနှင့်မဆိုင်သော ရယ်မောသံလေးကို အာသာ ကြားရသည်။ ရှာန်သော် ဘာတွေလုပ်လာပြန်ပြီလဲ။

"လောလောဆယ် နင်တို့လမ်းထိပ်ရောက်နေတယ်၊ အချိန်ရရင် ဆင်းလာခဲ့လေ"

"ဟင် တကယ်လား"

ဘာပဲပြောပြော အာသာ အားတက်သွား၏။ ဘယ်သွားလို့သွားရမှန်းမသိ ဖြစ်နေတုန်းမှာ ကယ်တင်ရှင်ပေါ်လာသလို ခံစားရသည်။

"ငါထွက်လာခဲ့မယ် နင်စောင့်နေ"

နောက်ဖေးမှာ မေမေ အလုပ်များနေတုန်း အာသာ တိတ်တိတ်လေး ထွက်ခွာလာခဲ့သည်။ လမ်းထိပ်သစ်ပင်ကြီးအောက်မှာ ရပ်နားထားသော ရှာန်သော့ကားပေါ်တက်လိုက်၏။

"ဟူး ခုမှပဲ အလုံးကြီးကျတော့တယ်"

"အွန် ဘာဖြစ်လို့လဲဟ၊ အဲဒီစကားက ငါပြောရမှာ မဟုတ်ဘူးလား"

"ပြောပြမယ်ဟာ ငါလည်း ရင်ဖွင့်ရမယ့်လူတစ်ယောက် လိုနေတာ"

"ဒါဆို ကားပေါ်မှာတော့ မပြောနဲ့၊ ငါတို့တစ်နေရာသွားမယ် ကားပေါ်ကဆင်း"

အာသာ ကြောင်တောင်တောင် ဖြစ်သွားသည်။ တစ်နေရာသွား



www.burmeseclassic.com

www.burmeseclassic.com



မယ်လည်း ပြောသေးတယ်၊ ကားပေါ်ကလည်း ဆင်းခိုင်းသေးတယ်ဆိုတော့

"နင်ပြောတော့ တစ်နေရာသွားမယ်ဆို"

"အေးလေ ကားနဲ့သွားမှာမဟုတ်ဘူး။ ဒီနားလေးတင် လမ်းလျှောက်သွားမှာ"

ဘယ်နေရာမှန်းတော့ မသိပေမယ့် ဈာန်သော့်နောက်ကနေ အာသာ လျှောက်လိုက်လာခဲ့သည်။ ဟိုအရင်က ဝီရနဲ့အတူ ငှားနေခဲ့သော တိုက်အောက်ကိုရောက်တော့ ဈာန်သော်က အာသာ့ကိုကြည့်ပြီး

"အဲဒီအခန်းလေးကို သတိမရဘူးလား"

"ရတာပေါ့ ငါတို့တွေအတွက် တကယ့်အမှတ်တရပဲလေ"

အာသာ့မျက်လုံးများထဲမှာ အရင်က အဖြစ်အပျက်တွေကို ပြန်မြင်ယောင်လာမိသည်။ လေးယောက်သား အချိန်တိုင်းလိုလို အတူရှိခဲ့သော အချိန်များ။

"အဲဒီအခန်းလေးက ပိုင်ရှင်ပြောင်းသွားပြီလို့ ကြားတယ်"

စကားအဆုံးမှာပဲ ဈာန်သော်က သူ့ဘောင်းဘီအိတ်ကပ်ထဲမှ သော့တွဲတစ်ခုကို ထုတ်ယူမြှောက်ပြသည်။ ပထမတော့ အာသာ ကြောင်တောင်တောင် ဖြစ်နေမိသေး၏။ တဖြည်းဖြည်းနဲ့မှ

"ဒီ ဒီသော့တွေက"

"ဟုတ်တယ် အာသာ၊ အဲဒီအခန်းလေးကို ငါဝယ်လိုက်တာ"





"ဟယ် ဈာန်သော်ရယ်"

ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ။ ဝမ်းသာကြည်နူးနေမိသည်။ အခန်းလေးက သူတို့အရင်ကနေခဲ့သလို ပစ္စည်းပစ္စယတွေ စုပုံနေခြင်းမရှိဘဲ ရှင်းရှင်းလင်းလင်းလေး ဖြစ်၏။ အပြာရောင်လဲ့လဲ့လေး ပြန်သုတ်ထားသော အခန်းလေးကို ကြည့်ရတာ ကဗျာဆန်နေသည်။

ခေါက်သိမ်းထားသော အိပ်ရာလိပ်တစ်ခုက အခန်းထောင့်မှာ။ အဲဒီဘေးမှာ စာကြည့်စားပွဲပုလေးတစ်ခု။ ဒါတွေအားလုံးကို ဈာန်သော် တစ်ယောက်တည်း လာစီစဉ်ထားခြင်းလား။ ဘယ်တုန်းကလဲ။ ဘယ်သူမှ မသိအောင် သူတိတ်တိတ်လေး လာလုပ်ထားတာပေါ့။

"ဟွန် ဒါတွေက ဘယ်လိုရောက်နေတာလဲ"

အိမ်နောက်ဖေးဘက်ကို ဝင်လိုက်ချိန်မှာ ထမင်းပေါင်းအိုးတွေ ရေနွေးဓာတ်ဘူးတွေ ပန်းကန်တွေ ခွက်တွေ။ အများကြီးမဟုတ်သော်လည်း သူ့ဟာလေးနဲ့သူ သပ်သပ်ရပ်ရပ် စီစီရီရီ။

"တစ်ခါတလေ ငါ သိပ်စိတ်ညစ်ရင် ဒီမှာလာနေတယ်လေ"

"ဘာရယ် ဘယ်လို"

"ဟုတ်တယ် အာသာရဲ့၊ ငါ့စိတ်တွေ သိပ်ပင်ပန်းလာတဲ့အခါမျိုး ဘယ်သူနဲ့မှ မတွေ့ချင်တဲ့အခါမျိုးတွေမှာ ငါ ဒီအခန်းလေးဆီ တိတ်တိတ်လေး လာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါတို့ကိုတောင် မပြောဘဲနဲ့ပေါ့လေ"

အာသာ အပြစ်တင်စကားဆိုလျှင် ရျာန်သော်ကတော့ ပြုံးပြီးသာ ကြည့်နေ၏။ နောက်တော့ အာသာ့လက်လေးတစ်ဖက်ကို အသာလေး ဆွဲယူလိုက်သည်။

"အာသာ"

"ဟင် ဘာတုန်း"

"ငါ သူ့ဆီကနေ အပြီးထွက်လာခဲ့မယ်၊ ဘာကိုမှ ဂရုမစိုက်ဘဲနဲ့ လေ"

ဆွဲယူထားသော လက်ကိုပြန်ရုန်းဖို့ သတိမရဘဲ ရျာန်သော့်စကား မှာ အာသာ စိတ်ဝင်စားသွားသည်။

"နင် တကယ်ပြောနေတာလား"

"ငါ တကယ်ပြောနေတာပေါ့ အာသာ၊ ငါကိုယ်တိုင်လည်း မွန်း ကျပ်နေပါပြီ"

"နင့်အတွက် အဆိုးတွေများလာမယ်ဆိုရင်ရော"

"ငါ ခံနိုင်မှာပါ၊ ငါဘာဖြစ်ဖြစ် ငါ့နားမှာ အားပေးမယ့်လူရှိနေရင် ပေါ့"

အာသာ့ကို စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေ နူးညံ့ပျော့ပျောင်း နေလိုက်တာများ လူငယ်အချစ်ဇာတ်လမ်းထဲမှာ ပါဝင်သရုပ်ဆောင်နေသည့်





ဆယ်ကျော်သက် ရှုးရှုးမိုက်မိုက် ကောင်လေးတစ်ယောက်ဟန်ပန်လို။

ထိုမျက်ဝန်းများကို ငေးကြည့်မျောပါသွားမိပြီးမှ အာသာ အသိ ပြန်ဝင်လာသည်။ သူ ဖွဖွလေး ဆုပ်ထားသော လက်ကိုလည်း ရုန်းလိုက် မိ၏။ အခြေအနေက ပုံမှန်မဟုတ်တော့သလို ခံစားလာရသည်။ သူ့ရှေ့မှာ ရပ်နေရင်းကနေ အာသာ အိမ်ရှေ့ခန်းကို ထွက်ခဲ့သည်။ ရျာန်သော် နောက် ကနေ ပါလာတာ အာသာ သိပါသည်။

ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ လှိုက်ခါနေတာကို ထိန်းချုပ်လိုက် ပြီး ရျာန်သော်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"နင့်နားမှာ ငါတို့ အမြဲရှိနေမှာလေ၊ နင့်ကို ဘာပဲဖြစ်ဖြစ် အားပေး မယ့်လူက ငါတို့သုံးယောက်လုံး ရှိနေတာပဲ"

"အာသာ"

ဒီနေ့ရျာန်သော် ဘာဖြစ်နေတာပါလိမ့်။ အခုလည်း သူ့ခေါ်သံကို နားထောင်ရတာ နူးညံ့သိမ်မွေ့ချိုသာနေ၏။ အရင်တုန်းကနဲ့ နည်းနည်းမှမတူ။

"ဟိုညက ငါ့အိမ်ကိုနင်နဲ့မင်းခန့် လာတော့ ငါပြောခဲ့တဲ့စကားတွေ ကို နင်မှတ်မိလားဟင်"

"ငါ မှတ်မိတယ်လေ"

"ငါတကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက် ရှိတယ်ဆိုတာ"

ဟင့်အင်း မဖြစ်နိုင်ပါဘူး။ ရျာန်သော် ဘာပြောလာမယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



အာသာ ကြိုတင်ခန့်မှန်းလို့ရသလို ဖြစ်နေပြီ။ ဒါပေမဲ့ အဲဒါ တကယ်မဖြစ်နိုင်ပါဘူး။ အာသာ လျှောက်တွေးလျှောက်ထင်နေခဲ့မိတာ ဖြစ်မှာပါ။

"နင် ဘာပြောချင်တာလဲ ရှာန်သော်"

အိပ်ခန်းလေးထဲမှာ အပ်ကျသံမျှပင် မကြားရတော့လောက်အောင် တိတ်ဆိတ်သွားသည်။ ရှာန်သော် တစ်ခုခုပြောလိုက်မှာကို နားထောင်ချင်ပေမယ့် တစ်ဖက်ကလည်း ထိတ်လန့်နေမိသည်။

"ငါပြောခဲ့ဖူးပါတယ် အာသာရယ်၊ နင့်ကိုရင်ခုန်နေခဲ့တာ ကြာပြီလို့"

ရင်ထဲမှာ ဒိတ်ဒိတ်ဒိတ်ဒိတ်နဲ့ နှလုံးက ဆောင့်ခုန်လာသည်။ စားသောက်ဆိုင်ခန်းလေးထဲမှာတုန်းက ပြောခဲ့ဖူးတဲ့ စကားများကိုလည်း ပြန်အမှတ်ရလာ၏။

"ငါ နင့်ကိုချစ်တယ် အာသာ"

"အာ မဖြစ်နိုင်တာ"

ချက်ချင်းလိုလို တုံ့ပြန်လိုက်သောစကားကြောင့် ရှာန်သော် မျက်နှာပျက်သွားသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ အာသာ"

"ငါတို့က သူငယ်ချင်းတွေလေ"

"သူငယ်ချင်းတစ်ယောက်ကို ငါချစ်လို့ မရဘူးလားဟင်"





"မသိဘူး ငါမသိဘူး။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ နင်တို့သုံးယောက်လုံးကို သူငယ်ချင်းလို့ပဲ တူတူသဘောထားတယ်"

ရှာန်သော်က အာသာ့လက်လေးကိုဖမ်းယူ ကိုင်လိုက်ပြန်သည်။ ဒီတစ်ခါတော့ အာသာ ရုန်းထွက်ဖို့ ချက်ချင်းပင် သတိတရနှင့်

"နင် ငါ့ကိုစိတ်ဆိုးသွားတာလား"

သူ့ကိုကျောပေးရပ်လိုက်ပြီး ရင်ထဲမှာ ပြောင်းဆန်အောင် တုန်ယင်နေခြင်းကို အာသာ တည်ငြိမ်အောင် ထိန်းနေရသည်။ တကယ်ဆို အဲဒီလိုမျိုး အာသာ မဖြစ်သင့်ဘူး မဟုတ်လား။

"ပြောပါ အာသာ နင် ငါ့ကို စိတ်ဆိုးသွားတာလား"

မျက်နှာငယ်လေးနှင့် အာသာ့ရှေ့ ရောက်လာပြန်သော ရှာန်သော်။

"ငါ ငါ နင့်ကိုစိတ်မဆိုးပါဘူး။ ဒါပေမဲ့"

ဒါပေမဲ့ နောက်ကနေ ဘာဆက်ပြောရမှန်း အာသာကိုယ်တိုင်ပင် မသိတော့။ ရင်ထဲမှာ ပုံမှန်မဟုတ်ဘဲ တစ်ခုခုဖြစ်နေတာတော့ သေချာသည်။ စိတ်ဆိုးတာလည်းမဟုတ်၊ ဒေါသထွက်တာလည်းမဟုတ်၊ အဲဒီ ခံစားချက်ကို အာသာ ဘယ်လိုဘာသာပြန်ရမှန်း မသိ။

"ဒါပေမဲ့ ဘာဖြစ်လဲ အာသာ"

"တော်ပြီကွာ ငါမသိတော့ဘူး"

သူ့ရှေ့ကနေ အာသာ လှည့်ထွက်လာခဲ့လိုက်သည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ကနေ အာသာ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလျက် သူ့ရင်ခွင်ထဲမှာ အာသာ့ကို နစ်နေအောင် ဖက်ထားလိုက်သောကြောင့် ခြေလှမ်းတွေက ရပ်တန့်သွားရ၏။

"ဟာ ရှာန်သော် လွှတ်နော် လွှတ် လို့"

ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းပြီး ဘယ်လောက်ပဲပေါင်းပေါင်း ဒီလိုနေရာမျိုးမှာတော့ ခွန်အားချင်းမယှဉ်နိုင်ခဲ့တာ သေချာသည်။ ရှာန်သော့် ရင်ခွင်ထဲမှာ အာသာတစ်ယောက် ရုန်းမရထွက်မရ။

"နင့်အတွက်နဲ့ ငါအရာရာကို စွန့်လွှတ်ဖို့ သတ္တိမွေးခဲ့တာ အာသာ၊ နင် ငါ့ကို အဲဒီလောက်ထိ မရက်စက်ပါနဲ့နော်"

ရုန်းကန်ရတာ အားကုန်လာသောကြောင့် အာသာ သူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေး ဝပ်နေမိသည်။ တစ်ယောက်ကိုတစ်ယောက် အားပေးနှစ်သိမ့်ရင်း ဖက်တွယ်ခဲ့ကြဖူးပေမယ့် ဒီတစ်ခါ သူ့ရင်ခွင်ထဲရောက်နေရသည့် ခံစားချက်က အရင်တစ်ခါတွေတုန်းကနဲ့ မတူ။

"ငါ သိပ်စိတ်တွေညစ်လာတိုင်း ဒီအခန်းလေးမှာ လာနေတယ်၊ ပြီးရင် မနက်နဲ့ည နင့်ကားလေး အိမ်ရှေ့ကနေ ဖြတ်သွားပြီး နင်အလုပ်သွားတာကို စောင့်ကြည့်တယ်၊ ဟိုအရင်ကလိုမျိုး နင်နဲ့နီးနီးနားနားမှာရှိနေတယ် ဆိုတဲ့ ခံစားချက်က ငါ့ကိုနွေးထွေးစေတယ်လေ"

အဲဒါတွေက တကယ်တွေလား။ ရှာန်သော် တကယ်ပဲ အာသာ့ကို





ချစ်နေခဲ့တာလား။

"ငါ တကယ်ပြောတာ အာသာ၊ ငါ့ဘေးမှာ နင်သာရှိနေပေးမယ်ဆိုရင် အဲဒီအောင်မြင်မှုတွေရော မင်းသားဆိုတဲ့ခေါင်းစဉ်ကိုရော ငါစွန့်လွှတ်ရဲတယ်"

"နင် တကယ်ပြောနေတာလား ရှာန်သော်"

"ငါတကယ်ပြောတာ အာသာ၊ အားလုံးကိုထားခဲ့မှာ၊ ဟိုအမျိုးသမီး ဘာလုပ်လုပ် ငါမမှုတော့ဘူး။ တစ်ခုပဲ နင်ငါ့ကို ဖြည့်ဆည်းပေးပါ၊ ငါ့ဘက်မှာ ငါ့လက်ကိုတွဲပြီး ရပ်တည်ပေးပါလားဟင်"

အာသာ ဘာပြန်ပြောရမှန်းမသိ။ ဒေါ်ထိပ်ထားခင်နဲ့ရှာန်သော်တို့ရဲ့ဇာတ်လမ်းကို သိပြီးနောက်ပိုင်းတည်းက ရင်ထဲမှာဖြစ်နေသော ခံစားချက် တစ်ခုတော့ ရှိပါရဲ့၊ ဝမ်းနည်းသလိုလို နာကျင်သလိုလို ဆုံးရှုံးရသလိုလို ဘာမှန်းကွဲကွဲပြားပြား မသိသည့် ခံစားချက်မျိုး။ မေမေတောင် အာသာ မျက်နှာမကောင်းဘူးဆိုပြီး အလုပ်တွေအဆင်မပြေလို့လားလို့ မေးခွန်းထုတ်ခဲ့ရသေးသည်။

ဟင် ဟုတ်ပါရဲ့။ မေမေ မေမေ တစ်ယောက်တော့ ခုချိန်လောက်ဆို ပွက်လောရိုက်နေလောက်ပြီ။ နံရံက နာရီလေးကို သူ့ရင်ခွင်ထဲကနေ လှမ်းကြည့်မိသည်။ ဆယ့်တစ်နာရီထိုးတော့မည်။ ခုချိန်လောက်ဆို ဧည့်သည်တွေ ပြန်သွားလောက်ပြီဆိုတော့ ... [illegible]

ဒီသားစုရောက်နေလောက်ရောပေါ့။ ဖုန်းကိုလည်း စက်ပိတ်ထားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေ ခေါ်မရဖြစ်ကာ ဒေါသတွေယမ်းပုံမီးကျနေလောက်ပြီ။ ဦးကျော်နိုင်တို့ မိသားစုကို မေမေ ဘယ်လိုစကားလုံးမျိုးတွေနဲ့ ဖာနေထေးနေလဲ မသိပါ။

"ငါ့ကိုလွှတ်ပါဦး ရှာန်သော်၊ အသက်ရှူကျပ်လာပြီ"

သူ့ရင်ဘတ်ကို လက်နှင့်အသာတွန်းဖယ်လိုက်တော့ သူကလည်း အလိုက်တသိပင် ဖြေလျှော့ပေးပြီး အာသာ့မျက်နှာလေးကို ငေးစိုက်ကြည့်နေ၏။ အာသာ့ထံမှ အဖြေစကားတစ်ခုကို သိပ်ကြားချင်နေသည့်ပုံ။

အာသာကတော့ ရင်ခုန်နေတာကို သူ မသိအောင် ဟန်ဆောင်ထားလိုက်ပြီး သက်ပြင်းလေးချသည်။

"နင်သိထားရမှာလေးတွေ ရှိသေးတယ် ရှာန်သော်"

"ဘာလဲဟင်"

"နင့်ကို ခုနက ကားပေါ်မှာတုန်းက ငါပြောခဲ့တယ်မဟုတ်လား။ ရင်ဖွင့်ဖို့ လူတစ်ယောက် လိုနေတယ်ဆိုတာ"

"အင်း ငါမှတ်မိတယ်"

"အေး ငါ့ကိုအိမ်က ယောကျ်ားပေးစားဖို့ စီစဉ်နေပြီ"

"ဘာ"

ရှာန်သော် ထအော်လိုက်သံက အာသာ့ကိုယ်လေးပင် တုန်တက် လန့်ဖျပ်သွားရသည်။

"နင် နင်တကယ်ပြောနေတာလား။ ငါ ဒီစကားမျိုးတွေပြောလို့





ငါ့ကိုတမင်ခြိမ်းခြောက်တာလားဟင်"

"အောင်မာ နင့်ကိုပဲ ငါကခြိမ်းခြောက်တယ် ဖြစ်ရဦးမယ်၊ တကယ် ပြောနေတာပေါ့၊ မေမေ စီစဉ်နေတာတော့ ကြာပြီ၊ ဒီနေ့ အဲဒီမိသားစုကို အိမ်မှာ ထမင်းစားဖိတ်ထားတယ်လေ"

"ဟာ အာသာ ငါ ငါ မယုံနိုင်ဘူးဟာ၊ နင် ဘယ်လိုဆုံးဖြတ်လိုက် လဲဟင်"

ထိန်းမရတော့လောက်အောင် ရှာန်သော့်မျက်နှာ ပျက်ယွင်းနေသည်။ ပုံစံက ခုပဲ ထိုင်တော့မလိုလို ထတော့မလိုလို။ အာသာ ရယ်တောင် ရယ်ချင်သွားသည်။

"မနက်ကထိ ငါ အကြံအိုက်နေတာ၊ အဲဒီအချိန် နင်က တိုက် တိုက်ဆိုင်ဆိုင် ဖုန်းဆက်လာတော့ ငါ ဝမ်းသာပြီး ထွက်လာတာလေ၊ အဲဒါကြောင့်ပြောတာပေါ့ ခုမှပဲ အလုံးကြီးကျသွားတော့တယ်လို့"

"ဒီလိုဆို နင် ခေါင်းမညိတ်ရသေးဘူးပေါ့နော်"

"ဟုတ်တယ် မညိတ်ရသေးဘူး။ ဒါပေမဲ့ ငါ့အမေအကြောင်းကို နင်တို့သိတယ်မဟုတ်လား။ သူ စီစဉ်ပြီးနေပြီဆိုတော့ မဖြစ်ဖြစ်အောင်ကို အကောင်အထည်ဖော်တော့မှာ"

"ဟာ မရပါဘူး၊ အဲဒီလို မလုပ်ရပါဘူး"

"အောင်မာ နင်ကများ ဘာတွေပြောနေတာလဲ၊ ငါ့အမေကို ငါ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပြောလို့မရတာ''

''မသိဘူး အာသာရာ၊ လောလောဆယ် ငါပိုင်ဆိုင်ထားတဲ့အရာတွေကို စွန့်လွှတ်တော့မယ်လို့ တွေးလိုက်တဲ့အချိန်မှာ ငါ နင့်ကို လုံးဝ အဆုံးရှုံးမခံနိုင်ဘူး''

တကယ့်ကို အသည်းအသန်ဖြစ်နေသော ရှာန်သော့ကို အာသာ ဘယ်လိုပြန်ဖြေရမယ်မှန်း မသိတော့။ အာသာ့စိတ်ထဲမှာ ရှာန်သော် ရှိနေတာတော့ သေချာသည်။ ဒါပေမဲ့ သူငယ်ချင်းတစ်ယောက်လိုပဲလား။ သူငယ်ချင်းတစ်ယောက်ထက်ပိုပြီးတော့လားဆိုတာ အာသာကိုယ်တိုင်လည်း ဝေခွဲမရ။

■ ■ ■



## အခန်း (၁၂)

သော့ကို အသံမကြားအောင် အသာလေးလှည့်ဖွင့်လိုက်သည်။ ဒီအချိန်လောက်ဆို မေမေက အိမ်မှာမရှိတတ်။ ဟိုဘက်နှစ်ရပ်ကွက်မှာရှိသည့် ဘုရားလေးသို့ ညနေတိုင်း သွားတတ်သည်။ အဲဒီအချိန်ကိုရွေးပြီး အာသာ ပြန်လာခဲ့ခြင်းဖြစ်၏။

ထင်သည့်အတိုင်း မေမေ မရှိပါ။ ခုမှပင် သက်ပြင်းကို ဟူးခနဲ ချလိုက်နိုင်သည်။ အိပ်ခန်းတံခါးကို အထဲမှလော့ချပြီး အာသာ ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ ခုချိန်ထိ နှလုံးခုန်သံမြန်ဆန်နေခြင်းက အုံ့ညှိုစရာ။ ယောကျာ်းလေးတွေနဲ့ သူငယ်ချင်းအဖြစ်သာ ပေါင်းသင်းဆက်ဆံဖူးပြီး ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးသော အာသာ့အတွက် ရှာန်သော်ပေးခဲ့သော ခံစားချက်များက တသိမ့်သိမ့်နှင့်လှိုက်ဖိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ပေါ်မှာ ပေါလောမျောနေသလိုလို ရောင်စုံ နှင်းခင်းကြီးထဲ ဖြတ်သန်းရသလို မြင့်မားလွန်းတဲ့တောင်ထိပ်မှာ ရပ်တန့်နေသလို ဘယ်လို ပြောရမှန်းမသိသည့် ခံစားချက်တွေက ရင်ဘတ်ထဲမှာ စုံချည်ပြေးလွှားနေသည်။

ကိုယ့်ကိုကိုယ် ဘယ်အချိန်က အိပ်ပျော်သွားလိုက်မှန်းတောင် မသိဘဲ အာသာ့အခန်းတံခါးကို မေမေ တဒုန်းဒုန်း ထုနက်လျက် လာနှိုးချိန်မှာ ညခုနစ်နာရီတောင် ထိုးနေပြီဖြစ်၏။

"မီအာသာ အခုချက်ချင်း တံခါးဖွင့်ပြီး အိမ်ရှေ့ထွက်ခဲ့"

အိပ်ချင်မူးတူးနှင့် ငုတ်တုတ်ထထိုင်လိုက်သည်ထိ မနက်က ထမင်းစားဖိတ်ထားသည့်အကြောင်းက ခေါင်းထဲရောက်မလာသေးဘဲ ရှာနိုသော်က အရင်ရောက်လာသည်။ တစ်ယောက်တည်း ပြုံးလိုက်မိရင်း မေမေ့ကိုတံခါးဖွင့်ပေးဖို့ သွားမှပင်

"တံခါးမဖွင့်ဘူးလား အာသာဝတီ၊ ငါ့မှာမနက်တုန်းက ဦးကျော်နိုင်တို့မိသားစုကို ဘယ်လောက်ထိ မျက်နှာပျက်လိုက်သလဲဆိုတာ ညည်းသိလား"

တံခါးဖွင့်ရန် ပြင်နေသော အာသာ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ အဲဒီကိစ္စကို ဘယ်လိုအကြောင်းပြချက်ပေးရင် ကောင်းလိမ့်မလဲ။

"ငါ ညည်းခြေသံကို ကြားတယ်နော်၊ အခု တံခါးမဖွင့်သေးဘူး





လား"

မတတ်သာသည့်အဆုံးမှာ အာသာ အခန်းတံခါးလေးဖွင့်ထွက်လိုက်ရသည်။ ဒေါသရောင်တွေ တောက်ပနေသော မေမေ့မျက်နှာကို စေ့စေ့မကြည့်ရဲသေးတာမို့ ခေါင်းကို ငုံ့ထားမိ၏။

"ဦးကျော်နိုင်တို့ကို ငါ့မှာဖာဖာထေးထေး ပြောပေးပေမယ့် သူတို့တွေလည်း မျက်နှာမကောင်းကြဘူးပေါ့၊ နင် ဘာအချိုးချိုးတယ်ဆိုတာ ဦးနှောက်ရှိတဲ့ ဘယ်သူမဆို တွေးနိုင်ခေါ်နိုင်တယ်"

"မေမေ့ကို အာသာ ပြောသားပဲ၊ မေမေ တကယ်ကြီး သူတို့ကို မိတ်ဆက်ပေးဖို့ဖိတ်ရင် အာသာ အိမ်ကထွက်သွားမှာနော်လို့"

"ငါ့ကို တစ်ခါတည်း အိမ်ကထွက်သွားမယ် နှစ်ခါလာလည်း အိမ်ကထွက်သွားမယ်ချည်း ပြောပြောနေတာ ညည်းခြိမ်းခြောက်နေတာလားဟင်"

"အဲဒီလိုတော့ မတွေးပါနဲ့ မေမေ၊ အာသာ ခြိမ်းခြောက်တာ မဟုတ်ပါဘူး။ အာသာ မလုပ်ချင်တာကို မေမေက အတင်းအကျပ်လုပ်ခိုင်းနေတော့ အာသာ့မှာရွေးချယ်စရာက တခြားမရှိတော့ဘူးလေ"

"နင်က ဘာအားကိုးနဲ့ အိမ်ကထွက်သွားမယ်ချည်း ပြောနေတယ်ဆိုတာ ငါတကယ်နားမလည်နိုင်တော့ဘူး။ ငါ့ကိုမှန်မှန်ပြောစမ်း အာသာ နင့်မှာ ရည်းစားတွေဘာတွေရှိနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



အာသာက စိတ်ရှုပေါက်ပေါက်နှင့် အိမ်ကထွက်သွားမယ်လို့ ပြောသည့်စကားကို မေမေကတော့ တခြားတစ်ဖက်က တွေးမိတာ အာသာ့မှာ စိတ်လည်းညစ် ရယ်လည်းရယ်ချင်သွားသည်။ အာသာ့မှာ ရည်းစားမပြောနဲ့ မူးလာရင်ရှုစရာ ရှုဆေးဘူးတောင် မရှိဘူး။

ကိုယ့်ဘာသာ တွေးလိုက်မိပေမယ့် ခေါင်းထဲမှာ အကြံတစ်ခု လင်းခနဲလက်ခနဲ ဖြစ်သွားသည်။ ထို့ကြောင့်လည်း ချက်ချင်းပင် အဲဒီအကြံဉာဏ်ကို အကောင်အထည်ဖော်လိုက်ပါသည်။

"ဟုတ်တယ် မေမေ၊ ဒီအခြေအနေရောက်မှတော့ မထူးတော့ပါဘူး။ အာသာ ဝန်ခံပါ့မယ်"

"ဟေ ဘာကိုတုန်း မိအာသာ"

ခုနက မေမေ့ကို မျက်လုံးချင်းဆိုင်ပြီး ပြောခဲ့တဲ့ပုံစံကနေ ချက်ချင်းပင် အာသာ ခေါင်းကိုငုံ့ချပစ်လိုက်၏။ လေသံလေးကိုလည်း တိုးနိုင်သမျှ တိုးအောင် လုပ်ယူလိုက်သည်။

"အာသာ့မှာ ရည်းစားရှိပါတယ်"

"ဘာ ဘယ်လို"

"ဟုတ်တယ်မေမေ၊ အာသာ့မှာ ရည်းစားရှိတယ်"

"ဘယ်သူလဲ ဘယ်ကလဲ"

မေမေ့စိတ်ဝင်စားမှုနှုန်းတွေ မြင့်တက်နေပြီဆိုတာ အာသာ နား





လည်လိုက်သည်။ ထို့ကြောင့်ပင် ဟန်ပါပါနှင့်ဆက်ဖောလိုက်၏။

"အဲဒါတွေကို အာသာ အခုမပြောသေးဘူး မေမေ၊ တစ်ရက်ရောက် အိမ်ကိုခေါ်လာပြီး မေမေနဲ့မိတ်ဆက်ပေးပါ့မယ်၊ မေမေ စိတ်ပျက်စေမယ့်လူမျိုးတော့ မဟုတ်ပါဘူး"

ပါးစပ်ထဲ တွေ့ကရာများဖြင့် အာသာ ဖြေနေသမျှ မေမေကတော့ တကယ်ကို စိတ်ပါလက်ပါ အလေးအနက် နားထောင်နေခြင်းဖြစ်၏။

"ညည်းတကယ်ပြောနေတာလား အာသာရယ်"

"တကယ်ပြောတာပါ မေမေ၊ အာသာက စောသေးတယ်ထင်လို့ မေမေ့ကိုဖွင့်မပြောသေးတာပါ"

"တကယ်ဆိုရင်လည်း ငါ ဦးကျော်နိုင်တို့ကို ထမင်းစားဖိတ်ဖို့ လုပ်မယ်ပြောတည်းက ညည်းဖွင့်ပြောပါတော့လား။ ခုတော့ ဟိုဘက်က လူကြီးတွေလည်း သိပ်အားနာစရာကောင်းတယ်"

"အဲဒါတစ်ခုတော့ အာသာ့ကိုခွင့်လွှတ်ပါနော်၊ မေမေက ဒီနေ့ တကယ်ကြီးဖိတ်ထားတော့ ကြိုရာမရဖြစ်ပြီး ထွက်သွားလိုက်တာပါ။ မေမေ့ကို အရှက်ရစေချင်တဲ့ဆန္ဒနဲ့မဟုတ်ပါဘူး"

မေမေ သက်ပြင်းကြီးချသည်။ အာသာ သိတာပေါ့။ အာသာ့ စကားတွေကို မေမေ တကယ်ယုံသွားပြီဆိုတာ။

"အဲဒီကောင်လေးကို အိမ်ခေါ်လာခဲ့ပေါ့၊ မေမေလည်း အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်''

"ဟုတ်ကဲ့ မေမေ"

"သိပ်လည်း အချိန်ဆွဲမနေနဲ့ အာသာ၊ မေမေက သမီးကို ကိုယ့်အိမ်ထောင်လေးနဲ့ကိုယ် အေးအေးဆေးဆေးနေစေချင်နေပြီ"

မေမေ တကယ်ခံစားပြီး ပြောနေတာတွေကို အာသာက ပေါ့ပေါ့ပျက်ပျက်လုပ်တာ မဟုတ်ပေမယ့် လောလောဆယ်တော့ ဒီတစ်နည်းကသာ အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းမဟုတ်လား။

■ ■ ■

"ဟိုနေ့က အာသာပြောတာ ငါယုံတောင်မယုံဘူးကွာ"

"ဘာကိုလဲ မင်းခန့်"

အာသာ့ကို ရည်းစားစကားပြောထားသည့်ကိစ္စက ရှိနေတာဆိုတော့ ရှာန်သော် မင်းခန့်ပြောတဲ့စကားအပေါ် နည်းနည်းလန့်သွားမိသည်။

"ဟိုအခန်းလေးကို မင်းဝယ်လိုက်တယ်ဆိုတာလေ"

"ဪ အဲဒါလား။ အေး ဟုတ်တယ်ကွ၊ ငါတို့အတွက် အမှတ်တရဖြစ်စေခဲ့တယ်လေ၊ ပြီးတော့ ငါတို့အားလုံးရဲ့ဘဝအစလေးပေါ့"

"ငါလည်း အဲဒီအိုင်ဒီယာလေးကို သဘောကျမိတယ်"

မင်းခန့်ကိုကြည့်ရတာတော့ အာသာ့ကို ရည်းစားစကားပြောထားသည့်ကိစ္စကို သိသည့်ပုံမပေါ်။ အရင်က အာသာသာဆိုရင် ဒီကိစ္စက





မင်းခန့်တင်မဟုတ် ဟိုးနယ်မှာရှိနေသည့် ဝီရပါ သိပြီးလောက်ပြီပေါ့။ ခုတော့ အာသာတစ်ယောက် နှုတ်ဆိတ်နေတာ ရှာန်သော် ဘယ်လိုနားလည်ရမှန်း မသိ။

ရင်မောရပါလား အာသာရယ်။

"အာသာကလည်း ကြာလိုက်တာကွာ"

ဆိုင်ပေါက်ဝကို လည်တဆန့်ဆန့်လုပ်ရင်း မင်းခန့် ညည်းသည်။ ဒီနေ့ သုံးယောက်သားဆုံကြဖို့ ရှာန်သော်က စီစဉ်လိုက်ခြင်းဖြစ်သည်။ မင်းခန့် ပြန်လာပြီးတည်းက သူတို့သုံးယောက် အေးအေးဆေးဆေး မတွေ့ဖြစ်သေးဘူးလေ။ ဟိုတစ်ညကလည်း သူ့ကြောင့်နဲ့ အားလုံး စိတ်ညစ်စိတ်ဆင်းရဲခဲ့ပြီး ပြန်သွားရတာ မဟုတ်လား။

"လာမှာပေါ့ မင်းကလည်း ဟိုမှာ ခလုတ်တိုက်နေပါဦးမယ်"

"ခလုတ်တိုက်ရအောင် သူက လမ်းလျှောက်လာမှာမှ မဟုတ်တာ ကားမောင်းလာမှာပဲ"

"အေး ကားမောင်းလာမှာဆိုတော့ ပိုဆိုးတာပေါ့ကွာ"

"အောင်မယ်လေးကွာ မသိရင်ဘဲ ငါက အာသာ့ကို အန္တရာယ် ဖြစ်စေချင်သလိုလို ငါလည်း မင်းလိုပဲ အာသာ့ကို ဘာမှမဖြစ်စေချင်ပါဘူး ကွာ"

ဒီတိုင်းပြောလိုက်သော မင်းခန့်စကားမှာ ရှာန်သော် တွေဝေသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငါလည်း မင်းလိုပဲတဲ့။ အဲဒီစကားက ချာန်သော့်ကို အတွေးတွေ အများကြီး ပေါ်ပေါက်လာစေသည်။ အရင်တည်းက တတွဲတွဲနှင့် တန်းတူ ညီမျှ ဆက်ဆံခဲ့ကြသော သူငယ်ချင်းတွေထဲမှာ အာသာတစ်ယောက်တည်း မိန်းကလေးပါတာ။

အခု ချာန်သော်က အာသာ့ကို ချစ်နေမိပြီ။ ချာန်သော့်လိုပဲ တခြားနှစ်ယောက်ရော ချစ်နေရင် ဘယ်လိုလုပ်မလဲ။ တစ်ခါမှ မတွေးခဲ့မိသည့် အတွေးက အခုတော့ ချာန်သော့်ရင်ကို ပူလောင်လာစေသည်။ အဲဒီလိုသာ တကယ်ဖြစ်ခဲ့ရင် ဘယ်လိုလုပ်ကြမလဲ။

မင်းခုန့်ရော ဝီရရောက တခြားမိန်းကလေးတွေနဲ့ ဆက်စပ်ပတ်သက်ခဲ့ဖူးတာ မဟုတ်ဘဲ သူတို့ဘဝမှာ အာသာတစ်ယောက်တည်းနဲ့သာ ရင်းရင်းနှီးနှီးနေဖူးခဲ့တာ ချာန်သော် သိသည်။ သူကသာ အာသာမဟုတ်တဲ့ တခြားမိန်းမတစ်ယောက်နဲ့။

တကယ်တမ်း သုံးယောက်ထဲက ရွေးရမယ်ဆိုရင် ကျန်တဲ့နှစ်ယောက်က သူ့ထက်ပိုလို့ အားသာချက်တွေရှိနေတာမဟုတ်လား။ သူ့မှာသာ ဘဝမှာဖျက်မရတော့မည့် အမည်းစက်ကြီးနဲ့။

သူ ဘယ်လိုမှ ဆက်ခံစားလို့မရတော့။ ရှေ့မှာရှိနေသော ရေခွက် အပြည့်ကို တစ်ကျိုက်တည်း မော့သောက်ချပစ်လိုက်သည်။

ထိုအချိန်မှာပင် ဆိုင်ထဲသို့ အာသာ ဝင်လာခြင်းဖြစ်သည်။





"နင်တို့ရောက်နေကြတာ ကြာပြီလား"

"ကြာပြီပေါ့ဟာ"

"မကြာသေးပါဘူး"

မင်းခန့်နဲ့ချာန်သော် တစ်ပြိုင်တည်း ဖြေလိုက်သော အဖြေစကားများက တစ်ယောက်တစ်မျိုးမို့ မျက်မှောင်လေး ကျုံ့ရင်း အာသာ ကြည့်လိုက်သည်။

"ဘာလဲ မင်းခန့် နင်က ကြာပြီလို့ ဖြေတယ်ဆိုတော့ ငါ့ကို စိတ်မရှည်ဘူးဆိုတဲ့ သဘောပေါ့လေ"

"ဟာ မဟုတ်ရပါဘူး အာသာရယ်၊ နင်တို့နှစ်ယောက် ဒီနေ့ ငါ့ကိုပိုင်းနှိပ်ကွပ်ဖို့များ တိုင်ပင်ထားကြတာလားဟင်"

"တိုင်ပင်ထားတယ်ဆို မင်းဘာပြောမလဲ"

"ပြောစရာ မရှိပါဘူးဗျာ၊ နှိမ်ကြပါပေါ့"

ပျော်ပျော်ရွှင်ရွှင်နဲ့ စကားပြောဆို စားသောက်နေသော သူတို့ရဲ့ တွေ့ဆုံမှုလေးကို ဖျက်ဆီးပစ်မည့် မုန်တိုင်းတစ်ခုက မကြာခင်မှာ ကျရောက်လာတော့မှာကို သူတို့သုံးယောက်လုံး မသိရှိခဲ့။

"ငါ အဲဒီတိုက်ခန်းလေးမှာပဲ နေနေတယ်လေ၊ မင်းတို့နဲ့ ပိုနီးသွားတာပေါ့"

"ဒီလိုဆိုတော့လည်း ဝီရကို သတိရမိတယ်ကွာ၊ သူသာ တူတူ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရင်ကောင်းမှာ''

''ဒါကတော့ကွာ သူ့အလုပ်တွေရှိနေသေးတော့ ဘယ်လိုလုပ်မလဲ''

''မင်းက ဒေါ်ထိပ်ထားခင်ဆီကနေ ဒီပုံစံအတိုင်း အလွယ်တကူ ထွက်လာဖို့ဆိုတာ လွယ်လို့လားကွာ၊ ဒီအမျိုးသမီးက သူလုပ်ချင်တာလုပ်လို့ ရလောက်အောင်ကို လက်အောက်ငယ်သားများတယ်နော်၊ မင်းကိုရှာချင်ရင် ဘာမှခက်မယ်မထင်ဘူး''

''ငါသိတာပေါ့ကွာ၊ သူနဲ့တစ်ချိန်တော့ မျက်နှာချင်းဆိုင်ရမှာပဲ၊ ဒါပေမဲ့ အခုလို သူ့မျက်ကွယ်မှာ နေနေရတဲ့ဘဝက ငါ့ကိုစိတ်ချမ်းသာမှု ပေးနိုင်တယ်လေ၊ အဲဒီ စိတ်ချမ်းသာမှုလေးကို ငါခဏလောက်တော့ ခံစားပါရစေဦး''

သို့သော် ရှာန်သော့ဆန္ဒတွေ မပြည့်ဝလိုက်ပါ။ ဆိုင်ပေါက်ဝဘက်ကို မျက်နှာမူထိုင်နေသည့် ရှာန်သော့ကို အပြုံးများဖြင့် စူးစိုက်ကြည့်လျက် ဆိုင်ထဲသို့ လှလှပပ တစ်လှမ်းချင်း လှမ်းဝင်လာသော ဒေါ်ထိပ်ထားခင်ကို တွေ့လိုက်ရသည့်အချိန်မှာ သူ့နှုတ်တွေဆွံ့အသွားသည်။ လူကလည်း ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးဖြစ်သွား၏။

''မတွေ့တာကြာပြီနော် မောင်လေး။ အတိအကျဆို သုံးရက်တိတိပေါ့''





အနီရောင်တောက်တောက် နှုတ်ခမ်းဆိုးဆေးဖြင့် လှပဖူးပွင့်နေသော ဒေါ်ထိပ်ထားခင်နှုတ်ခမ်းလေးနှစ်လွှာထက်မှာ သရော်သလို လှောင်သလို အပြုံးတစ်ခုကို တပ်ဆင်ထားသည်။ အဲဒီအပြုံးကို အာသာ နည်းနည်းမှ ကြည့်မရ။

''ကျွန်တော် တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်ဗျာ''

''မင်းကို မမက ဘယ်တုန်းကရော ချုပ်နှောင်ထားခဲ့လို့လဲ မောင်လေးရဲ့''

အပြုံးမပျက်ပြောနေသည့် ဒေါ်ထိပ်ထားခင်ကိုကြည့်ပြီး သူတို့သုံးယောက်လုံး စိတ်ပျက်ခြင်းကြီးစွာ ခံစားနေရသည်။ ရှာန်သော်က မျက်နှာကို တစ်ဖက်သို့လွှဲထားတော့ သူမအကြည့်များက အာသာ့ထံသို့ ရောက်ရှိလာသည်။ အာသာကတော့ ရှာန်သော့လိုမျိုး မျက်နှာမလွှဲမိဘဲ တည့်တည့် ပြန်စိုက်ကြည့်နေမိသည်။

အနိုင်နဲ့ပိုင်းလိုမှုတွေ အထက်စီးဆန်ခြင်းတွေ ရောပြွမ်းနေသော ဒေါ်ထိပ်ထားခင်ရဲ့မျက်ဝန်းများက ကြည့်ရင်းနဲ့ကို ပူလောင်လာစေ၏။ အာသာ့ကိုကြည့်နေသည့် မျက်ဝန်းတွေမှာ မနာလိုခြင်းအရိပ်အယောင်တွေကိုလည်း ခံစားလို့ရနေသည်။

ဒါပေမဲ့ အာသာ့ရဲ့မျက်ဝန်းတွေမှာတော့ မုန်းတီးစက်ဆုပ်ရွံရှာခြင်း



www.burmeseclassic.com

www.burmeseclassic.com



များကိုသာ သူမ ရှာဖွေတွေ့ရှိသွားမည်ဖြစ်သည်။

"အခု ဒီကို ဘာလာလုပ်တာလဲ"

မိန်းမနှစ်ယောက်ရဲ့အကြည့်ချင်း ပြိုင်ဆိုင်မှုတွေကို ရာန်သော်က ပင် ကြားဖြတ်စကားပြောလိုက်သည်။ အာသာ့ကို စိုက်ကြည့်နေတုန်းက တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်းများဟာ ခုတော့ ရာန်သော့်ရှေ့မှာ အရည်ပျော်မတတ် ကွေးညွှတ်ကာ လှပစွာ ပြုံးနေကြသည်။

"မမကို အထင်မလွဲပါနဲ့ကွယ်၊ ဒီဆိုင်မှာ လုပ်ငန်းရှင်တစ်ယောက် နဲ့ ချိန်းထားလို့ မမ လာခဲ့တာပါ၊ မောင်လေးတို့နဲ့ ဆုံဖြစ်တာကတော့ တိုက်တိုက်ဆိုင်ဆိုင်ပေါ့၊ ညကျရင် အိမ်ပြန်လာမယ်မဟုတ်လား။ မမ ကွန်ဒိုကပဲ စောင့်နေမယ်လေ"

သူမ ပြောတာတွေကို နည်းနည်းမှ မယုံကြည်ပုံမျိုးနှင့် ရာန်သော် ဟက်ခနဲ ရယ်သည်။ သူမကတော့ ဘာကိုမှ မှုပုံမရပါ။ သူမ ပါးစပ်က ထွက်သမျှတွေက အမှန်တွေချည်းအဖြစ်သာ ခံယူထားပုံရသည်။

ဒီလို နာမည်ကြီးလည်း မဟုတ်သည့် စားသောက်ဆိုင်မှန်ခန်း ကျဉ်းလေးထဲမှာ ဒေါ်ထိပ်ထားခင်လိုလူတစ်ယောက်က ဘယ်လိုလုပ်ငန်းရှင်နဲ့ ချိန်းထားမှာတဲ့လဲ၊ ဒါဟာ မဖြစ်နိုင်သောစကားကြီးမှန်း ကျန်နှစ်ယောက်လည်း ရိပ်မိပါသည်။

"ညကျရင် အိမ်ပြန်လာမယ် မဟုတ်လား။ မမ ကွန်ဒိုကပဲ စောင့်





နေမယ်လေ"

သူမက အာသာတို့ရှေ့ကနေ ဆက်ထွက်သွားရန် ခြေလှမ်းပြင် ဆဲမှာပင် ရာန်သော်က ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကျွန်တော် ပြောစရာရှိတယ် မမ"

ခြေလှမ်းတွေရပ်သွားပြီး မျက်မှောင်လေးကျုံ့လျက် သူမ လှည့် ကြည့်သည်။

"ကျွန်တော် အဲဒီအခန်းကို ဘယ်တော့မှ ပြန်လာမှာမဟုတ်ဘူး"

"အို ဘာဖြစ်လို့လဲ၊ အဲဒီအခန်းက မင်းပိုင်ဆိုင်တာပဲလေ၊ မင်း ရှာဖွေလို့ရတဲ့ငွေတွေနဲ့ ဝယ်ထားတာပဲလေ"

"ဟုတ်ပါတယ် ဒါပေမဲ့ အဲဒီအခန်းထဲမှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက် မှန်သမျှကို ကျွန်တော် မလိုချင်ဘူး။ မေ့ထားလိုက်ချင်ပြီ၊ ကျွန်တော့်အစွမ်း အစနဲ့ ကျွန်တော် ရပ်တည်မယ်၊ ဘယ်သူ့ကိုမှလည်း မလိုအပ်တော့ဘူး"

"ဘာဖြစ်လို့များ မင်းစကားတွေက ဒီလောက်သေချာနေတာလဲ ကွယ်၊ မမနားကနေ မင်းထွက်သွားပြီးရင် နောက်ဆက်တွဲ ဘာတွေဖြစ်လာ မယ်ဆိုတာ မသိတာတော့ မဟုတ်ပါဘူးနော်"

ပြုံးပြုံးလေးနဲ့ ခြိမ်းခြောက်နေသော ဒေါ်ထိပ်ထားခင်ကို အာသာ မြင်ပြင်းကပ်လာ၏။ ဒီအမျိုးသမီးလက်အောက်မှာ ရာန်သော် ရှေ့ဆက် လျှောက်ဝိတ်နေမှာကိုလည်း အာသာ မမြင်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆက်တွဲ ဘာတွေဖြစ်လာမှာလဲ ဒေါ်ထိပ်ထားခင်"

ထိုင်လျက်ကြည့်နေရင်းကနေ သူမနားထိ တိုးလျှောက်သွားပြီး မေးလိုက်သောကြောင့် အနည်းငယ် စိတ်ရှုပ်သွားဟန်နှင့် အာသာ့ကို သူမ လှမ်းကြည့်သည်။

"မင်းကို ပြောပြစရာမလိုဘူး ထင်တယ်"

"ဘာဖြစ်လို့ မလိုဘူးလို့ထင်တာလဲ"

"ကိုယ်နဲ့ရှာန်သော့ကြားက အဖြစ်အပျက်တွေကို တခြားသူစိမ်း မိန်းမတစ်ယောက်ဆီ ပြောပြရလောက်အောင်တော့ မလိုအပ်သေးဘူးလို့ ထင်တာပဲလေ"

"အဲဒါ အရင်က ဖြစ်မှာပါ၊ အခုကစပြီး ရှာန်သော်နဲ့ပတ်သက်သမျှ အကြောင်းအရာတွေအားလုံးကို သိရမှုဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့"

အာသာ ရှာန်သော့ကို လှမ်းကြည့်လိုက်သည်။ အာသာ့ကိုကြည့်နေသော ရှာန်သော့မျက်ဝန်းတွေက တအံ့တဩ။

"ခုချိန်ကစပြီး ရှာန်သော်က ကျွန်မရဲ့ချစ်သူတစ်ယောက် ဖြစ်နေပြီမို့လို့ပဲ"

"ဘာ"

ဟန်ဆောင်ပန်ဆောင်တောင် မပြုံးနိုင်တော့ဘဲ ဒေါ်ထိပ်ထားခင် မျက်လုံးကြီးပြူးလျက် အော်သည်။ အာသာကတော့ အနိုင်ရသူတစ်ယောက်





လို လှလှပပလေး ပြုံးနေခဲ့၏။ ဒေါ်ထိပ်ထားခင်တင်မကပါဘဲ ရှာန်သော် ရော မင်းခန့်ရော အာသာ့ကို မယုံကြည်နိုင်သလို လှမ်းကြည့်နေကြသည်။

"မင်းဘာပြောလိုက်တယ်"

"ရှာန်သော်နဲ့ကျွန်မက တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်နေပြီ၊ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ဘာအကြောင်းပြချက်နဲ့မှ ချုပ်ကိုင်ထားတာ မဟုတ်ဘဲ တကယ်ကိုချစ်တဲ့ လူနှစ်ယောက်အဖြစ် ရှိနေပြီလေ၊ ကျွန်မပြောတာကို ရှင်းပါတယ်နော်"

"ရှာန်သော် ဒီကိစ္စက ဘာလဲ"

ဒေါ်ထိပ်ထားခင်ရဲ့မျက်ဝန်းတွေက ရှာန်သော့ဆီကို စားတော့ဝါးတော့မတတ် ရောက်ရှိသွားပြီး အံကိုကြိတ်လျက် မေးသည်။ ရှာန်သော်က အာသာ့ကို လှမ်းကြည့်၏။ အာသာ ပြုံးပြုံးလေးနှင့် ခေါင်းလေးတစ်ချက် ဆတ်ပြလိုက်သည်။ အာသာ ပြောထားသည့်အတိုင်း အလိုက်သင့်လေး ဖြေလိုက်ပါလို့ အချက်ပြလိုက်ခြင်းလည်း ဖြစ်၏။

"ဟုတ်တယ် ကျွန်တော်ချစ်တာ အာသာပဲ၊ သူနဲ့ကျွန်တော့်ကြားကို ဘယ်သူ့ကိုမှ အဝင်မခံနိုင်တော့ဘူး"

"မင်း သေချာလား ရှာန်သော်"

သူမမျက်နှာမှာ ဟန်ဆောင်ထားသော အပြုံးတွေ ကြည်နူးမှုတွေ ဆိုစရာမရှိတော့ဘဲ တင်းမာခက်ထန်မှုများသာ ပြည့်နှက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သေချာလို့လည်း အဲဒီအခန်းကနေ ထွက်ခဲ့တာပေါ့၊ ကျွန်တော့်အတွက် အာသာရှိနေရင် ပြည့်စုံပြီ၊ တခြားဘာမှမလိုဘူး"

"မင်းဆိုလိုတာက မင်းရဲ့အောင်မြင်မှုတွေပါ အပါအဝင်လား"

"ဟုတ်တယ် ကျွန်တော့်အတွက် အာသာကလွဲရင် ဘာကိုမှ မလိုအပ်တော့ဘူး"

"မင်းကိုကြည့်ရတာ သိပ်သေချာနေပုံပဲနော် ဟင်း ဟင်း"

"သိပ်သေချာပါတယ် မမ"

"ကောင်းပြီလေ ထိပ်ထားခင်ကလည်း လွယ်လွယ်နဲ့ အရှုံးမပေးတတ်တာ မင်းသိမှာပါ"

ဒေါ်ထိပ်ထားခင် ချာခနဲပင် လှည့်ထွက်သွားသည်။ အာသာနဲ့ ရှာန်သော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး သက်ပြင်းလေးတွေ ချလိုက်၏။ အာသာက ရင်ပေါ့သွားသလိုမျိုး ထိုင်ချလိုက်ပေမယ့် ရှာန်သော်ကတော့ ရှုစမ်းသိချင်စိတ်တွေ ပြင်းပြနေသော မျက်ဝန်းများဖြင့် အာသာ့ကို ငေးကြည့်နေခဲ့သည်။

"မင်းတို့နှစ်ယောက် သရုပ်ဆောင်တာ သိပ်ပီပြင်တာပဲကွာ၊ မင်းကတော့ မင်းသားဖို့ မပြောတော့ပါဘူး။ အိုက်တင်ပိုင်ချက်ကိုလေ၊ ဒါပေမဲ့ အာသာကလည်း တကယ်တော်တယ်ဟ"

ဘာဆိုဘာမှမသိသော မင်းခန့်က ကြားဝင်ပြီး ချီးကျူးနေသေး



သည်။

"မင်းကိုငါ ပြောစရာရှိတယ် မင်းခန့်"

အတည်အတံ့ပြောနေသော ရှာန်သော့မျက်နှာကြောင့် မင်းခန့်ကလည်း တလေးတစား နားထောင်ပေးမည့်ပုံ။ အာသာ့မှာသာ ရှာန်သော် ဘာပြောမလဲဆိုပြီး ကြိုသိနေသလိုမို့ ရင်တုန်နေမိသည်။

"ပြောလေ ရှာန်သော်"

"ငါ ငါ့မှာ တကယ်ချစ်ရတဲ့မိန်းကလေးတစ်ယောက် ရှိနေတယ်"

"ဟိုးတစ်ညက မင်းပြောတဲ့စကားတွေထဲမှာပါတာ ငါ မှတ်မိပါတယ်၊ မင်းဘက်က ဘာမှဆက်ပြောမလာလို့ ငါမမေးသေးတာ"

"အေး အခု အဲဒီမိန်းကလေးအကြောင်း မင်းကိုငါ ပြောပြချင်တယ်"

"ရှာန်သော်"

အာသာ တစ်ခုခုကို တားမြစ်ရန် ခေါ်လိုက်မိသော်လည်း ရှာန်သော်က မကြားချင်ယောင်ဆောင်ကာ ဆက်ပြောပါသည်။

"ငါချစ်ရတဲ့မိန်းကလေးက တခြားသူမဟုတ်ဘူး"

"တခြားသူ မဟုတ်ဘူးဆိုတော့"

"ငါချစ်တာ အာသာပဲ မင်းခန့်"

"ဟေ ဟာ မင်းကလည်း"



www.burmeseclassic.com

www.burmeseclassic.com



အလွှန်အမင်း အံ့ဩထိတ်လန့်သွားသော မျက်နှာနှင့် မင်းခန့်က ခေါင်းတခါခါ။ အာသာ့မှာသာ အေးနွေးကဝ်လျက်ထိုင်ပြီး မျက်နှာပူနေမိ၏။

"မင်းမယုံလို့လား။ ငါခုနက ဒေါ်ထိပ်ထားခင်ကို ပြောခဲ့တဲ့ စကားတွေအားလုံးက အမှန်တွေချည်းပါပဲ၊ ငါ သရုပ်ဆောင်နေခဲ့တာ မဟုတ်ဘူး"

"ငါ ငါ ကြားနေတာတွေ ဟုတ်မှဟုတ်ရဲ့လား"

ခုချိန်ထိ မယုံကြည်နိုင်ဖြစ်နေသော မင်းခန့်ကို ဈာန်သော်က စိတ်ရှည်လက်ရှည် ရှင်းပြတော့မည့်ပုံ။

"ငါသူ့ကိုချစ်ခဲ့တာ နှစ်ပေါင်းများစွာ ကြာနေခဲ့ပါပြီ၊ မင်းတို့ သတိမထားမိအောင် ငါနေခဲ့ရုံတင်ပါ၊ ငါဘာတွေပဲလုပ်နေပါစေ ငါ့စိတ်ထဲမှာ တကယ်တမ်း တမ်းတမ်းတတ ရှိနေရတဲ့မိန်းကလေးက အာသာတစ်ယောက်တည်းပဲ"

"ဟာ ဘာတွေပြောနေကြမှန်းလည်းမသိဘူးကွာ၊ ငါသွားတော့မယ်"

"နေပါဦး အာသာ"

ချက်ချင်းပင် ထထွက်သွားဖို့ပြင်သော အာသာ့ကို ဈာန်သော်က လက်လေးတစ်ဖက် လှမ်းဆွဲထားလျက် တားမြစ်သည်။

"နင်တို့က ငါ့ကိုရှေ့မှာထားပြီး ဘာတွေပြောနေမှန်းကိုမသိဘူး"

"ဘာတွေပြောနေတယ်ဆိုတာကို နင်သိပါတယ် အာသာရယ်၊





ပြီးတော့လေ ငါသိချင်တာလေးတစ်ခုလည်း ရှိသေးတယ်၊ နင်ပြန်ဖြေပေးပါနော်"

ဈာန်သော့်မျက်နှာက တောင်းပန်တိုးလျှိုးမှုအပြည့်၊ လက်ကိုလည်း ဆွဲထားလိုက်တာမလွှတ်တော့။ အာသာသာ စိတ်လျှော့လျက် ပြန်ထိုင်လိုက်ရပြန်သည်။

"ဘာသိချင်တာလဲ"

"ခုနက နင်ပြောခဲ့တဲ့စကားတွေက အမှန်တွေလား။ ငါအမှန်တွေလို့ မှတ်ယူလိုက်ရမလား"

အာသာ ရှက်သွားသည်။ ခုနတုန်းကတော့ ဈာန်သော် ခံနေရတာကို မမြင်ချင်သောစိတ်၊ အဲဒီအမျိုးသမီးကို မုန်းတီးမိသော စိတ်များဖြင့်သာ အာသာကိုယ်တိုင်တောင် မထင်မှတ်ထားသော စကားများကိုသာ ပြောပစ်လိုက်ခြင်းဖြစ်ပေမယ့် ခုပြန်တွေးတော့ အရှက်ကြီးရှက်နေမိ၏။

"မင်းတို့နှစ်ယောက်က ဘာတွေလဲ"

မင်းခန့် နားမလည်နိုင်စွာ စိတ်ရှုပ်ထွေးစွာနှင့် မေးခွန်းထုတ်လာသည်။

"ငါ အာသာ့ကိုဖွင့်ပြောခဲ့ပြီးပြီ မင်းခန့်"

"ဟော ကောင်းကွာ၊ ငါတော့လိုက်မမီတော့ဘူး။ နေပါဦး ငါ့ရှောင်ပေးရဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ပေးဖို့တော့ မလိုပါဘူးနော်၊ ဟုတ်တယ်မဟုတ်လား အာသာ"

"အာ မသိဘူး၊ နင်တို့နှစ်ယောက်လုံး ဘာတွေပြောနေမှန်း မသိဘူး"

အာသာ ရှက်ရမ်းရမ်းပါပြီ။ ဒါပေမဲ့ ထထွက်သွားလို့လည်း မရ။ ရျာန်သော်က လက်ကိုတင်းကျပ်နေအောင်ဆုပ်ကိုင်ထားသောကြောင့် ဖြစ်သည်။

"နင် ငါ့လက်ကိုလွှတ်ဦး ရျာန်သော်"

"ခုနက ပြောတာတွေက အမှန်တွေမဟုတ်လား။ အဲဒီမေးခွန်း ဖြေပေးရင် နင့်လက်ကိုငါ လွှတ်မယ်"

ရျာန်သော့်ကိုတစ်လှည့် မင်းခန့်ကိုတစ်လှည့် အာသာကြည့်ရင်း စိတ်တွေရှုပ်ထွေးလာသည်။ ရျာန်သော်ကလည်း ဒီနေ့တော့ အာသာ့ဆီက စကားတစ်ခွန်းကို ရအောင်ယူမယ်လို့ ဆုံးဖြတ်ထားပြီးပုံ။ ဘေးနားမှာ ထိုင်နေသည့် မင်းခန့်ကလည်း တကယ့်ကို စိတ်ဝင်တစား နားထောင်နေခြင်း။

အာသာ အော်ငိုပစ်လိုက်ချင်စိတ်ပင် ပေါက်လာသည်။

"နင့်မှာ အဖြေမရှိဘူးလားဟင်"

ခုနက တက်ကြွနေသည့်မျက်နှာကနေ ချက်ချင်းကို အိုကျသွားသော မျက်နှာကြောင့် အာသာ စိတ်မကောင်းဖြစ်သွားသည်။ အာသာ့





ကြောင့်နဲ့ ရျာန်သော့်ကို စိတ်မကောင်းမဖြစ်စေချင်။ စိတ်မညစ်စေချင်။ စိတ်အားငယ်ခြင်း မဖြစ်စေချင်။ အာသာဟာ ရျာန်သော့်အတွက် အားပေးနိုင်တဲ့လူတစ်ယောက်၊ ရျာန်သော့်ထိခိုက်နာကျင်မှုတွေကို နားလည်ပေးနိုင်ပြီး နှစ်သိမ့်ပေးနိုင်မည့်လူတစ်ယောက်သာ ဖြစ်ချင်သည်။

အဲဒါဟာ ဘာလဲ။ အချစ်လား ဘာလား မသေချာပါ။

"ငါမသိဘူး ရျာန်သော်၊ နင် နာကျင်ခံစားရမှာကို မမြင်ချင်လို့ ငါ လုပ်လိုက်တာ၊ နင်စိတ်ညစ်မှာ စိတ်ဆင်းရဲမှာကို ငါ မမြင်ချင်ဘူး မကြားချင်ဘူး"

"နင် ငါ့ကိုချစ်တယ်လို့သာ ပြောလိုက်ပါတော့ အာသာရယ်"

"ငါမသိဘူး အခု အဲဒီလိုခံစားနေရတာတွေက အချစ်တွေလား ဘာတွေလဲ ငါမသိဘူး"

"သေလိုက်ပါတော့ အာသာရာ"

အဲဒီစကားကတော့ မင်းခန့် ဝင်ပြောလိုက်ခြင်း။ မင်းခန့်မျက်နှာက ငိုရခက်ရယ်ရခက် ဖြစ်နေပုံနှင့်

"ငါကြားထဲက ဝင်မေးပါရစေဦး။ မင်းတို့ ခုလိုဖြစ်နေတာကို ဝီရ ကြီးရော သိလား"

"မသိဘူး မင်းခန့်"

"ဟြော် ဒီလိုဆို မင်းတို့က နှစ်ယောက်တည်း တွဲခုတ်ဖို့ ကြံစား



www.burmeseclassic.com

www.burmeseclassic.com



နေတာပေါ့လေ"

သူငယ်ချင်းဖြစ်သူက အပြစ်တင်သလို ပြောလာခဲ့တော့ နှစ်ယောက်သားလုံး မျက်နှာမကောင်းနိုင်ကြ။

"မင်းက ငါတို့နှစ်ယောက်ကို သဘောမတူဘူးလားဟင်"

ရှာန်သော့မေးခွန်းကို မင်းခန့် တစ်ချက်စဉ်းစားဟန်ပြုသည်။ ပြီးမှ

"အင်း သဘောမတူစရာတော့ မရှိပါဘူး။ ဗိုတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တော့ ကောင်းတာပေါ့လေ"

"ဟာ မင်းသဘောတူတယ်လို့ ပြောတာလား"

"ငါကတော့ ပြဿနာမရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့လေးယောက်က အမြဲတမ်းမခွဲမခွာ ရှိနေမှာပဲလေ"

"ဟား ဝမ်းသာလိုက်တာကွာ"

"အောင်မာ ငါက ဘာမျှားပြောရသေးလို့ နင်တို့နှစ်ယောက် ဒီလောက်တောင် အတိုင်အဖောက်ညီနေတာလဲ"

အာသာ စိတ်တိုစွာ ဝင်ပြောသည်။ ရှာန်သော့မျက်နှာက ချက်ချင်းပြန်ပျက်သွားပြန်၏။

"နင်ကလေ သိလား။ ရုပ်ရှင်မင်းသားလို့ကို မပြောရဘူး။ သိပ်မျက်နှာ အပြောင်းအလဲမြန်တာပဲ"

"အဲဒီလို မပြောပါနဲ့ အာသာ၊ ငါ့မှာ နင့်ဆီက တိကျတဲ့စကား





တစ်ခွန်းကို မကြားရမချင်း မျောက်မီးခဲကိုင်မိသလို ဖြစ်နေတာပါ။ တစ်ဖက်ကလည်း မင်းခန့်နဲ့ဗီရ စိတ်ဆိုးမှာကို တွေးပူနေမိတယ်"

တကယ်တမ်း တွေးပူမိသည့်အထဲမှာ သူတို့နှစ်ယောက်လည်း ကိုယ့်လိုများ အာသာ့ကိုချစ်နေသလားဆိုသည့် အချက်လည်းပါနေတာကိုတော့ ထုတ်မပြောတော့ပါ။ မင်းခန့်ဆီက ဝမ်းသာအားရနှင့် သဘောတူညီမှုကို ရပြီးနေမှတော့ တခြားဘာကိုတွေးပူနေရဦးမှာလဲ။

"နင့်ကိုတစ်ခု ပြောစရာရှိတယ်"

"ဘာလဲ အာသာ"

"လာမယ့် စနေနေ့ကျရင် ငါ့အိမ်ကိုလာခဲ့ပါလား"

"ဟေ ဘာဖြစ်လို့လဲဟ"

"ငါ့အမေနဲ့မိတ်ဆက်ပေးမလို့"

"နင့်အမေက ဟိုးအရင်တည်းက ငါ့ကိုသိပြီးသားလေ"

ကြောင်တောင်တောင် ပြန်ဖြေနေသော ရှာန်သော့ကို အာသာ စိတ်မရှည်ဖြစ်သွားသည်။

"မေမေက ဟိုနေ့က ငါလုပ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ သိပ်စိတ်ဆိုးတယ်"

"နင့်ကိုယောက်ျားပေးစားမယ်ဆိုတဲ့ ကိစ္စလား။ နင့်အိမ်ကနေ တိတ်တိတ်လေး ထွက်သွားတာလေ"

www.burmeseclassic.com



"အေး ဟုတ်တယ် မင်းခန့်၊ အဲဒီလို စိတ်ဆိုးနေတော့ ငါက ပြောမိပြောရာဟာ ငါ့မှာချစ်သူရှိတယ်လို့ ပြောလိုက်မိတယ်"

"အင်း အဲဒီတော့"

မင်းခန့်က စကားဝင်ဝင်ထောက်ပေးနေသော်လည်း ရှာန်သော်ကတော့ မျက်မှောင်ကြီးကျုံ့ပြီး နားထောင်နေ၏။

"အဲဒီတော့ ငါ့မှာ ချစ်သူရှိတယ်ဆိုရင် အဲဒီချစ်သူကို အိမ်ကို ခေါ်လာပြီး မေမေနဲ့အမြန်ဆုံး မိတ်ဆက်ပေးပါတဲ့"

"ဟာ နင်ခွကျပြီပေါ့"

"မကျပါဘူးဟ၊ အဲဒါကြောင့် ရှာန်သော့်ကို အခုပြောနေတာလေ"

ခုမှပင် အကောင်လိုက်ပြလိုက်လို့ အရိပ်မြင်သွားသော ရှာန်သော့်မှာ မျက်နှာကြီးတစ်ခုလုံး တောက်ပဝင်းလက်လျက် ချိုမြသွားတော့သည်။

"နင် နင်ဆိုလိုချင်တာက"

"ငါတော့ ဒီတစ်ခါ တကယ်ရှောင်ပေးရတော့မယ်နဲ့တူတယ်"

"ဟား ဟား ရှောင်ပေးဖို့ မလိုပါဘူးဟ၊ နားတော့ပိတ်ချင် ပိတ်ထားပေါ့"

အာသာက ရွှင်ရွှင်မြူးမြူးလေး ပြောတော့ မင်းခန့် မျက်စောင်းထိုးသည်။





"ဝီရရဲ့ မင်းကတော့ ငွေတွေကုန်းရှာပြီး ဘာမှမသိဘူးနော်၊ ဒီမှာ ငါ့အဖြစ်ကို လာကြည့်ပါဦးဟ"

မိုင်ပေါင်းများစွာ အဝေးက ဝီရကို တိုင်တည်ပြီး မင်းခန့် အော်ငိုဟန်ပြုသည်။ ပြီးတော့ တစ်ဖက်ကို မသိမသာလှည့်နေ၏။

"နင့်ကို ဒီတစ်ခါ မိတ်ဆက်ပေးမယ့် ခေါင်းစဉ်က ငါ့သူငယ်ချင်း အနေနဲ့မဟုတ်ဘူးလေ၊ နင်လက်ခံနိုင်ပါ့မလား"

"အာသာရယ်"

ရှာန်သော့်မျက်ဝန်းမှာ ကြည်နူးမှုကြောင့် မျက်ရည်တွေ ရစ်ဝဲနေ၏။ အာသာ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားသော သူ့လက်ပေါ်ကနေ အာသာ ကျန်လက်တစ်ဖက်ကို အုပ်ကိုင်ထွေးဆုပ်ထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ အာသာကိုယ်တိုင်လည်း ရင်ထဲမှာ တလှပ်လှပ်နေအောင် ရင်ခုန်ကြည်နူးနေမိသည်။ အဲဒါဟာ အချစ်ပဲဖြစ်မှာပါလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မေမေ့မျက်လုံးတွေ အဆမတန် ပြူးကျယ်နေသည်။ ဘယ်လိုမှ ထင်မထားသည့်လုပ်ရပ်ကို အာသာ လုပ်ချလာလိမ့်မယ်လို့ မေမေ နည်းနည်းလေးမှတောင် မျှော်လင့်ထားပုံမရ။

"အာသာ့ချစ်သူဆိုတာ ရှာနီသော်ပါပဲ မေမေ၊ မေမေ မှတ်မိမယ်လို့ ထင်ပါတယ်"

"မှတ်မိတာပေါ့ နိုင်ငံကျော်မင်းသားကို ငါမမှတ်မိဘဲ နေမလား"

တအံ့တသြ မျက်နှာနှင့် စနောက်နောက် ပြောလိုက်သော မေမေ့မျက်နှာကြောင့် နှစ်ယောက်သားလုံး ရင်တုန်နေတာတွေတော့ နည်းနည်းလျော့ပါးသွားသည်။

"သူ့ကို အာသာချစ်တယ်၊ ပြီးတော့ သူနဲ့ပဲလက်ထပ်ချင်ပါတယ်





မေမေ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် အာသာ့ကို ဟိုးငယ်ငယ်လေးတည်းက ချစ်ခဲ့တာပါ။ ဒါပေမဲ့ သိပ်မကြာသေးခင်ကမှ ဖွင့်ပြောဖြစ်ခဲ့တာပါ"

"နင်တို့တွေပေါင်းပြီး အာသာ ယောကျ်ားမယူရအောင် သရုပ်ဆောင်နေတာတော့ မဟုတ်ပါဘူးနော်"

မေမေ့အတွေးကို အာသာ လန့်ဖျပ်သွားသည်။ မေမေ မေးလည်း မေးချင်စရာ ဖြစ်နေတာကိုး။

"မဟုတ်ပါဘူး မေမေ၊ အာသာတို့နှစ်ယောက် တကယ်တွဲနေတာပါ"

"အေးလေ ရှာနီသော်ကတော့ ငယ်ငယ်တည်းကမြင်ဖူးတွေ့ဖူးပြီး သိနေတဲ့အတွက် အထူးတလည် စုံစမ်းမေးမြန်းနေရမှာတွေတော့ မရှိပါဘူး။ မိဘတွေက ဆုံးပါးသွားတာကြာပြီနော်၊ မင်းသားဖြစ်ချင်လို့ ရန်ကုန်ကို တစ်ယောက်တည်း တက်လာခဲ့တာမဟုတ်လား"

အရင်က ပြောပြထားဖူးသော ရှာနီသော့်အကြောင်းတွေကို မေမေ မှတ်မိနေခြင်းအတွက် အာသာ ဝမ်းသာသွားသည်။ ဘာမှထွေထွေထူးထူး လုပ်ပြီး မေမေ့ကိုပြောပြနေစရာမလိုတော့။

"ဟုတ်ပါတယ် အန်တီ"

"မင်းလည်း ကိုယ့်စီးပွားကိုယ်ရှာစားနေတဲ့ ယောကျ်ားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ၊ အရင်ကလို ဘာမှမဟုတ်တဲ့ ပေါးလားဝါးလားအရွယ်လေးလည်း မဟုတ်တော့ဘူးဆိုတော့ အန်တီ့မှာ အပြစ်ပြောစရာတော့ မရှိပါဘူး။ ဒါပေမဲ့ မင်းက နိုင်ငံကျော်မင်းသားတစ်ယောက်ဖြစ်နေတာကတော့ နည်းနည်းစဉ်းစား ရာပဲ၊ မင်းက လူသိများတယ်၊ အောင်မြင်တယ်၊ အဲဒီအတွက်ရလာမယ့် အကျိုးဆက်တွေကို အာသာ မခံနိုင်မှာပဲ အန်တီ စိုးရိမ်မိတယ်''

''အန်တီပြောတာကို ကျွန်တော် နားလည်ပါတယ်၊ အဲဒီလိုမျိုးတွေ အာသာ မခံစားရအောင် ကျွန်တော်ကြိုးစားမှာပါ''

''မင်း သေချာသလား။ မင်းမှာ မိသားစုအတွက် ပေးဖို့အချိန်ထက် အလုပ်တွေများမယ်၊ မိန်းကလေးပရိသတ်တွေများမယ်၊ အဲဒီလိုကိစ္စတွေ အတွက်ရော မင်းအာမခံနိုင်သလား''

''ကျွန်တော် သေချာအာမခံနိုင်ပါတယ် အန်တီ၊ ကျွန်တော့်မှာ မိန်းကလေးပရိသတ်များပေမယ့် အဲဒီပရိသတ်တွေနဲ့ပတ်သက်ပြီး ဘယ်လို သတင်းမှလည်း မထွက်ခဲ့ပါဘူး။ နောက်လည်း မဖြစ်စေရပါဘူး။ ကျွန်တော် ကတိပေးပါတယ်''

ရှာန်သော်နဲ့မေမေ စကားပြောဖြောင့်နေသောကြောင့် အာသာ စိတ်ချမ်းသာမိသည်၊ ဘာပဲပြောပြော ခုလိုမျိုးလေး ရှာန်သော် စိတ်ချမ်းသာ တာကိုမြင်နေရသည့်အတွက် အာသာလည်း ပျော်နေမိ၏။

■ ■ ■





''မင်းခန့်ဖုန်းဆက်ပြောတော့ ငါယုံတောင်မယုံချင်ခဲ့ဘူး အာသာ''

ဇီရအသံတွေက ခုထိကို အံ့ဩမဆုံးဖြစ်နေတုန်းဆိုတာ သိသာလှ သည်။ အာသာလည်း ဘာပြန်ပြောလို့ ပြောရမှန်းပင်မသိ။

''အခု အနားမှာ ဟိုကောင်ရှိလား''

''မရှိဘူး။ သူ အိမ်နောက်ဖေးမှာ ငါ့အတွက် ကော်ဖီဖျော်နေတယ်''

''ဩော် နင်တို့ ဟိုအိမ်လေးကို ရောက်နေကြတာလား''

''အေး''

''ရှာန်သော် ဝယ်လိုက်တယ်လို့ ငါကြားတယ်၊ အဲဒါလေးတော့ ငါလည်းသဘောကျတယ်၊ ငါတို့တွေအားလုံးအတွက် အမှတ်တရ ဖြစ်ခဲ့တဲ့ နေရာလေးလေ''

''အင်း သေချာတာပေါ့''

''ဒါနဲ့ ဟိုကောင် အနားမှာမရှိဘူးဆိုလို့ ငါပြောပါရစေဦး အာသာ''

''ဘာပြောမလို့လဲဟ၊ နင်က အလန့်တကြား''

''ငါ မပြန်ခင်လေးကတင် သူနဲ့ပတ်သက်တာတွေ ပြောပြခဲ့တာ နင် မေ့ပစ်လိုက်တာလားဟင်''

''ငါမမေ့ပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ငါတို့ဖြစ်သွားတာ တွေ အများကြီးပဲ ဇီရ''

''ငါသိပါတယ် မင်းခန့်ပြောပြလို့ ငါအားလုံးသိတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်တယ် ငါက နင်အလုပ်အားမယ့် ဆန်းဒေးလောက်မှ ဖုန်းဆက်ပြီး ပြောမလို့လုပ်နေတာ၊ ဒီကောင်က မြန်သွားတာပေါ့"

"နင်တို့အကြောင်းဆိုရင် ငါ့ဆီ အချိန်မရွေး ဖုန်းဆက်လို့ရပါတယ် အာသာ၊ နေ့တွေရက်တွေ အချိန်တွေ မရွေးပါဘူး"

"ငါအဓိက ပြောချင်တာက ဒေါ်ထိပ်ထားခင်ဆိုတာ စီးပွားရေး လောကမှာလည်း နယ်နယ်ရရ မဟုတ်ဘူးနော်၊ နင်တို့ သူနဲ့သွားပြိုင်တာ တော့ ငါ့ကိုစိတ်ပူစေတာ အမှန်ပဲ၊ ပြီးတော့"

ဝီရက ဆက်မပြောသေးဘဲ ခဏရပ်နေသေးသည်။ သူ ပြောသင့် မပြောသင့် ဝေခွဲမရဖြစ်နေပုံ။

"နင် ပြောစရာရှိတာကို ပြောပါ ဝီရ"

"ဈာန်သော်ကရော အဲဒီမိန်းမဆီကနေ ဒီလောက်လွယ်လွယ်နဲ့ ထွက်လာနိုင်လိမ့်မယ်လို့ နင်ထင်နေတာလား"

"အဲဒါ"

ဝီရ မေးခွန်းကြောင့် အာသာကိုယ်တိုင် တွေဝေသွားသည်။ ခု တလော ဒီအမျိုးသမီးဘက်က ဘာမှထွေထွေထူးထူးလုပ်တာ မတွေ့ရဘဲ ငြိမ်သက်နေသည်။ ဒါကိုပဲ အာသာတို့က စိုးရိမ်နေမိခြင်း ဖြစ်၏။

"နင် ချက်ချင်းမဖြေနိုင်တော့ဘူးမဟုတ်လား"

"ဟုတ်တယ် ငါ နည်းနည်းတွေဝေသွားတာတော့ ဝန်ခံပါတယ်





ဝီရ၊ တကယ်ဆို ငါ ငါမှားသွားတာလားဟင်"

"နင်ကိုယ်တိုင် ခုချိန်ထိ တွေဝေနေတာတော့ မကောင်းဘူး အာသာ၊ ငါပြောချင်တာက နင့်ကိုဈာန်သော်နဲ့ သဘောမတူဘူး တူတယ် မဟုတ်ဘူး။ နင်သူနဲ့ပတ်သက်ပြီး ရလာမယ့်အကျိုးဆက်တွေကို ခံနိုင်ရည် ရှိလားဆိုတာပဲ ငါသိချင်တာ၊ ငါကတော့ နင့်ကိုမခံစားရစေချင်ဘူး"

"ငါနားလည်ပါတယ် ဝီရရယ်၊ ဒါပေမဲ့ ငါသိနေတာတစ်ခုက ဈာန်သော် ငါ့ကိုတကယ်ချစ်တယ်ဆိုတာပဲ၊ တစ်ယောက်ကိုတစ်ယောက် သိပ်နားလည်ပြီး ခင်မင်ခဲ့ကြတဲ့ ငါတို့အတွက် တစ်ယောက်ရင်ထဲက ခံစား ချက်ကို တစ်ယောက်က အလိုလိုနားလည်နေသလိုမျိုးပေါ့၊ ပြီးတော့ ငါသာ သူ့ဘေးမှာ မရပ်တည်ပေးရင် သူဆက်ပြီးတော့ သူ့ဘဝကို ရေစုန်မျှောပစ် လိုက်မှာလည်း ငါ မလိုချင်ဘူး"

"နင်ဖြစ်နေတာကိုလည်း ငါနားလည်ပါတယ်လေ၊ အင်းပေါ့ တစ်ခု ခု ဆိုးရွားတာတွေ ဖြစ်လာခဲ့ရင်လည်း ငါ့ကိုတိုင်ပင်ဖို့ မမေ့ပါနဲ့၊ ငါ နင်တို့နဲ့ အတူ အမြဲရှိနေမှာပါ"

"ကျေးဇူးတင်ပါတယ် ဝီရရယ်"

အာသာ ဖုန်းချလိုက်သည့်အချိန်မှာပဲ ဈာန်သော်က ကော်ဖီ မတ်ခွက်လေးနှစ်ခွက်ကိုင်ပြီး အိပ်ရေ့ခန်းကို ထွက်လာ၏။

"ဘယ်သူနဲ့ပြောနေတာလဲ အာသာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝီရပါ၊ ငါတို့နှစ်ယောက်အကြောင်း မေးနေတာ"

"ဟုတ်လား ဒီကောင် ငှါးသီတောင် မဆက်ဘူး"

"သြော် နင်က စက်ကြီးပိတ်ထားတာကိုး"

"ငါတို့ကို စိတ်ဆိုးနေသေးလား"

"အင်း ဘာမှတော့ မပြောပါဘူး။ ငါတို့နှစ်ယောက် တစ်ခုခုဖြစ်မှာကိုပဲ သူစိုးရိမ်နေတာ"

ရှာန်သော် ငြိမ်ကျသွားသည်။ သူ့အတွေးထဲမှာတင် ဒေါ်ထိပ်ထားခင် ရောက်ရှိလာ၏။ ဒီအမျိုးသမီး အလိုကျနေပေးခဲ့ရသော နေ့ရက်တွေဟာ ရှာန်သော့်ဘဝအတွက် အခါးသီးဆုံးနေ့ရက်များ ဖြစ်ခဲ့သည်။ ဒါပေမဲ့ အာသာ ငမ်းငမ်းလိုချင်တပ်မက်ခဲ့သော အောင်မြင်မှုများကို အချိန်တိုတိုနဲ့ ရောက်ရှိအောင် လှေကားထောင်ပေးနိုင်ခဲ့သူတစ်ယောက်အဖြစ် သူ ပြန်မလှန်နိုင်ခဲ့။

ကိုယ့်အောင်မြင်မှုတွေ ကိုယ့်သိက္ခာတွေကို သူမက ချုပ်ကိုင်ထားသလို ဖြစ်ခဲ့သည်။ သူမ သတ်မှတ်ထားသောစည်းအပြင်ကို မကျော်နိုင်ခဲ့သည့် ခြံထဲက ကြက်ကလေးတစ်ကောင်ဘဝကို သူ ရောက်ခဲ့ရသည်။ ခုတော့ သူမ အပ်နှံပေးထားသည့် တိုက်တွေနဲ့လည်း ရှာန်သော် ဆက်မရိုက်ချင်တော့။ ဒါကြောင့် ဖုန်းကိုစက်ပိတ်ထားပြီး လောကကြီးတစ်ခုလုံးနဲ့ အဆက်အသွယ်ဖြတ်ထားခဲ့ခြင်း ဖြစ်သည်။

ရိုက်ကွင်းသွားရမည့်ရက်တွေ ဆက်တိုက်ရှိနေပါလျက် ရှာန်သော်





မသွားဘဲ အားလုံးကို ပစ်ချထားခဲ့ခြင်း ဖြစ်၏။ ဒီတိုက်ခန်းလေးထဲမှာပဲ တစ်နေ့ပြီးတစ်နေ့ ပုန်းအောင်းနေမိသည်။ နေ့ဘက်တွေ ညနေဘက်တွေဆို မင်းခန့်ရောက်လာသောကြောင့် မပျင်းရသလို အာသာကလည်း ညနေရှုံးဆင်းချိန်ဆို ဝင်လာတတ်သည်။

"ရှေ့လျှောက် ငါ့လက်ကို ဆက်တွဲသွားဖို့ ယုံကြည်ချက် နင့်မှာရှိလား အာသာ"

"ငါ နင့်ကို ရွေးချယ်ခဲ့ပြီးပြီပဲလေ၊ ဘာပဲဖြစ်ဖြစ် အတူတူရင်ဆိုင်ကြတာပေါ့"

ရှာန်သော်က အာသာ့ကို သူ့ရင်ခွင်ထဲမှာ နွေးထွေးစွာ ဖက်ထားလိုက်သည်။ အာသာ့နှလုံးသားလေးတစ်ခုလုံး တသိမ့်သိမ့်နဲ့ လှိုက်ခုန်နေမိသည်။ ဒီရင်ခုန်မှုတွေဟာ အချစ်ဆိုတာ သေချာခဲ့ရင် ရှာန်သော့်ကို အာသာ တကယ်ပဲချစ်ခင်နေမိပါပြီ။

"ကျေးဇူးတင်ပါတယ် အာသာရယ်၊ ငါ့အကြောင်းတွေအားလုံး သိနေလျက်နဲ့တောင် ငါ့ကိုလက်ခံပေးခဲ့တဲ့အတွက်ပါ"

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်လေ"

"ကျေးဇူးဆပ်ရမယ် ဟုတ်လား။ ဘယ်လိုနည်းနဲ့လဲ အာသာ ပြောပေးပြီးတော့လား"

ပြောပြောဆိုဆို အာသာ့ပါးပြင်လေးကို ဖြတ်ခနဲ နမ်းပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် နဂိုတည်းက ပန်းရောင်သမ်းနေသည့် အာဘွားမျက်နှာလေး ရဲရဲနီသွားသည်။

"နင် နင် ဘာလုပ်တာလဲ ရှာန်သော်"

"အာဘွားပေးတာလေ"

"ဟာ ဘာလဲကွာ၊ မပေးနဲ့"

"ဟွန် အာသာကလည်း၊ ကိုယ့်ချစ်သူကိုယ် အာဘွားလေးတောင် မပေးရတော့ဘူးလား၊"

"မပေးနဲ့"

"ဘာဖြစ်လို့လဲကွာ အာသာကလည်း"

"ငါ ရှက်လို့"

မျက်နှာလေး ငုံ့သွားပြီး ချစ်စဖွယ်ပြောလိုက်ဟန်လေးကိုက သူ့အတွက် မြတ်နိုးချင်စရာလေး ဖြစ်နေခဲ့သည့် အာသာ့ကို သူ ရင်ခွင်ထဲမှာသာ တင်းကျပ်နေအောင် ဆွဲဖက်ထားလိုက်တော့သည်။

■ ■ ■



## အခန်း (၁၄)

ဒီနေ့မနက်တည်းက ကောင်းကင်ကြီး အုံ့မှိုင်းနေသည်။ သူတို့အတွက်လည်း ကံဆိုးမိုးမှောင်ကျခဲ့သော နေ့တစ်ရက်ဖြစ်၏။

"နင်နဲ့ဒေါ်ထိပ်ထားခင်အကြောင်းတွေကို သိနေတဲ့လူတစ်ယောက်ပါဆိုပြီး အတွင်းရေးတွေအားလုံးဖွင့်ချထားတဲ့ ဖေ့ဘွတ်အကောင့်တစ်ခု ပေါ်လာတယ် ရှာန်သော်"

ရှာန်သော်က သိပ်တော့ အံ့ဩဟန်မပြ။ မဲ့ပြုံးလေးသာ ပြုံးနေသည်။

"အဲဒီအကောင့်က တခြားသူတော့ မဖြစ်နိုင်ဘူး အာဘွား၊ ဒေါ်ထိပ်ထားခင်ကိုယ်တိုင်ပဲဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အဲဒီလိုပဲ တွေးမိပါတယ်"

"သူ ဘာတွေရေးထားတယ်ဆိုတာ နင်ဖတ်ကြည့်ဦး"

"ငါ မဖတ်ချင်တော့ဘူး"

"နင် မဖတ်လို့မရဘူး ရှာန်သော်၊ ဖတ်ကိုဖတ်ထားမှ ဖြစ်မယ်"

အာသာက ဖုန်းလေးကို သူ့လက်ထဲ ထိုးထည့်ပေးလိုက်သည်။ ရှာန်သော် သက်ပြင်းလေးချရင်း ဖွင့်ဖတ်၏။ ဖတ်နေရင်းတန်းလန်းနှင့် သူ့မျက်နှာပေါ်မှာအရောင်တွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲသွားနေသည်။ နောက်ဆုံး ဒေါသတကြီးနှင့် ဖုန်းလေးကို စားပွဲပေါ်ဆောင့်ချလိုက်သည်။

"မဟုတ်ဘူး အာသာ မဟုတ်ဘူး"

"ဘာကိုလဲ နင် သူ့ဆီက အကူအညီတွေယူခဲ့တာ မဟုတ်တာလား။ နင်နဲ့သူနဲ့ အတွင်းကျကျပတ်သက်ခဲ့တာတွေက မဟုတ်တာလား။ ဘာကမဟုတ်တာလဲ ရှာန်"

"ငါက စတင်ပြီး သူ့ကိုချဉ်းကပ်ခဲ့တယ်ဆိုတာ မဟုတ်ဘူး။ ပြီးတော့ သူ့ပစ္စည်းတွေကို ငါက အပိုင်သိမ်းပြီးမှ ရှောင်တိမ်းသွားတယ်ဆိုတာတွေ မဟုတ်တာ၊ ငါ သူ့ဆီက ဘာမှမယူခဲ့ဘူး အာသာ၊ ငါ့လုပ်အားနဲ့ငါရှာဖွေထားခဲ့တဲ့ ငါသီးသန့်သိမ်းထားတဲ့ ငွေကြေးတွေပဲ ငါယူလာခဲ့တာ"

"ငါ နင့်ကိုယုံပါတယ်"

"နင် ငါ့ကိုမယုံပါဘူး။ ခုနက ငါ့ကိုကြည့်တဲ့အကြည့်တွေမှာ ငါ့





အပေါ် သံသယဖြစ်နေတဲ့အရိပ်တွေ ပါနေတယ်"

"အဲဒါ ငါမှားလား ရှာန်၊ နင်တို့နှစ်ယောက် ဘယ်လောက်အတိုင်းအတာထိ ပတ်သက်ခဲ့တယ်ဆိုတာ ငါမသိဘူး။ ပြီးတော့ နင်အခု သုံးစွဲနေတဲ့ ငွေကြေးတွေကလည်း ဘယ်ကရတယ်ဆိုတာ ငါမသေချာဘူး။ ငါအခု သိထားတာက နင် သူ့ဆီကနေ ရုန်းထွက်လာခဲ့တယ်ဆိုတာရယ်၊ သူနဲ့ပတ်သက်နေတဲ့ လက်ရှိရိုက်ကွင်းတွေ ဇာတ်လမ်းတွေကို နင်အဆက်ဖြတ်ထားခဲ့တယ်ဆိုတာရယ်ပဲလေ"

"နင် ငါ့ကိုမစော်ကားနဲ့ အာသာ"

သူ့မျက်နှာက ဒေါသကြောင့် နီရဲနေသည်။

"ငါ နင့်ကို ဘာစော်ကားလို့လဲ၊ နင့်ကိုငါချစ်တယ်၊ နင် ရုန်းထွက်လာခဲ့တဲ့ အမှောင်တိုက်တစ်ခုကနေလည်း ငါ ကာကွယ်ပေးချင်တယ်၊ ဒါပေမဲ့ တခြားငွေကြေးနဲ့ပတ်သက်တဲ့ အသေးစိတ်ကိုတော့ နင်ငါ့ကို ပြောပြထားခဲ့တာမဟုတ်ဘူးလေ"

"အခု ငါပြောပြခဲ့ပြီ မဟုတ်လား"

"အေး ငါလည်း အခု နင့်ကိုယုံတယ်လို့ ပြောနေပြီမဟုတ်လား"

"မဟုတ်သေးဘူး အာသာရာ၊ နင် ငါ့ကိုသံသယဝင်ခဲ့တာ ငါတော်တော်စိတ်မကောင်းဖြစ်တယ်"

"အဲဒီအတွက် ငါတောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေသံကို ဖျော့ချလိုက်ပြီး သူ့ပခုံးလေးကို လက်နှင့်ပွတ်သပ်ပေး၍ ကျက်အားပေးလိုက်သည်။

"ငါထင်တယ်၊ သူ ဒီလောက်နဲ့ ငြိမ်နေမှာမဟုတ်ဘူး"

"အင်း ပြီးတော့ ဒီသတင်းတွေက အခုဆို လူထုကြားမှာ တအား ပျံ့နှံ့နေလောက်ပြီ၊ နင့်ကိုလည်း ရစရာမရှိအောင် ပြောနေကြတော့မှာ၊ နင် ဘယ်လိုဆက်လုပ်မလဲ ရျာန်"

"ငါမသိတော့ဘူး အာသာရယ်"

စိတ်ပျက်ဝမ်းနည်းစွာနှင့် အာသာ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လာသော ရျာန့်ကို အာသာ နွေးထွေးစွာ ပွေ့ဖက်နှစ်သိမ့်ပေးရင်း ဆံပင်လေးတွေကို ပွတ်သပ်ပေးနေမိသည်။ အာသာ ခါးနှစ်ဖက်ကို တင်းကျပ်နေအောင် ဖက်ထားလိုက်တာများ ကလေးတစ်ယောက်က မိခင်ကို အားကိုးတကြီး တွယ်ကပ်နေသလိုမျိုး။

■ ■ ■

## အခန်း (၁၅)

ရျာန်သော်တစ်ယောက်တည်း စိတ်ဓာတ်တွေကျကာ ငေးငေး ငိုင်ငိုင်ဖြစ်နေသည်။ အနေအထားတစ်ခုအရ အပြင်လည်း ထွက်လို့မဖြစ်သောကြောင့် ဒီအိမ်ခန်းလေးထဲမှာပဲ အောင်းနေရသောအခါ တဖြည်းဖြည်းနှင့် သူ့စိတ်ဓာတ်တွေ ပိုလို့ပျက်ပြားလာခြင်းဖြစ်မည်။

ညနေရုံးဆင်းချိန်ကနေစပြီး ညတော်တော်မှောင်သည်ထိ အာသာ အဖော်ပြုပေးနေသလို မင်းခန့်လည်း ညဘက်တွေ လာအိပ်ပေးလို့သာ တော်တော့သည်။ ဒီရက်တော့ အာသာ့ထံဖုန်းဆက်ပြီး ငါပြောတဲ့အတိုင်း ဖြစ်လာပြီမဟုတ်လား ဘာဆက်လုပ်ကြမလဲတဲ့။

တကယ်တော့ အာသာလည်း ဘာဆက်လုပ်ရမှန်းမသိ။ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



က ရင်ဆိုင်နေရသည့်သူက အင်အားကြီးမားလွန်းနေသည်။ ချာန်သော့ကို သူမ ပိုင်ဆိုင်သည့်ပိုက်ဆံတွေယူပြီး ထွက်ပြေးသွားသည်ဆိုသည့် စွပ်စွဲပြောဆို ထားချက်ကြီးက ရှိနေတော့ အားလုံး မလှူးသာမလွန့်သာဖြစ်နေသည်။

တရားစွဲဆိုမည့်ပုံစံမျိုးလည်း အရိပ်အမြွက်ပြောထားသောကြောင့် အခြေအနေက ရှုပ်ထွေးနေ၏။

ဝီရကတော့ ဖုန်းထဲကနေ ချာန့်ကို အားပေးရှာပါသည်။

“မင်းကို တရားစွဲတဲ့ထိတော့ သူလုပ်မှာမဟုတ်ဘူး ချာန်သော်၊ ဘာဖြစ်လို့လဲဆိုတော့ ခုလို ဖေ့ဘွတ်တို့ ဘာတို့ဆိုတာကနောက်ပိုင်းမှာ ကောလဟာလပါဆိုပြီး သူ့သိက္ခာသူ အဖတ်ပြန်ဆယ်သွားလို့ ရတယ်လေ၊ အေး ဒါပေမဲ့ တရားစွဲလိုက်ရင်တော့ အဲဒီလိုမဟုတ်တော့ဘူး။ သူကိုယ်တိုင် တရားဥပဒေနဲ့အညီ ပါဝင်ပတ်သက်ရတော့မှာ၊ သူကိုယ်တိုင် လူလုံးထွက်ပြရတော့မှာ၊ သူကိုယ်တိုင် လူထုတစ်ရပ်လုံးရှေ့မှာ မင်းနဲ့ပတ်သက်မှုကို ဖွင့်ချပြရတော့မှာ၊ သူလုပ်မယ်လို့များ မင်းထင်လို့လား။ လုံးဝပဲ ဟော့ကောင်၊ ဒေါ်ထိပ်ထားခင်လိုမိန်းမက အဲဒီလို အဖြစ်ခံမှာမဟုတ်ဘူး။ မင်း သူ့ဆီပြန်ရောက်လာအောင်လို့ ဒီတိုင်းခြိမ်းခြောက်ရုံသုံးတဲ့ လှည့်ကွက်တစ်ခုပါ”

အာသာရယ် ချာန်သော်ရယ် မင်းခန့်ရယ် သုံးယောက်လုံး ညဘက်တိုင်း အတူတကွရှိနေရင်း ချာန်သော့ကို အားပေးနှစ်သိမ့်နေရသည်။ ဘယ်လောက်ပဲ ခံနိုင်ရည်မွေးထားပါတယ်ပြောပြော တကယ်တမ်း ရင်ဆိုင်





လာရသည့်အခါမှာတော့ ဘယ်သူမဆို သွေးပျက်မိမှာပဲလေ။ အနှစ်နှစ်အလလ ကြိုးစားခဲ့ရသည့် အောင်မြင်မှုကြီးတစ်ခုက အမည်းစက်တစ်ခုအဖြစ် ပြောင်းလဲသွားသည့်ဒဏ်ကို ခံနိုင်ဖို့အင်အားရှိသည့်သူဆိုတာ တော်တော်ကို ရှားပါးပါလိမ့်မည်။

တစ်နေ့တစ်နေ့ ချာန့်ကိုကြည့်ပြီး စိတ်မကောင်းခြင်းကြီးစွာနှင့် အိမ်ပြန်နေရသော အာသာ့အတွက်ဒီညတော့ နောက်ထပ် စိတ်ညစ်ညူးဖွယ်ရာတစ်ခုက အိမ်မှာ အဆင်သင့်စောင့်ကြိုနေခဲ့သည်။

“ခုချိန်မှ ဘယ်ကပြန်လာတာလဲ အာသာ”

“ချာန်သော့်ဆီကပါ မေမေ”

“နင်တို့နှစ်ယောက် ခုဆိုအရင်လို သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာရှိနေတော့တာ မဟုတ်ဘူး။ ညနက်အချိန်မတော်ထိ ဝင်ထွက်သွားလာနေတာကို နင် ဆင်ခြင်သင့်တယ်လို့ မတွေးမိဘူးလား”

“အာသာတစ်ယောက်တည်း မဟုတ်ပါဘူး မေမေ့ မင်းခန့်လည်း အမြဲတူတူရှိပါတယ်”

“ညည်း ငါ့ကိုဆင်ခြေပေးပြန်ပြီလား မိအာသာ”

“အာသာ စိတ်ညစ်နေလို့ပါ မေမေရယ်၊ ကျေးဇူးပြုပြီး နားပါဦးတော့”

“ညည်းရဲ့မင်းသားက အပြင်မှာ သတင်းတွေတော်တော်ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့၊ ဘာလဲ အဲဒါကြောင့် စိတ်ညစ်နေတာလား"

အခန်းထဲဝင်ရန် ပြင်နေသည့် အာသာ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ ဖော့ဘွတ်တို့ဘာတို့မသုံးသည့် မေမေတောင် ဒီသတင်းကို သိနေပြီဆိုတော့ အပြင်မှာဘယ်လောက်တောင် ရှာနံသော် နာမည်ပျက်နေခဲ့ပြီလဲ။

"မေမေ ဘာကိုပြောနေတာလဲ"

"ငါ ဘာကိုပြောတယ်ဆိုတာ ညည်းအသိဆုံးဖြစ်မှာပါ မိအာသာ၊ အဲဒီလို လူတန်းစားတွေက အမြဲတမ်းလိုလို ကာလပာလတွေ တစ်စိတ်ကို တစ်အိတ်လုပ်တာတွေနဲ့ အမြဲရင်ဆိုင်နေရမှာလို့ ငါမပြောခဲ့ဘူးလား။ အခု ကြုံလာရတော့ ညည်းစိတ်ညစ်နေပြီလေ"

"ဟုတ်တယ် မေမေ၊ အဲဒါဟာ ကောလဟာလသက်သက်ပဲ၊ အာသာ မယုံပါဘူး"

"ဘာလဲ သူက သူဌေးမတစ်ယောက်ကို မြူဆွယ်ပြီး ယောကျ်ား ပိုင်းလုံးလုပ်ခဲ့တာကို ညည်းက မယုံတာလား"

"မေမေ"

မေမေ့သတ္တိမှတ်ချက်က ပြင်းထန်လှသောကြောင့် အာသာ အထိတ်တလန့် အော်လိုက်မိသည်။ မေမေကလှောင်ပြုံးလေး ပြုံး၏။

"ဘာလဲ အာသာ ငါပြောတာ လွန်သွားလို့လား။ ဒါမှမဟုတ် အခုငါပြောမှ ညည်း သိလိုက်ရလို့လား"





"အဲဒီအကြောင်းတွေကို အာသာ သိနေတာကြာနေပါပြီ"

"ဘာ ဘာပြောတယ် အာသာ"

"ဟုတ်တယ် မေမေ၊ အာသာ သိပါတယ်၊ သူနဲ့ဒေါ်ထိပ်ထားခင်နဲ့ပတ်သက်မှုကို အာသာနဲ့သူနဲ့ ချစ်သူတွေမဖြစ်ခင်တည်းက အားလုံးသိပါတယ်"

"ဟယ် အာသာရယ် ငါတော့ ညည်းကို တကယ်အံ့ဩမိပြီ၊ ဒီလိုယောကျ်ားပိုင်းလုံးတစ်ယောက်ကို ညည်းမို့လို့ သိသိကြီးနဲ့"

ရင်ဘတ်ကို. လက်နှင့်ဖိရင်း မေမေ တအံ့တဩ ရေရွတ်သည်။

"မေမေ သူ့ကို အဲဒီလို မပြောပါနဲ့၊ သူလည်း ဖြစ်ချင်လွန်းလို့ ဖြစ်ခဲ့တာမဟုတ်ဘူး။ ပြီးတော့ အခု သူ သုံးစွဲနေတဲ့ ငွေကြေးတွေက အဲဒီမိန်းမနဲ့ ဘာမှမဆိုင်ပါဘူး မေမေ၊ သူ ရှာဖွေထားတဲ့ ကိုယ်ပိုင်ငွေကြေးတွေပါ"

"ငါ့ကို ဘာမှလာမရှင်းပြနဲ့ အာသာ၊ ငါမကြားချင်ဘူး။ ညည်းလည်း ဒီကောင့်ကိုအဆက်အသွယ်ဖြတ်ပစ်ပါ၊ ဒီလိုယောကျ်ားတစ်ယောက်နဲ့ ငါ့သမီးကို နည်းနည်းမှ သဘောမတူနိုင်ဘူး"

"မေမေ"

"ငါ့ကို ဘာမှထပ်မပြောနဲ့၊ မရှင်းပြနဲ့၊ ငါဘာမှမသိချင်မကြားချင်ဘူး အာသာ"

အာသာ့ရှေ့ကနေ မေမေ ထွက်ခွာသွားသည်။ ယတိပြတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားသော မေမေ့စကားတွေမှာ ပြတ်သားမာကြောမှုတွေ ပါဝင်နေ၏။ အာသာ စိတ်ညစ်လွန်းသောကြောင့် နေရာမှာတင် ဆောင့်ကြောင့်ထိုင်နေရင်း ငိုကြွေးလိုက်မိသည်။

တစ်ဖက်ကလည်း ဖြေရှင်းရခက်နေသည့်အချိန်မှာ မေမေကပါ ခုလိုဖြစ်သွားတော့ အာသာ ဘယ်လိုလုပ်ရမလဲ မသိ။ ရင်ထဲမှာ ပူလောင်မှုများဖြင့် မွန်းကျပ်လွန်းလှသည်။ တစ်ယောက်ယောက်ဆီက နှစ်သိမ့်မှုနဲ့ အကြံဉာဏ်လေးများရရင် သိပ်ကောင်းမှာပဲလို့ အတွေးဝင်မိချိန်မှာ အာသာ အရင်ဆုံး သတိရမိသူဟာ ဝီရ ဖြစ်ခဲ့သည်။

"ဝီရရေ အခြေအနေကတော့ အခု ငါပြောတဲ့အတိုင်းတွေပဲ၊ မေမေ့ဘက်ကလည်း ဒီတစ်ခါတော့ ငါ့ကိုလုံးဝလျှော့ပေးမယ့်ပုံ မရှိဘူး"

ဝီရက တစ်ချက်စဉ်းစားသလို ငြိမ်သက်သွားသည်။ အသက်ရှူသံ မျှင်းမျှင်းကိုသာ ဖုန်းထဲကနေ အာသာ ကြားနေရ၏။

"မထူးတော့ဘူးဟာ နင်တို့ ငါ့ဆီလာခဲ့လိုက်ကြပါလား။ ရာန်သော်လည်း အခန်းကျဉ်းလေးထဲမှာ ပုန်းနေရတာထက်စာရင် အများကြီးသက်သာသွားမှာပါ။ ပြီးတော့ ဟိုကောင် မင်းခန့်ကိုလည်း ရအောင်ခေါ်လာခဲ့၊ မတွေ့ရတာ ဘယ်လောက်ကြာနေပြီလဲ"

"ငါ ငါ ဒီလိုဆို အိမ်ကထွက်ပြေးလာမှရမှာဟ"

"ဘာလဲ နင်မလုပ်ရဲလို့လား"





ဒီလိုမေးလာတော့ အာသာ မဲ့တဲ့တဲ့လေး ပြုံးမိသည်။

"နင်က ငါ့ကိုမလုပ်ရဲလို့လား မေးနေတယ် ဟုတ်လား။ အသက်ဆယ့်ရှစ်နှစ်တည်းက နင်တို့ကို ထိခိုက်လာရင် မခံနိုင်ဘဲ အိမ်ကထွက်လာရဲခဲ့တာပါဟ"

"ဟား ဟား ဟား ဒါမှ ငါတို့အာသာပေါ့"

ဝီရနဲ့ဖုန်းပြောပြီးသည့်နောက်မှာ အာသာ့စိတ်ထဲ ခွန်အားတွေ ပြည့်နှက်သွားသလို ခံစားလိုက်ရသည်။ ဘာပဲပြောပြော ဒီသူငယ်ချင်းတွေသာမရှိခဲ့ရင် အာသာ့ဘဝကြီးက သိပ်ကိုအထီးကျန်လွန်းနေမှာ သေချာပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မေမေ မသိအောင် ခိုးထွက်ခဲ့ရသော ခရီးစဉ်လေးဟာ ရင်ခုန်စရာ တွေရော ရင်တုန်စရာတွေရော ရောထွေးနေသည်။ မင်းခန့်ကားနဲ့ထွက်လာ တာမို့ သူကိုယ်တိုင် ဒရိုင်ဘာနေရာယူထားပြီး အာသာနဲ့ချာန်သော်ကတော့ နောက်ခန်းမှာ။

"အေးပေါ့လေ အချစ်ဆုံးသူငယ်ချင်းတွေအတွက် ဒရိုင်ဘာတစ်ခါ ဖြစ်ရပြန်ပြီပေါ့"

"နင်ကလည်း ဒီလိုသဘောမထားပါနဲ့ ငါတို့တွေအားလုံး အပန်း ဖြေခရီးထွက်လာတယ်လို့ပဲ မှတ်ပေါ့"

"ဩော် အေး ရင်တုန်စိတ်လှုပ်ရှားစရာ အပန်းဖြေခရီးပေါ့"





ရင်မဆိုင်ချင်တဲ့အဖြစ်အပျက်တွေကနေ ထွက်ပြေးတိမ်းရှောင်လာ ခဲ့တာဆိုပေမယ့် အာသာတို့သုံးယောက်လုံး မရောက်ဖူးတဲ့နေရာဒေသတစ်ခု ကို သွားရတာမို့ စိတ်လှုပ်ရှားမိတာကတော့ အမှန်ပါပဲ။ ဇီရတို့မြို့လေးက မိုးများသည်။ မြစ်ချောင်းအင်းအိုင်ပေါသည်။ စိမ်းစိမ်းလန်းလန်းနဲ့ နေလို့ ကောင်းသည်ဆိုတာတွေကတော့ ဇီရ အမြဲပြောပြနေကျမို့ သူတို့တွေ သိ ပြီးသားပါ။

ခုမှ လူတွေကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ သွားရောက်ရခြင်း ဖြစ်၏။ မင်းခန့် အိပ်ငိုက်လာတော့ ချာန်သော်က တစ်လှည့်မောင်းသည်။ အာသာ့ကိုတော့ သူတို့ပေးမမောင်းကြ၊ နောက်ခန်းမှာသာ အေးအေးလူလူ လိုက်လာပါတဲ့။ ဒီတော့လည်း အာသာက သက်သောင့်သက်သာပင် ဘေး ဘီဝဲယာရှုခင်းလေးတွေ ခံစားရင်း ငြိမ့်ငြိမ့်လေး လိုက်လာခဲ့၏။

နာရီတော်တော်ကြာအောင် မောင်းသွားပြီးနောက်မှာတော့ ဇီရနှင့် အချိန်ကိုက်ချိန်းထားသော နေရာလေးကို သူတို့မေးရင်းမြန်းရင်း ရောက်သွား ကြသည်။

"ငါက မင်းတို့ရွာလည်နေမှာ စိုးရိမ်နေတာ"

"ဟော့ကောင် ဇီရရာ ငါရန်ကုန်သားပါကွ"

မတွေ့တာကြာပြီဖြစ်သော မင်းခန့်နဲ့ဇီရ တစ်ယောက်ကိုတစ် ယောက် ဆွဲဖက်ရင်း ဝမ်းသာအားရ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို တည်းခိုခန်းလိုက်ပြဦးလေ"

"အောင်မယ်လေးကွာ တည်းခိုခန်းမလိုပါဘူး။ ငါ မင်းတို့အတွက် နေစရာ စီစဉ်ထားပါတယ်"

"ဟယ် တကယ်လား။ ဝမ်းသာလိုက်တာ ဝီရရယ်၊ ငါကလည်း တည်းခိုခန်းတွေ ဟိုတယ်တွေမှာ အကြာကြီးနေချင်တာ မဟုတ်ဘူး"

"နင့်အကြောင်းကိုသိလို့ ငါကြိုတင်စီစဉ်ထားတာပေါ့ အာသာ"

ဝီရရဲ့အလိုက်သိတတ်မှုလေးကို အာသာ ကျေးဇူးတင်မိရသေးသည်။

"မင်းကတော့ တော်တော်ဒုက္ခပေးတဲ့ကောင်နော် ရှာန်သော်၊ ငါ မပြောလိုက်ချင်ဘူး"

ဒေါသမပါသော ခပ်လျော့လျော့ အပြစ်တင်သံအောက်မှာ ရှာန်သော်ကတော့ ခပ်ပြုံးပြုံးလေး။ ဒီသူငယ်ချင်းတွေကြားမှာ ဘယ်လိုတွေပဲ ပြောပြော တစ်ယောက်နဲ့တစ်ယောက် တကယ်ကြီး စိတ်ဆိုးလို့မရခဲ့တာ ဟိုးအရင်တည်းကပဲလေ။ ပြောပြောဆိုဆိုနဲ့ပဲ တစ်ယောက်လိုအပ်ချက် တစ်ယောက် အတတ်နိုင်ဆုံး လိုက်ဖြည့်ဆည်းပေးခဲ့ကြရတာ။

"မင်းတို့ ငါ့ကားနောက်ကနေ လိုက်မောင်းခဲ့လိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

မင်းခန့်ကတော့ သူငယ်ချင်းလေးယောက် အရင်ကလို ပြန်ဆုံတွေ့





ခွင့်ရခြင်းအတွက် တော်တော်လေး ဝမ်းသာနေပုံရသည်။ အာသာလည်း ပျော်တာပါပဲလေ။ ဒါပေမဲ့ ရင်ထဲမှာအပူလှိုင်းလေးအနည်းငယ် ဝေ့နေသော ပျော်ရွှင်မှုမျိုးပေါ့။

ဝီရ ခေါ်လာသောနေရာလေးက အနည်းငယ် ချောင်ကျသော လမ်းချိုးလေးတစ်ခုတည်းမှာရှိသည့် ခြံနဲ့လုံးချင်းတိုက်ခန်းလေး ဖြစ်သည်။ ဆေးရောင်မှိုင်းမှိုင်းခြယ်သထားသော နှစ်ထပ်တိုက်သေးသေးလေး။ ခြံလေးကလည်း သစ်ပင်ကြီးများဖြင့် ဝိုင်းရံထားသောကြောင့် အေးအေးမြမြ ရှိလှသည်။

အာသာ ကားပေါ်ကဆင်းပြီး ခြံထဲကို တစ်ပတ်ပတ်ကြည့်လိုက်တာနှင့်ပင် အလွန်သဘောကျသွားမိ၏။ ဒီနေရာလေးကို ဝီရ ဘယ်လိုတွေ့ရှိထားတာပါလိမ့်။

"နေချင်စရာလေး ဝီရရယ်"

"အေး ဟုတ်တယ်၊ ငါ့အစ်ကို မင်္ဂလာဆောင်ပြီးရင် နေဖို့အတွက် ဖေဖေတို့ဘက်က လက်ဖွဲ့ဆောက်ပေးထားတာပေါ့"

"ဟင် ဒါဆို နင့်အစ်ကိုကရော"

"လောလောဆယ်တော့ သူရော သူ့ကောင်မလေးရောက နိုင်ငံခြားမှာ ပညာတော်သင်သွားတယ်"

"ဩော် ဒီလိုဆို ငါတို့အေးအေးဆေးဆေး နေလို့ရတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရတာပေါ့၊ အထဲမှာ ပရိဘောဂတွေလည်း အစုံရှိတယ်"

"နောက်ရက်မှပဲ မြို့ထဲကို လိုက်ပြနိုင်းရမယ်၊ ဒီနေ့တော့ ငါပင်ပန်းလာလို့ နားချင်ပြီ"

"ဪ အာသာ တော်တော်ကောင်းတယ်နော်၊ လမ်းတစ်လျှောက်လုံး နောက်ခန်းမှာ အခန့်သားလေး ထိုင်လိုက်လာတဲ့သူက ပင်ပန်းတယ်ဟုတ်လား။ ငါတို့အတွက်လည်း နည်းနည်းထားပါဦးဟာ"

အာသာနဲ့မင်းခန့် အချေအတင် ဖြစ်နေစဉ်မှာ ဈာန်သော်နဲ့ဝီရက ခြံလေးထဲကို လမ်းလျှောက်ထွက်ခဲ့ကြသည်။

"မင်းဘယ်လိုဆက်လုပ်မလဲ ဈာန်သော်"

"တကယ်ဆို သူလွှင့်တဲ့သတင်းက အမှန်မှမဟုတ်ဘဲ၊ ငါ မကြောက်ပါဘူး"

"သူ့ပိုက်ဆံတွေယူပြီး မင်းပျောက်သွားပါတယ်ဆိုတဲ့ သတင်းလား"

"အေး ဟုတ်တယ်၊ ငါနဲ့ရင်းနှီးနေပြီး အတွင်းသိအစင်းသိ ငါတို့လောကထဲက လူတော်တော်များများကလည်း မဟုတ်မှန်း သိကြပါတယ်၊ ဒါပေမဲ့ ပြည်သူကြားထဲကို ဒီလိုသတင်းရောက်သွားတော့ ငါ့နာမည်က တော်တော်ထိခိုက်သွားပြီလေ၊ သူကလည်း အဲဒါကိုပဲ အဓိကလိုချင်တာ"

"မင်းဘက်က စပြီးမြူဆွယ်ခဲ့တယ်ဆိုတာကရော"

"ငါ ကျိန်ပြောရဲတယ် ဝီရ၊ ဒီကိစ္စတစ်ခုလုံးကို ငါ့ဘက်က စတင်





ခဲ့တာမဟုတ်ဘူး။ ဒါပေမဲ့ အောင်မြင်မှုကို အချိန်တိုတိုနဲ့ ဖြတ်လမ်းကနေ ငါယူခဲ့မိတယ်"

"ဒါပေမဲ့ ခုလက်ရှိမှာ မင်းရပ်တည်နေခဲ့တာကတော့ မင်းရဲ့ လုပ်ရည်ကိုင်ရည်ကြောင့်ပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ငါ့ကိုမြေတောင်မြှောက်ပေးခဲ့တာကတော့ ဒေါ်ထိပ်ထားခင် ဖြစ်နေတယ်လေ"

"ဟူး မင်းကွာ ဘာဖြစ်လို့များ အလွယ်လမ်းကို လိုက်ခဲ့တာလဲ"

ခြံထောင့်က သစ်မြစ်ဆုံလေးမှာ ဝီရက ထိုင်ချရင်း စိတ်ပျက်လက်ပျက် ညည်းညူသည်။

"ငါမှားမှန်းကို ငါ့ဘာသာ သိနေခဲ့တာ ကြာပါပြီကွာ၊ ရုန်းထွက်မယ်ကြံလိုက်. သူ့ခြိမ်းခြောက်မှုကို စိုးရိမ်လိုက်နဲ့ အချိန်တွေ မကြာသင့်ဘဲ ဝိုကြာခဲ့ရတာ"

"ဒါဆို ရှေ့ဆက်ပြီး ရေစုန်မျှောမပစ်တဲ့ ခုလို ရုန်းထွက်လာတာကရော"

"ဒါကတော့ ငါ အာသာ့ကို တကယ်ကြီးချစ်သွားမိလို့ပဲ၊ ဟိုး အရင်တည်းက ငါ့ကို ရင်ခုန်အောင်လုပ်ခဲ့တဲ့ မိန်းကလေးက အာသာပဲ ဝီရ၊ တဖြည်းဖြည်းနဲ့ ငါလိုချင်တာ သူတစ်ယောက်ပဲဆိုတာ ပိုပြီးသေချာလာခဲ့တယ်၊ ဒါကြောင့်လည်း ငါ သူ့အတွက်နဲ့ အရာအားလုံးကို စွန့်လွှတ်

www.burmeseclassic.com



ဖို့ သတ္တိတွေရှိလာခဲ့တာ''

''အဲဒီကိစ္စကိုတော့ ငါဘာမှမပြောချင်ပါဘူး။ ငါလည်း မင်းခန့်လိုပဲ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာကို ပိုလိုချင်ပါတယ်၊ တစ်ခုပဲ ငါစိုးရိမ်တာက မင်းကြောင့်နဲ့ အာသာ့မှာ စိတ်ဆင်းရဲစရာတွေပဲ ရလာမှာကိုပေါ့၊ အခုပဲကြည့်လေ မင်းသတင်းတွေကြောင့် သူ့အမေက သဘောမတူနိုင်တော့တဲ့အတွက် အိမ်ကနေ ထွက်ပြေးလာရပြီ၊ ဟိုးအရင် ငါတို့တွေ စပြီးခင်မင်လာတည်းက ဘယ်လောက်ပဲ ငါတို့ယောကျ်ားလေးတွေနဲ့ အာသာ ရင်ပေါင်တန်းပြီး ပေါင်းခဲ့ပေမယ့် ငါတို့တွေစိတ်ထဲမှာတော့ အာသာ့ကို မိန်းကလေးတစ်ယောက်အနေနဲ့ အမြဲညှာညှာတာတာ တွေးပေးခဲ့ကြတာပဲလေ''

''ငါသိပါတယ်၊ မင်းစိုးရိမ်တာကိုလည်း သဘောပေါက်တယ်၊ လောလောဆယ်တော့ သူ့ကိုစိတ်ဆင်းရဲစေခဲ့ပေမယ့် နောက်ပိုင်းတစ်လျှောက်လုံး သူပျော်အောင် ငါ အစွမ်းကုန်ကြိုးစားမှာပါကွာ''

■ ■ ■

## အခန်း (၁၇)

ဒီအိမ်လေးထဲမှာ သူတို့အတွက် ဘာမှစိုးရိမ်ပူပန်နေစရာမလိုဘဲ စားရေးသောက်ရေးကအစ အဆင်ပြေအောင် ဝီရက စီစဉ်ပေးထားသည်။ အဝတ်လျှော်မီးပူတိုက် ထမင်းဟင်းချက်ပြုတ်ပေးဖို့ မိန်းမတစ်ယောက်ကို နေ့ပိုင်းဆို ပို့ပေးထား၏။ သူ့ဘာသာ လုပ်စရာရှိတာတွေလုပ် ချက်ပြုတ်ပြင်ဆင်ပေးပြီးတာနဲ့ ညနေလောက်ဆို သူ့အိမ်သူပြန်ရုံ။

တကယ်ကို ဘာမှလိုလေသေးမရှိ။

''ချာန် မနက်ဖြန် ဘာစားချင်လဲ ညနေကျ ဒေါ်ချစ် ပြန်မသွားခင်ခါတည်းမှာလိုက်မယ်၊ မနက်ဝယ်လာလို့ရအောင်လေ''

''ဟိုကောင် မင်းခန့်ကိုသာ အရင်သွားမေးလိုက်ပါဦး အာသာရယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ဟင်းချေးများတယ်''

''မေးပြီးပါပြီရှင်၊ သူက ဘာချက်ချက်ရတယ်ဆိုလို့ ဈာန့်ကိုလာ မေးတာပါ''

''အင်း ရတယ်၊ ဒီလိုဆို အာသာ ချက်ချင်တာသာ မှာလိုက်တော့''

''ဟွန့် သူတို့ကို အကြိုက်တော်တော်ပေါက်တယ်ဆို တော်တော်လည်း အားကိုးရတယ်နော်''

တီးလက်စ ဂစ်တာကို ရှေ့ချလိုက်ရင်း ဈာန်သော်က ရယ်သည်။ အာသာ့စကားကို သဘောတူချုန့် ရယ်မောလိုက်ခြင်းမျိုး ဖြစ်၏။ ပြီးတော့ အာသာ့လက်လေးကို လှမ်းဆွဲပြီး နံဘေးမှာ ထိုင်ခိုင်းသည်။

''အာသာ ငါလေ စိတ်ထဲမှာ ဘယ်လိုခံစားနေရလဲ သိလား''

''အင်း မသိဘူး၊ ပြောကြည့်လေ''

''နှင်ရယ် ငါရယ် နိုးပြေးလာပြီး အိမ်ထောင်လေးတစ်ခုကို ထူထောင်နေရသလိုပဲ''

''အောင်မာ ကြည့်စမ်း ဘယ်လိုများပြောလိုက်တာလဲ''

သူဖက်ထားသော လက်များထဲကနေ အာသာ ရုန်းထွက်လျက် လက်နှစ်ဖက်ကို ခါးမှာထောက်ပြီး ရန်တွေ့သလိုလေး ပြောတော့ ဈာန်သော် ကြောင်တောင်တောင် ဖြစ်သွား၏။





''ဘာပြောမိလို့လဲ အာသာရဲ့''

''နှင်ရယ် ငါရယ် နိုးပြေးလာပြီး အိမ်ထောင်လေးတစ်ခုကို ထူထောင်နေရသလိုပဲဆိုတော့ အခုကရော နိုးပြေးလာတာမဟုတ်လို့ ဘာလဲ''

အာသာ့စကားကို ဈာန်သော် တစ်ချက်စဉ်းစားဟန်ပြုပြီးမှ မျက်နှာကြီးက တဖြည်းဖြည်း ပြုံးလာသည်။ ခါးလေးထောက် နှုတ်ခမ်းလေးစူထားဆဲဖြစ်သော အာသာ့ကို ပြန်ဆွဲယူလျက် ရင်ခွင်ထဲမှာ မွန်းကျပ်နေအောင် ဖိနှစ်ဖက်ထား၏။

''အား ဘာလုပ်တာလဲ၊ လွှတ်နော် ဈာန် ငါအသက်ရှူကျပ်နေပြီ''

''အသည်းယားလို့ကွာ မလွှတ်ဘူးကွာ ဘာဖြစ်လဲ''

''ဟာ ဈာန် လွှတ်ဆိုကွာ''

အာသာ ရုန်းရင်း ချွေးလေးတွေ ပျံလာတော့မှ ဖက်ထားသော လက်များကိုဖြေလွှတ်ပေးသည်။

''တကယ်မောသွားတာလား၊ ဆောရီးဟာ ငါနင့်ကို တကယ်အသည်းယားပြီး ဖိညှစ်ပစ်လိုက်ချင်လို့''

''ဟွန်း လုပ်တုန်းကလုပ်ပြီး ဘာခုမှဆောရီးလဲ၊ တော်ပြီ နင့်ကိုငါ စိတ်ဆိုးတယ်''

''မဆိုးပါနဲ့ မိန်းမကလည်း''



www.burmeseclassic.com

www.burmeseclassic.com



ရာန်သော် ခေါ်လိုက်ပုံက အာသာ့ရင်ထဲမှာ ကကျိကကျိ ဖြစ်သွားစေသည်။ ကြည့်စမ်း လူကိုများ မိန်းမတဲ့၊ ပိုင်စိုးပိုင်နင်းနိုင်လိုက်တာ။

"နင် ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ ရာန်"

"ဟုတ်တယ်လေ အခု ငါတို့နှစ်ယောက်က နိုးပြေးလာတာဆိုမှတော့ လင်မယားတွေ ဖြစ်ပြီပေါ့၊ အဲဒီတော့ နောက်ဆို ငါကနင့်ကို မိန်းမလို့ခေါ်မယ်၊ နင်က ငါ့ကို ယောကျ်ားလို့ခေါ် ဘယ်လိုလဲ"

"အောင်မာ လူလည်ကျတယ် ကြည့်စမ်း။ လင်မယားဖြစ်ရအောင် ငါတို့က ဘယ်မှာလက်ထပ်ရသေးလို့လဲ ဟွန့် မပြောလိုက်ချင်ဘူး"

ပြောင်ပြောင်နောက်နောက်ပြောနေရင်းကနေ ရာန်သော့်မျက်နှာက အတည်ပေါက်လေး ဖြစ်သွားပြီး

"ငါတို့လက်ထပ်ကြရအောင် အာသာ"

ခုလိုအချိန်မျိုးမှာ ပြောချလိုက်လိမ့်မယ်လို့ ထင်မထားသောကြောင့် အာသာ့ မျက်လုံးလေးတွေ ဝိုင်းစက်သွား၏။ ရုတ်တရက် အသက်ရှူများပင် ရပ်တန့်သွားသလို။

"နင် နင် ဘာပြောတယ် ရာန်"

"ငါတို့နှစ်ယောက် လက်ထပ်ကြရအောင်လို့လေ"

"ဟာ နင်ကလည်း"

"ရှက်တက်တက်ဖြစ်ကာ ခေါင်းလေးငုံ့လိုက်ရင်း ရာန်သော် ချ





ထားသော ဂစ်တာကြိုးလေးများကို လက်ချောင်းထိပ်လေးဖြင့် ဆော့ကစားနေမိသည်။

"မရှက်ပါနဲ့ အာသာရယ်၊ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်ဆိုရင် သူတို့လျှောက်လှမ်းသွားရမယ့် ပန်းတိုင်က လက်ထပ်ခြင်းဆီကိုပဲ မဟုတ်ဘူးလား"

"ဒါပေမဲ့ ငါမှ အဆင်သင့်မဖြစ်သေးတာ"

"ဘာကိုအဆင်သင့်မဖြစ်သေးတာလဲ အာသာ"

"အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ တာဝန်တွေယူဖို့ ငါ ဘာမှအဆင်သင့်မဖြစ်သေးဘူးလို့ ပြောတာ"

ဂစ်တာကြိုးပေါ်ဆော့ကစားနေသော အာသာ့လက်ချောင်းလေးများကို ရာန်သော်က ဖွဖွလေးဆွဲယူလိုက်ရင်း မျက်လုံးချင်းဆုံအောင်ကြည့်ကာ

"ငါ့အိမ်ရှင်မလုပ်ဖို့အတွက် တခြားအရာတွေ ဘာမှအထူးတလည်တတ်မြောက်ထားစရာ မလိုပါဘူးကွာ၊ ငါ့အပေါ်မှာ ချစ်ပေးမယ်၊ နားလည်ပေးမယ်၊ ကြင်နာမယ်ဆိုရင် အရာရာပြည့်စုံနေပါပြီ၊ အဲဒီအရာတွေပါဝင်မှလည်း အိမ်ထောင်ဆိုတဲ့ နှစ်ယောက်သားအတူကျရတဲ့ ထောင်ကလေးက သာသာယာယာနဲ့ နေချင်စဖွယ်ဖြစ်မှာလေ"

နူးညံ့သော မျက်ဝန်းများနှင့် ချိုသာသော စကားများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အာသာ့နှုတ်ခမ်းလေးတွေ သဘောတကျ ပြုံးလာသည်။

"ဘယ်ရုပ်ရှင်ထဲက ဒိုင်ယာလော့ခ်တွေလဲ ဗျာနီ"

"ဘာလဲ ငါ အတည်ပြောနေတာကို လျှောင်တာလား"

"ဟင့်အင်း"

ခေါင်းလေးခါပြလျှက် သူ့ပခုံးထက်မှာ အာသာ မှီထားလိုက်သည်။ သူက အာသာ့ပခုံးလေးကို ဖွဖွလေး ပြန်ဖက်ထားပေး၏။

"လျှောင်တာမဟုတ်ပါဘူးဟာ၊ ငါ ကြည်နူးသွားမိတာပါ"

"ငါတို့ လက်ထပ်ကြမယ် အာသာရယ် နော်"

■ ■ ■



## အခန်း (၁၈)

ဒီနေ့ အာသာတို့တွေအားလုံး ပျော်ရွှင်နေကြသည်။ လေးယောက်တည်းနှင့် စည်ကားနေသော မင်္ဂလာပွဲလေး။ မနက်က ဝီရတို့မြို့လေးရဲ့ ခရိုင်တရားရုံးမှာပင် ဗျာနီသော်နဲ့အာသာ လက်ထပ်စာချုပ်ပေါ် လက်မှတ်ထိုးလျှက် တရားဝင်အကြင်လင်မယားအဖြစ် ခံယူလိုက်ကြသည်။

အခု ညနေဘက်ကတော့ ခြံထဲမှာ ဝီရရဲ့အကြံပြုချက်ဖြင့် အသားကင်ပွဲလေး လုပ်စားကြသည်။

အာသာက အပြာနုရောင်ဂါဝန်ရှည်လွှင့်လွှင့်လေးကို ဝတ်ဆင်ထားသည်။ ရုံးသွားတဲ့အချိန်မှာ စမတ်ကျကျလေးဖြစ်အောင် ကော်လာရှင်လေးတွေနဲ့ စကပ်ဒူးဖုံးလေးများကို ဝတ်ဆင်ရတာကတော့ နေသားကျနေခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခုလိုမျိုး မိန်းမဆန်လွန်းသည့် အပြင်အဆင်မျိုးကိုတော့ အာသာ တစ်ခါမှ မဝတ်ခဲ့ဖူး။

ခရင်မ်ပတ်ဖ်လေးလောက်သာ ရိုက်ထားပေမယ့် နဂိုရှိရင်းစွဲ ပန်းသွေးရောင်အသားအရေလေးက အာသာ့ကို လှပနေစေသည်။ ဂါဝန်အပြာလေးကို ပိုလို့ပေါ်လွင်လှပစေရန် နှုတ်ခမ်းဆိုးဆေး ပန်းရောင်လေးတော့ ဆိုးထားလိုက်ပါသည်။ ဒါကလည်း ဈာန်သော်ရဲ့ လမ်းညွှန်ပေးမှုပေါ့။ မပြင်တတ်မဆင်တတ်သော အာသာ့အတွက် ဈာန်သော်ဟာ Stylist တစ်ယောက်အဖြစ်လည်း အားကိုးရပါသည်။

"ဒီနေ့မှပဲ ငါတို့အာသာက မိန်းမဖြစ်သွားတော့တယ်"

"အွန် ဘာစကားကြီးတုန်း၊ ငါက အရင်တုန်းက ဘာမို့လို့လဲ"

"အရင်ကဆို နင်က ငါတို့ဝတ်သလိုတွေ လိုက်ဝတ်နေကျလေ၊ ခုတော့ နင့်ပုံစံလေးက ဒီဂါဝန်လေးနဲ့ အရမ်းလိုက်ဖက်တယ်"

"အေးပေါ့ကွာ သူ့ခများ ယောကျ်ားယူလိုက်တော့လည်း မိန်းမဖြစ်ရတော့တာပေါ့"

"လာပြန်ပြီနော် ဝီရနဲ့မင်းခန့် နင်တို့နှစ်ယောက် ဒီနေ့ တော်တော်အူမြူးနေတယ် ဟုတ်လား"

"အောင်မယ်လေးဗျာ ငါတို့က အူမြူးသတဲ့၊ တကယ်တမ်း အူမြူးနေတဲ့ကောင်ကြီးက ဟိုမှာမဟုတ်ဘူးလား"





မင်းခန့်က မဲ့ကာရွဲ့ကာနှင့်ပြောရင်း အသားကင်ဖို့ မီးဖိုတွေ ဂတ်စ်တွေ လိုအပ်တာတွေ ပြင်ဆင်နေသည့် ဈာန်သော့်ကို လက်ညှိုးလှမ်းထိုးပြသည်။

"သူက ဘာဖြစ်လို့ အူမြူးရတာတုန်း"

"နင်မသိချင်ယောင်ဆောင်နေတာမဟုတ်လား အာသာ ဟဲ ဟဲ ဟဲ"

"ငါက ဘာကိုမသိချင်ယောင်ဆောင်ရမှာလဲ"

"ဒီညက နင်တို့နှစ်ယောက်ရဲ့ မင်္ဂလာဦးညလေဟာ"

"အို"

ဒီတစ်ခါတော့ အပျိုစင်မိန်းကလေးတစ်ယောက်ရဲ့ ရှက်သွေးမျိုးဖြင့် အာသာ့တစ်ကိုယ်လုံး ကွေးကျုံ့သွားသလို ခံစားလိုက်ရသည်။ ဒီကောင်တွေကတော့လေ မျက်နှာပေါ်မှာတင် ပြောချလိုက်တော့တာပဲ။

"ဘာလဲ အာသာ ရှက်သွားတာလား"

"ဟာ နင်တို့နော် ဘာမှန်းလည်း မသိဘူး"

သူတို့နှစ်ယောက်နားကနေ အပြေးကလေး ထွက်လာခဲ့လိုက်ပြီး အလုပ်ရှုပ်နေသော ဈာန်သော့်ဆီ လှမ်းခဲ့လိုက်သည်။ သူ့ကိုကူညီရင်း အသားတွေကင်ပေးနေတုန်း ဟိုနှစ်ကောင်ကတော့ ဘီယာဘူးလေးတွေဖွင့်သောက်ပြီး ဖိမ်နှင့်ထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက် မစားကြတော့ဘူးလား"

"ဟာ ဘယ်လိုများမေးလိုက်တာလဲ၊ စားမှာပေါ့ဟ"

"အဲဒါဆို လာလုပ်ကြလေ"

"ရာရာစစကွာ မင်းတို့နှစ်ယောက် သတို့သားနဲ့သတို့သမီးပဲ၊ ငါတို့နှစ်ယောက်က နင်တို့မင်္ဂလာပွဲကို လာတဲ့ဧည့်သည်တွေလေ၊ နင်တို့လုပ်ပေးတာကို အဆင်သင့်လေးစားဖို့ စောင့်နေတာပေါ့"

"ဩော် အေး တော်တော်ကောင်းတယ်နော်"

အာသာက မျက်စောင်းလေးလှမ်းထိုးရင်း အသားတွေ အသီးအနှံတွေကို ဆက်ကင်နေလိုက်သည်။

"ဒါနဲ့ ရှာန်သော်ရေ ဒီည ငါလည်း အိပ်မပြန်ဘဲ တို့လေးယောက် တစ်ညလုံး စကားတွေပြောကြမလားကွာ"

"ဟာ မင်းနော် ဝီရ"

"အေး ကောင်းသားပဲ"

အကင်တွေကိုင်နေသော ညုပ်နှင့်ရွယ်လျက် ဝီရကို အံကြိတ်ကြိမ်းမောင်းလိုက်သည့် ရှာန်သော့်အသံနှင့် တပြိုင်နက်တည်းမှာပင် အာသာက ဝင်ထောက်ခံလိုက်ခြင်းဖြစ်၏။ ရှာန်သော် အာသာ့မျက်နှာကို လှမ်းကြည့်သည်။

တမင်ရွဲ့ပြောနေတာလည်း မဟုတ်ဘဲ ဝီရ ညအိပ်မယ့်ကိစ္စကို





ဘကယ်ကြီးထောက်ခံလိုက်သည့်ပုံမို့ ရှာန်သော် စိတ်ညစ်သွားသည်။

"ဒီနေ့ ငါတို့တွေ ပင်ပန်းထားတယ်လေဟာ၊ ဟိုးမနက်တည်းက လက်မှတ်ထိုးဖို့ ဘာဖို့ညာဖို့ လုပ်နေရတာရယ်၊ အခု ဒီကောင်တွေ မြို့ဖို့ ကိုယ်တိုင်လုပ်ကျွေးနေရတာရယ်နဲ့တင် တော်တော်ပင်ပန်းနေပြီလေ၊ ဘယ်လိုလုပ် တစ်ညလုံးမအိပ်ဘဲနေနိုင်မှာလဲ အာသာရယ်"

အာသာ့နားကပ်ကာ လေပြည်လေးနှင့် ရှာန်သော် စည်းရုံးသိမ်းသွင်းနေတာကိုကြည့်ပြီး ဟိုနှစ်ကောင်က တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ ကြိတ်ရယ်နေကြသည်။ အာသာကတော့ ဒီကောင်တွေ ဆင်နေသည့်ထောင်ချောက်ကိုမမြင်။

"အိုး ရှာန်သော်ကလည်း ငါတို့ရဲ့အမှတ်တရနေ့လေးမှာ ပိုပြီး အမှတ်တရဖြစ်သွားအောင် သူငယ်ချင်းလေးယောက်အတူတူရှိနေတာ ပိုကောင်းတာပေါ့"

ပူပူနွေးနွေး အကင်တွေကို တစ်ချောင်းပြီးတစ်ချောင်း ယူစားကြရင်း ယောကျ်ားလေးသုံးယောက်က ဘီယာလေးမြူ့နေသည်။ ဒီလိုနဲ့ အချိန်နာရီတွေက တဖြည်းဖြည်း ကုန်ဆုံးလာ၏။ အဝေးတစ်နေရာရာမှ သံချောင်းခေါက်သံတစ်ချက်တည်း အထီးကျန်ဆန်စွာ ထွက်ပေါ်လာသည်။

ထိုအခါ ရှာန်သော် လှုပ်လှုပ်ရှားရှား ဖြစ်သွားလျက် သောက်ဆက်နေ ဘီယာဘူးလေးကို ဘေးချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ တစ်နာရီတောင်ထိုးနေပြီကွ၊ မင်းတို့ မအိပ်ချင်သေးဘူးလား"

"မအိပ်ချင်ပါဘူးကွာ"

"နည်းနည်းလေးမှကိုမအိပ်ချင်တာ"

အစတည်းက အလိုက်ကန်းဆိုးမသိချင်ယောင်ဆောင်ရန် ဆုံးဖြတ်ထားကြပြီးသည့်အတိုင်း နှစ်ယောက်လုံး ပြိုင်တူခေါင်းတွေခါလျက် ငြင်းကြ၏။

ရှာန်သော် ကျွဲမြီးတိုသွားသည်။ ဒီနှစ်ကောင် တကယ်ကြီးကို အကျင့်ယုတ်နေကြပြီ။

"အာသာရော မအိပ်ချင်ဘူးလား"

မျက်နှာကိုအချိုဆုံးပြုံးလျက် အာသာ့ဘက်လှည့်မေးမိသည်။

"အင်း နည်းနည်းတော့ အိပ်ချင်သလိုပဲ၊ ဒါပေမဲ့ ရပါ"

"ဟော တွေ့လား မင်းတို့က အလိုက်ကိုမသိဘူးကွာ၊ အာသာက အိပ်ချင်နေတာကို"

"ဟင် ရ"

"ဩော် အာသာရယ် အချင်းချင်းတွေ ဘာအားနာနေတာလဲ အိပ်ချင်ရင် အိပ်ချင်တယ်ပေါ့ လာ လာ ပင်ပန်းနေမှာပဲ"

"ဟာ ဟော့ကောင် ရှာန်သော် အဲဒီလို မရဘူးလေ၊ ငါတို့တစ်ည





လုံး မအိပ်ကြဖို့ ပြောထားတယ်လေ ဟာ ဒီကောင်ကွာ"

အာသာ့လက်ကို အတင်းဆွဲပြေးလျက် အိပ်ခန်းလေးရှိရာဆီ ရှာန်သော် တက်ခဲ့သည်။

"ဟေး အရမ်းမလုပ်နဲ့လေ၊ ဟိုကောင်တွေ အောက်မှာကျန်ခဲ့ပြီ"

"ဟာ မသိဘူး အာသာရာ၊ ဒီကောင်တွေ ထမင်းရစ်နေတာ၊ အဲဒီတော့ ဘာဖြစ်ဖြစ် ပစ်ထားလိုက်"

အခန်းတံခါးကို နောက်ပြန်ပိတ်လိုက်ပြီး သူ အာသာ့ကို အနောက်ဘက်ကနေ သိုင်းဖက်ထားလိုက်သည်။ အာသာ အထိတ်တလန့်နှင့် ဆတ်ခနဲ ဘုန်သွား၏။

"ရှာန်"

"အင်း ပြောလေ"

နူတ်ခမ်းဖျားလေးနှင့်သာ ပေါ့ပေါ့ပါးပါး ပြောလိုက်သော သူ့အသံ ာ နူးညံ့နေသလိုလို ကြင်နာနွေးထွေးနေသလိုလို၊ တစ်ခုခုဖြစ်နေတာတော့ ျှိန်းသေသည်။ သူ့နှာဝမှာ ဝင်သက်ထွက်သက်လေက အာသာ့လည်တိုင် လေးကို ထိတွေ့နေမှု တဖြည်းဖြည်းမြန်ဆန်လာသည်။ သူ စိတ်လှုပ်ရှားနေ ဘာလား။

"ရှာန်"

"ပြောပါဆို ခဏခဏပဲ ခေါ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အာသာ့လက်မောင်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မျက်နှာချင်းဆိုင် ဆွဲလှည့်ယူလိုက်သည်။

"ပြောလေ ဘာပြောချင်လို့လဲ အာသာ"

ခုလို မျက်နှာချင်းဆိုင်ကြီး နီးနီးကပ်ကပ် စိုက်ကြည့်နေသော ရှာန်သော့မျက်ဝန်းတွေကိုမြင်ရတော့ နဂိုတည်းက မငြိမ်မသက်ဖြစ်နေသည့် ရင်က ပိုပိုလှုပ်ခတ်လာသည်။

"ငါ ငါ ရင်ခုန်နေတာ"

အရှက်သည်းစွာ ခေါင်းငုံ့သွားသော အာသာ့ကို ရှာန်သော် ရင်ခွင်ထဲထည့်ဖက်ထားလိုက်မိသည်။

"ကြားလား"

"ဘာလဲဟင်"

"ငါလည်း ရင်တွေခုန်နေတာလေ"

ရင်ခုန်သံတွေကနေ အနမ်းများအဖြစ် အနမ်းတွေကနေ ရင်ခုန်သံများအဖြစ် ပြောင်းလဲရင်း ထိုညလေးရဲ့လျှို့ဝှက်ချက်ကို ချောင်းကြည့်ပေါက်လေးကနေ အတူတကွ ချောင်းမြောင်းကြည့်ရှုခဲ့ကြသည်။



## အခန်း (၁၉)

"ဘယ်သွားမလို့လဲ အာသာ"

စောစောစီးစီး နိုးသွားသော အာသာက ရေမိုးချိုး အဝတ်အစားလဲပြီး အပြင်ထွက်ရန် အသင့်ပြင်နေပြီ။

"ငါဈေးဘက်သွားမလို့လေ၊ နင်တို့နှစ်ယောက်အတွက် စားပွဲပေါ်မှာ မနက်စာ ပြင်ပေးခဲ့တယ်နော်၊ မင်းခန့်"

"ဈေးက ဒေါ်ချစ်ကိုမှာလို့ရနေတာပဲ မဟုတ်လား၊ နင်သွားစရာမလိုတာ"

"ဟင်းစားဝယ်ဖို့ မဟုတ်ပါဘူး။ တခြားအိမ်သုံးပစ္စည်းလေးတွေနဲ့ ငါလိုတာ နည်းနည်းပါးပါး သွားဝယ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ရော"

"မနိုးသေးဘူးလေ သူ နိုးရင် နင်ပဲပြောပြလိုက်ဟာ ငါ ဈေးသွားတယ်ဆိုတာ"

မြို့မဈေးထဲမှာ ဈေးဆိုင်ခန်းတွေက ပေါများသလို ဝယ်ချင်စရာလေးတွေလည်း စုံလှ၏။ အာသာ ဘာမှမယ်မယ်ရရ မဝယ်ဖြစ်သေးဘဲ ဟိုဟိုဒီဒီ လျှောက်ကြည့်နေတာနဲ့တင် မိနစ်ပေါင်းတော်တော်ကြာသွားခဲ့ပြီ။

ညဘက်ဆို ရာသီဥတု အေးသောကြောင့် အနွေးထည်လေးတွေ ဝယ်ယူရင်း တခြားပစ္စည်းတွေလည်း ဝယ်တာများသွားသောကြောင့် လူတစ်ယောက်တည်းနှင့် အထုပ်အပိုးတွေကများနေသည်။ ဈေးထိပ်မှာ အငှားကားလည်းမရှိ။ ဒီမှာက ဆိုင်ကယ်ကယ်ရီသာ ရှိသည်။

ဈေးလာဝယ်ကြသူ အများစုကလည်း ကိုယ်ပိုင်ဆိုင်ကယ်ဖြစ်ဖြစ် စက်ဘီးဖြစ်ဖြစ်သာ အသုံးပြုတာ များသည်။ ဈေးအပေါက်ဝနားမှာ အာသာ တစ်ယောက်တည်း ယောင်ချာချာဖြစ်နေတုန်း ဆိုင်ကယ်တစ်စီး လာထိုးရပ်သည်။

"အစ်မ သွားမှာလား"

"ကယ်ရီပို့ပေးတဲ့သူလား"

"ဟုတ်ပါတယ်"

"အင်း သွားမယ်လေ"





လိပ်စာပြောပြလျှက် ဆိုင်ကယ်နောက်ခုံလေးမှာ အာသာ တက်ထိုင်လိုက်သည်။ အလာတုန်းက မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်ရသောခရီးကို ခုတော့ ခဏလေးနှင့် အာသာ ရောက်သွားသည်။ အိမ်ပြန်ရောက်တော့ ရျာန် နိုးနေခဲ့ပြီ။

အထုပ်အပိုးတွေနှင့်ဝင်လာသော အာသာ့ကို မျက်နှာကြီးစူပုပ်ကြည့်နေ၏။

"ဘယ်ကပြန်လာတာလဲ ဒါက"

"ဖြေမနေနဲ့ အာသာ၊ ငါအားလုံးပြောပြထားပြီးသား၊ ဒီကောင်တမင်ရစ်နေတာ"

"ဟုတ်လား ရျာန်"

အာသာက ရျာန့်မျက်နှာစူပုပ်ပုပ်ကို မင်းခန့် မမြင်အောင် ငုံ့နမ်းလိုက်သည်။

"ဒီမှာလေ အားလုံးအတွက် လိုတာလေးတွေ လိုက်ဝယ်နေတာပါ၊ ရျာန်နိုးနေတာ ကြာပြီလား"

"ကြာပြီပေါ့ မင်းကို မတွေ့လို့ မေးတာကို ဒီကောင်က မင်းဈေးသွားတယ်ဆိုတာ ချက်ချင်းပြောတာ မဟုတ်ဘူး။ မသိဘူးတွေ ဘာတွေနဲ့တော့ မင်းပျောက်သွားပြီဆိုပြီး ဟိုးလမ်းထိပ်ထိတောင် ထွက်ရှာလိုက်ရတယ် တစ်ခြံလုံးလည်း နှံ့နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် တကယ်လား"

"ဟား ဟား ဒီကောင် အဖြစ်သည်းပုံကို နင်မြင်ရင် တကယ်ရယ်မှာသေချာတယ်"

"ဟော့ကောင် မင်းဒီလိုမပြောနဲ့ကွ၊ ငါတို့က ခုချိန်မှာ ပုန်းနေရတာ၊ အန္တရာယ်ဆိုတာ ပြောလို့ရတာမဟုတ်ဘူး"

ရှာန်သော် အတည်ပေါက်ပြောတော့ မင်းခန့်မျက်နှာလည်း တည်သွားသည်။

"အေးကွာ ပုန်းနေတာတော့ ဟုတ်ပါပြီ၊ ငါတို့က ဘယ်အချိန်ထိ ဒီလိုနေနေမှာလဲ၊ ခုတောင် ငါတို့ဒီကိုရောက်နေတာ သုံးပတ်ကျော်သွားပြီ၊ မင်းအဘွားကြီးလည်း ခုချိန်လောက်ဆို လက်လျှော့လောက်ပြီပေါ့"

"မထင်နဲ့ကွ၊ သူက ဖွဲကြီးတယ်၊ သူ့ကိုငါ ပလိန်းကြီး ကျောခဲ့တာဆိုတော့ ငါ့ကိုလည်း လွယ်လွယ်နဲ့ အလျှော့ပေးမှာမဟုတ်ဘူး"

"ပြီးတော့ နောက်တစ်ခု ငါသိချင်တာက သူ့ငွေကြေးတွေကို မင်းယူပြီး ထွက်ပြေးခဲ့တယ်ဆိုတဲ့စကားက အမှန်မဟုတ်တဲ့အတွက် သူ မင်းကို ဘာမှလုပ်လို့မရဘူးလေ၊ ငါတို့က ဘာကိုကြောက်ပြီး သူ့ကိုပုန်းနေရဦးမှာလဲ"

"မင်းမသိဘူး မင်းခန့်ရာ၊ သူ ပေါက်ရောက်တဲ့နယ်ပယ်တွေက အများကြီးကွ"





ရှာန်သော်က ငိုမှုသာပြောသည်။ မင်းခန့်လည်း ဘာမှထပ်မ… တော့၍ သုံးယောက်သား အခန်းလေးထဲမှာ တိတ်ဆိတ်သွားတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဈာန်သော်ပြောခဲ့သောစကားကို နောက်နှစ်ရက်အကြာ လူတွေ အားလုံး အိပ်ပျော်နေသည့် ညသန်းခေါင်ကျော်ကြီးတွင် မင်းခန့် သိလိုက်ရသည်။

သူက အောက်ထပ်မှာအိပ်ပြီး အသာတို့နှစ်ယောက်က အပေါ် ထပ်အခန်းမှာအိပ်ခြင်းမို့ အိမ်ထဲကို ခြေသံလုံလုံဖြင့် ဝင်ရောက်စီးနင်းသည့် အဖွဲ့ကို အရင်ဆုံး ရင်ဆိုင်လိုက်ရသည်။ အားလုံးအိပ်ပျော်နေသည့်အချိန်မို့ သူ့အခန်းတံခါးဘုသီးကို လှည့်ဖွင့်လိုက်သည့် ဒိုးညက်ညက်သံလေးကို သူ ကြားလိုက်ရခြင်း။

တစ်ရေးနိုး ရေထသောက်ပြီး ပြန်လှဲကာစမို့ သူ အိပ်မပျော်မနေ





ခြင်းလည်း ဖြစ်သည်။ ပထမတော့ သူ စိတ်ထင်တာဖြစ်မှာပါလို့ တွေးမိသေး သော်လည်း ဖြည်းဖြည်းချင်းပွင့်လာသော တံခါးချပ်ကြောင့် သူ အသက်ကိုပ ပြင်းပြင်းမရှူရဲဘဲအောင့်ထားလိုက်မိသည်။

ဈာန်သော်တို့တော့ မဖြစ်နိုင်။ သူတို့နှစ်ယောက်က အိပ်ပြီး တစ်ချိုးတည်း မနက်မိုးလင်းမှ နိုးကြခြင်းဖြစ်၏။ သူ့အခန်းထဲကိုလည် ခုလိုမျိုး အချိန်မတော်ကြီး တိတ်တိတ်လေး ဝင်ရောက်လာဖို့ဆိုတာ ဘယ်‌ မှ မဖြစ်နိုင်သောကိစ္စ။ ဒီလိုဆိုရင် သူခိုးပေါ့။ ဒီအိမ်ထဲကို သူခိုးကပ်ပြီပေါ့

သူ သတိအနေအထားနှင့် မျက်လုံးကိုမှိတ်ချင်ယောင်ဆောင်ရင် နိုးကြည့်နေမိသည်။ မှောင်မည်းနေသော သူ့အခန်းထဲကို ဝင်လာသူ‌ သူ ထင်ထားသလို သူခိုးမဟုတ်လောက်မှန်း တဖြည်းဖြည်းသိလိုက်ပြီ ဘယ်သူခိုးကမှ လူဆယ်ယောက်ကျော်ပါသောအဖွဲ့လိုက်ကြီး အိမ်ဖောက် ထွင်းမည် မဟုတ်။ ဓားပြတွေဆိုရင်ရော ခုလိုတိတ်တိတ်လေး ဝင်လာမှ မလာ။

ဒါဆို ဘာလဲ။ အားလုံးက သူ့ခုတင်ပတ်ပတ်လည်မှာ ဝိုင်းထား သည်။ အမှောင်ကြောင့် မျက်နှာများကိုတော့ သူ မမြင်ရပါ။

သူ့ခြေရင်းလောက်ကလူက ခေါင်းတစ်ချက်ဆတ် အချက်ပြတော့ သူ့ခေါင်းရင်းကလူ လက်တစ်ဖက်မြှောက်တက်သွားသည်။ လက်ထဲမှာ တုတ်ခိုင်သော တုတ်ချောင်းကြီး။ သူ အချိန်စောင့်မနေတော့ဘဲ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားလိုက်၏။

ထိုလူ့ရိုက်ချက်ကို တစ်ဖက်လှိမ့်ရှောင်ပစ်လိုက်ရင်း အနီးဆုံးလူတစ်ယောက်ကို ဆောင့်ကန်ပစ်လိုက်သည်။ အဓိကကတော့ အခန်းပေါက်ဝကိုရောက်အောင် ပြေးနိုင်ဖို့ပင်။ သို့သော် သူ့ရည်ရွယ်ချက် မအောင်မြင်လိုက်ပါ။ အများနဲ့တစ်ယောက်ဖြစ်နေသောကြောင့် သူ ခံနေရသည်။ ဘေးဘယ်ညာက ဝင်လာသော လက်သီးတွေကိုရှောင်ရှားရင်း သူ့အော်ဟစ်သံများနှင့် ပရိဘောဂများ လဲပြိုသံများကြောင့် အပေါ်ထပ်မှ ပြေးဆင်းလာသော ခြေသံများကို ကြားရသည်။

ရှာန်သော်တို့ နိုးသွားတာ ဖြစ်မည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ မင်းခန့်"

တစ်အိမ်လုံးက မီးတွေကို လမ်းတစ်လျှောက် အာသာဖွင့်ခဲ့သောကြောင့် ခုတော့အိမ်က လင်းချင်းသွား၏။ အခန်းပေါက်ဝမှာ လဲနေသော မင်းခန့်ကို မျက်နှာတွင် သွေးများပေကျံလျက် တွေ့လိုက်ရသည်။

"အား မလုပ်နဲ့၊ မင်းခန့်ကို မလုပ်ကြနဲ့လေ"

လူအုပ်ကြီးကြားထဲကို အာသာ အတင်းပြေးဝင်သွားတာ လျှင်မြန်လွန်းသောကြောင့် ရှာန်သော်ပင် တားမြစ်ချိန်မရလိုက်။

မင်းခန့်ကို ဝိုင်းထိုးကြိတ်နေကြသူများက အာသာ့ကို ကြက်ကလေး ငှက်ကလေးတစ်ကောင်လိုပင် ဆွဲ့ခနဲ ဖမ်းယူလိုက်သည်။ ထိုလူအုပ်





ကြားထဲ ရှာန်သော်ပါ ဝင်ရောက်ထိုးနှက်ပါသော်လည်း လူများပြီး တုတ်တွေလည်းပါနေတာမို့ နောက်ဆုံးတော့ သူပါ အလဲလဲအကွဲကွဲ ဖြစ်သွား၏။

အာသာ့ကို ကြမ်းတမ်းစွာ ဆောင့်ဆွဲလျက် ကားပေါ်တင်ခေါ်သွားကြတာကိုတောင် ရှာန်သော် မမြင်လိုက်နိုင်။ ခေါင်းနောက်စေ့ကို ရိုက်ခံလိုက်ရတည်းက သူ သတိလစ်မေ့မျောသွားခြင်း ဖြစ်သည်။

"အာသာ အာသာ"

ကိုယ့်ကိုကိုယ် မနည်းထိန်းထရင်း အာသာ့ကိုခေါ်တင်သွားသော ကားနောက်ကို မင်းခန့် ပြေးလိုက်သည်။ နာကျင်မှုများကြောင့်ရော လေအဟုန်လိုမောင်းထွက်သွားသည့် ကားနောက်ကို သူ ဘယ်လိုမှ မလိုက်နိုင်ခဲ့။ တုန်လှုပ်ချောက်ချားနေသော စိတ်များနဲ့ ရင်ဘတ်ထဲက နှလုံးသားက ပေါက်ထွက်တော့မတတ် ဖြစ်နေပြီ။

"ရှာန် ဟေ့ကောင် ရှာန်သော် ဟာကွာ"

သွေးအိုင်ထဲမှာ လဲနေသော ရှာန်သော်ကလည်း ဘယ်လိုမှ ခေါ်မရ။ နောက်ဆုံးတော့ ဝီရထံသို့သာ ဖုန်းလှမ်းဆက်ရတော့သည်။

ဖုန်းက တော်တော်နှင့်မကိုင်။ ညဘက်ဆိုတော့ အသံပိတ်ပြီး အိပ်နေတာဖြစ်မည်။ လေးငါးခေါက်လောက် မပြတ်ခေါ်တော့မှ အိပ်ချင်မူးတူးသံနှင့် လာကိုင်သော ဝီရအသံကိုကြားရ၏။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဝီ ဝီရ"

"မင်းခန့်လား ဟော့ကောင် သုံးနာရီတောင် မထိုးသေးဘူး။ ဘယ်လိုဖြစ်တာလဲ"

"အိမ်ထဲကို လူတွေဝင်စီးတာ ငါရော ရှာန်သော်ရော တော်တော်ထိသွားတယ်၊ အာသာ့ကိုလည်း သူတို့ဖမ်းခေါ်သွားကြတယ်"

"ဘာ"

ခုနက အိပ်ချင်မူးတူးဖြစ်နေတာတွေပါ ချက်ချင်းပျောက်သွားသောအသံဖြင့် ဝီရ အလန့်တကြား အော်ပစ်လိုက်သည်။ နောက်ထပ်မိနစ်အနည်းငယ် အကြာမှာတော့ ဝီရ သူတို့ဆီ ရောက်လာခဲ့တော့၏။

"ဟာ သွေးတွေတော်တော်ထွက်နေတာပဲ၊ ဆေးရုံကား ချက်ချင်းခေါ်မှဖြစ်မယ်"

သတိလစ်နေသော ရှာန်သော့်အတွက် ဆေးရုံကားကို ချက်ချင်းခေါ်ပြီး သူတို့အားလုံး ဆေးရုံဆီ ထွက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာ ဝီရက အဖြစ်အပျက်အသေးစိတ်ကို မေးမြန်းနေသောကြောင့် သတိကောင်းကောင်းရှိနေသည့် မင်းခန့်က ဒိုင်ခံဖြေနေရသည်။

"ဒါ ရာဇဝတ်မှုကြီး ဖြစ်သွားပြီကွ"

"ဟုတ်တယ် ဝီရ၊ ငါ ပထမတော့ ဒီတိုင်း သူခိုးကပ်တယ်ထင်တာ"





"ငါ့အစ်ကိုတို့လည်း မနေတာ ကြာပါပြီ၊ ဒီနားကလည်း လူအရောက်အပေါက်နည်းပြီး ဆိတ်ငြိမ်တဲ့နေရာ၊ ဒီလိုနေရာကို အနုကြမ်းဝင်စီးတယ်ဆိုရအောင်လည်း ဘာပစ္စည်းမှ ယူသွားတာမဟုတ်ဘူး"

"ငါထင်တာတော့ ဟိုမိန်းမကြီးနဲ့ ပတ်သက်နေမလားလို့"

"ဒေါ်ထိပ်ထားခင်လား မင်းခန့်"

"အေး ဟုတ်တယ်၊ ဟိုတစ်ရက်ကတင် ရှာန်သော် ပြောနေခဲ့တာ၊ ဒီမိန်းမကြီးပိုင်တဲ့ နယ်ပယ်တွေက တော်တော်များတယ်ဆိုတာ"

ဝီရက သူ ဦးစီးဖွင့်လှစ်ထားသော ဆေးရုံကိုသာ ခေါ်လာခဲ့ခြင်းမို့ ဘာမှပြောနေစရာမလိုအောင် ရှာန်သော့်အတွက် အမြန်ဆုံး ကုသရန် ပြင်ဆင်ကြသည်။ မင်းခန့်ကိုလည်း ဒဏ်ရာတွေ ဆေးထည့်ပေးပြီး သက်သောင့်သက်သာ အနားယူခိုင်းထား၏။

ဒါပေမဲ့ မင်းခန့်ရော ဝီရပါ သက်သောင့်သက်သာ မနေနိုင်။ လူဆိုးတွေနောက်ကို အာသာပါသွားခဲ့ပြီ။ ဟိုမိန်းမကြီးလုပ်တယ်ဆိုရင်တောင် ဘယ်ကစပြီး ဘယ်လိုလိုက်ရှာရမယ်ဆိုတာ မသိ။

"ငါတို့ အာသာ့အတွက် ဘယ်လိုလုပ်ကြမလဲ ဝီရ"

"ငါစဉ်းစားနေတာ ဒေါ်ထိပ်ထားခင်လုပ်တာဆိုရင်တောင် ငါတို့ ဘယ်မှာလိုက်ရှာရမယ်ဆိုတာ မသိဘူးလေ၊ လောလောဆယ် ရဲတိုင်လိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး တိုင်ပြီး ချက်ချင်းရှာမှဖြစ်မယ်ကွ"

"မင်း သူတို့ကားကို သေချာမြင်လိုက်လား"

"ကားက လိုက်ထရပ်အဖြူရောင် အာသာ့ကို ခေါင်းခန်းထဲ အတင်းထိုးထည့်ခေါ်သွားတာ၊ ကားနံပါတ်ကလည်း မှောင်နေတော့ အပြည့်အစုံ မမြင်လိုက်ဘူးကွာ၊ နောက်ဆုံးက ၄၂ ပဲမြင်လိုက်တယ်"

"အိုကေ အဲဒီအချက်အလက်တွေကို ရဲတွေကို တစ်ခါတည်း ပြောပြထားရမှာ"

ဝီရက ရဲတိုင်ရန် ဖုန်းလေးကို ဘောင်းဘီအိတ်ထဲက ထုတ်လိုက်စဉ်မှာပဲ သူ့ဖုန်းထဲကို စာတိုတစ်စောင် ရောက်နေတာ တွေ့လိုက်သည်။

"ရဲတွေဘာတွေတိုင်ဖို့ မလုပ်ပါနဲ့၊ မင်းတို့ကောင်မလေးကို ငါ့ကောင်လေးနဲ့ လဲမယ်"

ဘာကိုပြောချင်တယ်ဆိုတာ တွေတွေထူးထူး စဉ်းစားနေစရာမလိုလောက်အောင်ပင် အဖြေက ရှင်းနေခဲ့ပြီ။ ဒီအဖြစ်အပျက်နောက်ကွယ်မှာ ဘယ်သူကြိုးကိုင်တယ်ဆိုတာလည်း ရှင်းသွားပြီ။ မင်းခန့် ဖတ်ပြီး တက်တစ်ခေါက်ခေါက်ဖြစ်နေ၏။

"ဒါ ဘာသဘောလဲ၊ ဒီလောက်ထိ လုပ်ရလောက်အောင် ဒီနိုင်ငံ ဥပဒေမရှိတဲ့ ပေါက်လွတ်ပဲစားနိုင်ငံမှ မဟုတ်တာကွ"

"အခု ဘာဆက်လုပ်မလဲ၊ ရှာန်သော်ကလည်း သတိလစ်နေ





တုန်း"

"သူ မကြာခင် သတိရလာမှာပါ"

ကိုးချက်လောက်ချုပ်လိုက်ရသော်လည်း သိပ်မကြာခင်မှာပဲ ရှာန်သော် သတိရလာသည်။

"အာသာ အာသာ ဘယ်မှာလဲ"

သတိရတာနှင့် သွေးရူးသွေးတန်း အော်ဟစ်ပြီး အာသာ့ကို သူ အရင်ဆုံးရှာဖွေမိသည်။ စိတ်ပျက်ညစ်ညူးနေသော မျက်နှာများဖြင့် အနားမှာ ရပ်နေသော မင်းခန့်နဲ့ဝီရက သူ့လက်တစ်ဖက်ကိုဆုပ်ကိုင်အားပေးရင်း ဝီရ ဖုန်းထဲမှ စာလေးကို ပြလိုက်သည်။

ရှာန်သော့်မျက်နှာတစ်ခုလုံး ဒေါသများဖြင့် ပြည့်လျှမ်းသွားသည်။ ခုတင်ပေါ်မှ အတင်းကုန်းထရန် ကြိုးစားနေသောကြောင့် ဝီရက ဖမ်းထိန်းထားလိုက်ရင်း

"မင်းခဏနားလိုက်ဦး ရှာန်သော်၊ မင်းဒဏ်ရာက နည်းနည်းများလို့ အခြေအနေစောင့်ကြည့်ချင်သေးတယ်လို့ ဆရာဝန်က ပြောတယ်"

"ဘာမှမဖြစ်ဘူး ဟောကောင်တွေ၊ မင်းတို့ငြိမ်နေနိုင်ပေမယ့် ငါ ငြိမ်မနေနိုင်ဘူးကွ၊ အာသာက ငါ့မိန်းမကွ"

"မင်း ဘာစကားပြောတာလဲ ရှာန်သော်၊ အာသာက မင်းမိန်းမ ဖြစ်တာ ရက်ပိုင်းပဲ ရှိပါသေးတယ်၊ ငါတို့အားလုံးသိပ်ချစ်ရတဲ့ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သူ အမြဲရှိနေခဲ့တာ၊ ငါတို့ကလည်း အာသာ့ကို စိတ်မပူလို့ ငြိမ်နေတာ မဟုတ်ဘူးကွ၊ ဒီကိစ္စက ဝရုံးဝရုံးသွားလုပ်ရင် သူဆင်ထားတဲ့ အကွက်ထဲကို မင်း ဝင်သွားလိမ့်မယ်၊ အဲဒီတော့ ငါတို့အားလုံး သေသေချာချာ တိုင်ပင်ပြီးမှလုပ်တာ ကောင်းမယ်ထင်လို့ ငါတို့ မင်းသတိပြန်ရလာတာကို စောင့်နေတာကွ"

မင်းခန့် ပေါက်ကွဲစွာအော်တော့မှ ရာန်သော် ငြိမ်ကျသွားသည်။

"ဟုတ်တယ် ရာန်သော် မင်းစကားကို ဆင်ခြင်ပြောကွာ၊ အာသာ့ကို မင်းထက်မလျော့တဲ့စိတ်နဲ့ ငါတို့သံယောဇဉ်ရှိတယ်ကွ သိလား။ ပြီးတော့ ခုလို အာသာဖြစ်ရတာကရော ဘယ်သူ့ပယောဂလဲ၊ ဘယ်သူ့စနက်လဲ"

ဝီရရဲ့တစ်လုံးချင်းတည်ငြိမ်စွာ ပြောလိုက်သည့် စကားတွေနောက်မှာ ရာန်သော်မျက်နှာကြီးကိုအုပ်လျက် ချုံးပွဲချ ငိုကြွေးလိုက်တော့သည်။

■ ■ ■



## အခန်း (၂၁)

ဒယ်ရာက ထွေထွေထူးထူး ထိခိုက်ခြင်းမရှိသောကြောင့် ရာန်သော်ကို နောက်တစ်နေ့ နေ့လယ်ခင်းမှာပင် ဆေးရုံက ဆင်းခွင့်ပြုလိုက်သည်။ သူတို့အတူရှိနေခဲ့ဖူးသော အိမ်ထဲကို အာသာ မပါဘဲ ရောက်နေရသော ခံစားချက်က သုံးယောက်လုံးကို နာကျင်နေစေသည်။

"ခုချိန်ထိ သူတို့ဘက်က ထပ်မဆက်သွယ်လာတာ ဘာသဘောလဲ၊ တကယ်ဆို သူတို့အာသာ့ကို ဘယ်မှာထားထားတယ်ဆိုတာ လှမ်းပြောသင့်တယ်လေ"

"အင်း စဉ်းတော့စဉ်းစားစရာပဲ"

"ငါ့ဘက်က သူ့ကိုဆက်သွယ်လာစေချင်တဲ့ သဘောပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ချန်သော်က တည်ငြိမ်စွာ ဝင်ပြောသည်။

"ဟုတ်တယ် ချန်သော် အဲဒါ ဖြစ်နိုင်တယ်၊ သူ့ဖုန်းနံပါတ်ကို မင်းသိတယ်မဟုတ်လား။ ခုချက်ချင်း ခေါ်ကွာ"

ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကို ခပ်မြန်မြန်ထုတ်လိုက်ပြီး ချန်သော်က ချက်ချင်းလှမ်းဆက်လိုက်သည်။ ဖုန်းကိုတော်တော်နဲ့မကိုင်။ သုံးလေးခါလောက်ခေါ်တော့မှ တစ်ဖက်မှ ပြန်ဖြေသံထွက်လာသည်။ နှစ်ပေါင်းများစွာကြားလာခဲ့ရသော ဩဇာအာဏာများဖြင့် ပြည့်ဝနေသည့်အသံ။

"ဟယ်လို"

"ဟယ်လို ဒေါ်ထိပ်ထားခင်"

ချန်သော့်အသံက သွေးဆူနေသော သားရိုင်းတစ်ကောင်လို မာကြောခက်ထန်နေသည်။

"သြော် ဟော မောင်လေး နေကောင်းတယ်နော်"

"ခင်ဗျား ကျုပ်ကို အပိုတွေမေးမနေနဲ့၊ ကျုပ်မိန်းမ ဘယ်မှာလဲ၊ အဲဒါပဲ သိချင်တယ်"

"ဘာတွေဒီလောက် ဒေါသကြီးနေတာလဲ မောင်လေးရဲ့ ဟက် ဟက်"

"ခင်ဗျားဗျာ တော်တော်မိုက်ရိုင်းတဲ့ မိန်းမ"

"မမက မိုက်ရိုင်းတယ် ဟုတ်လား။ အဲဒီ မိုက်ရိုင်းတယ်ဆိုတဲ့





မိန်းမနားမှာပဲ မင်းနှစ်ပေါင်းမြောက်မြားစွာ ရှိနေခဲ့တာပါကွ"

"ခင်ဗျား ကျုပ်ကို အပိုတွေမပြောနဲ့လို့ ပြောနေတယ်လေ၊ အာသာ ဘယ်မှာလဲ၊ ကျုပ်မိန်းမကို ခင်ဗျား ဘယ်မှာဖမ်းချုပ်ထားတာလဲ"

"မင်း သိပ်သိချင်နေရင် မမနဲ့လာတွေ့လေ၊ မင်းသူငယ်ချင်း ကယ်တင်ရှင်ကြီးဆီကို ပို့ထားတဲ့စာလေး မင်းဖတ်ပြီးလောက်ရောပေါ့"

"တောက်"

ဒေါသတွေက ရင်ထဲမှာ လှိုင်းတံပိုးလို ရိုက်ခတ်နေသောကြောင့် ချန်သော် မထိန်းနိုင်တော့ဘဲ တက်တစ်ချက်ခတ်မိသည်။

"ဒေါသတွေ ထိန်းပါကွာ တစ်ယောက်အကြောင်း တစ်ယောက် မသိတဲ့လူတွေလည်း မဟုတ်ဘူး။ မမနဲ့တွေ့ရမှာကို ဘာတွေဒီလောက် ကြောက်နေတာလဲ"

"ကောင်းပြီလေ တွေ့ကြတာပေါ့ ဒါပေမဲ့ ကျုပ်မိန်းမကိုပါ ကျုပ် တစ်ခါတည်းတွေ့ချင်တယ်၊ သူ့ကိုဖမ်းချုပ်ထားဖို့ အခွင့်အရေး ခင်ဗျားမှာ နည်းနည်းလေးတောင် မရှိဘူး၊ နားလည်လား"

ဒေါ်ထိပ်ထားခင် ပြောပြသော နေရာနဲ့လိပ်စာကို ဝီရအား ပြောပြတော့

"အဲဒါ မြို့တွင်းမဟုတ်ဘူးကွ၊ ဟိုးမြို့ပြင်ဘက်လောက်မှာရှိတယ်"

"သွားမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ရှာန်သော် မလောနဲ့၊ ငါတို့ဘက်က တစ်ခုခုစီစဉ်ပြီးမှ ပိုင်ပိုင်နိုင်နိုင်သွားတာ ကောင်းမယ်ကွ"

အာသာ့ကို အလွန်အမင်း စိတ်ပူပန်ကာ အခုချက်ချင်းပင် ပြေးတွေ့လိုက်ချင်သော်လည်း မင်းခန္ဓစကားက မှန်နေသောကြောင့် သူ့ခံစားချက်များကို ပြန်လည်မျိုချထားလိုက်ရသည်။

ခဏလေး သည်းခံပေးပါ အာသာရယ်။

■ ■ ■

ဒီတစ်ညလုံး ရှာန်သော် အိပ်ပျော်တော့မှာမဟုတ်မှန်း ကိုယ့်ကိုကိုယ် သိနေသည်။ လက်ထပ်ခဲ့တာ ရက်ပိုင်းလောက်သာ ရှိသေးပေမယ့် သူ့ဘေးနားမှာ ကွက်လပ်ဖြစ်နေသော အိပ်ရာလေးကို ကြည့်ရင်း သူနှာကျင်လှမ်းဆွတ်နေမိသည်။

ဒေါ်ထိပ်ထားခင်ဆိုတဲ့ အမျိုးသမီးက ငွေကြေးပြည့်စုံသည်။ လှပချောမောသည်ဆိုပေမယ့် ငယ်စဉ်တည်းက တစ်ကောင်ကြွက်ဘဝနှင့်ကြီးပြင်း လာခဲ့တာမို့ တစ်စုံတစ်ခုကို အလွန်အကျွံစွဲလမ်းတတ်သည့်စိတ္တဇလည်း ရှိနေသည်။

ငယ်စဉ်တည်းက အတူတူအိပ် အတူတူနေလာခဲ့သော အချစ်တော် တယ်ရီယာခွေးကလေး သေဆုံးသွားချိန်မှာ ထိုအသေကောင်ကိုပညာရှင်တွေထံ အပ်နှံပြီး ရုပ်လုံးသွင်းကာ သူ့အခန်းထဲ၌ သီးသန့်စင်တစ်ခု





ဖြင့် အလှအပတန်ဆာလို တင်ထားခဲ့သည်။

"အဲဒါ ဘာကြီးလဲ မမ"

"သူ့နာမည်က မင်းသမီးလေး တဲ့"

"ဘယ်လို မမ"

"ဟုတ်တယ် မမရဲ့ အချစ်ဆုံးခွေးမကလေးလေ၊ Princess လို့ တစ်ချက်ခေါ်လိုက်တာနဲ့ ရောက်ရာနေရာကနေ ချက်ချင်းပြေးလာတတ်တာ"

"သူက အခု သေသွားလို့ပေါ့နော်"

"ဩော် မောင်လေးရယ် ဟုတ်တာပေါ့၊ သူ သေသွားပေမယ့် မမက မခွဲနိုင်လွန်းလို့ ခုလို တကူးတက ရုပ်လုံးသွင်းထားတာလေ"

တကယ့်အကောင်အစစ်ကြီးကို မြင်နေရတာမို့ သူ နည်းနည်းတော့ကျောချမ်းမိသည်။ လှလှပပလည်း မဟုတ်ဘဲ ခွေးကလေး ရုပ်ဆိုးဆိုးလေးဖြစ်သည်။ ဒါကိုများ မင်းသမီးလေးတဲ့။ သူတစ်ယောက်တည်း တွေးပြီးရယ်မိခဲ့သေး၏။

အခုလည်း သူ့ကို ဒေါ်ထိပ်ထားခင်က အိမ်မွေးတိရစ္ဆာန်တစ်ကောင်လို သဘောထားနေသလား မသိပါ။ သူ လိုတဲ့အချိန်မှာ ရောက်လာအရပ်ကနေ အမြဲတမ်း ပြေးလာရမည့် တိရစ္ဆာန်လေးတစ်ကောင်အခြေမျိုး သူ ထင်နေတာလား။ ဒီလိုတော့ လုံးဝမဖြစ်စေရပါ။

ရှာန်သော်ဟာ ဘယ်သူ့ရဲ့လက်သပ်မွေးထားသော အချစ်တော်



www.burmeseclassic.com

www.burmeseclassic.com



ချွေးကလေးမှ အဖြစ်မခံနိုင်။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ကာ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ကာကွယ်ပေးနိုင်သည့် ယောကျ်ားတစ်ယောက်သာ ဖြစ်စေရမည်။

■ ■ ■



## အခန်း (၂၂)

"ငါ အဆင်သင့်ဖြစ်ပြီ၊ သွားရအောင်"

ဝီရ ကားလေးနဲ့ပဲ သုံးယောက်လုံး အတူတကွ ထွက်ခွာလာခဲ့သည်။ မြို့ပြင်ရောက်ဖို့ နာရီဝက်ကျော်ကျော်လောက်တော့ မောင်းလိုက်ရ၏။ ငယ်စဉ်တည်းက ဒီမြို့မှာ မွေးဖွားလာသူမို့ ဝီရကတော့ လမ်းများကို ကျွမ်းကျင်သည်။ ဒေါ်ထိပ်ထားခင် ညွှန်ပြလိုက်သည့် တိုက်အဟောင်းတစ်ခုဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။

"ကဲ ဒီနေရာကနေဆို သူတို့လှမ်းမမြင်လောက်ဘူး။ မင်းသွားတော့"

ကားကို ရာနိုသော့လက်ထဲ လွှဲပြောင်းပေးပြီး မင်းခန့်နဲ့ဝီရကတော့



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာဆင်းကျန်ခဲ့လိုက်သည်။ ခြံကသိပ်မကျယ်သော်လည်း အိမ်ကြီးကတော့ ကြီးမားသည်။ ဟိုးအရင်တုန်းက ဆောက်ထားခဲ့သည့် တိုက်ခံအိမ်လိုပုံစံမျိုး။

ခြံဝမှာ ကားထိုးရပ်လိုက်ပြီး ဟွန်းကိုကျယ်ကျယ်လောင်လောင်အဆက်မပြတ်တီးလိုက်တော့ ခြံစောင့်ထွက်လာသည်။ ရှာန်သော့မျက်နှာကိုမြင်သည်နှင့် ထွေထွေထူးထူး ဘာမှတောင်ပြောနေစရာမလိုဘဲ တံခါးဖွင့်ပေးလိုက်၏။

ကားကို ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။ ကားပေါ်ကဆင်းပြီးဘေးဘီဝဲယာကို အကဲခတ်ကြည့်မိတော့ အနက်ရောင်ဝတ်စုံဝတ်ထားသည့်ယောကျာ်းသုံးယောက်လောက် ခြံထောင့်မှာ စုထိုင်နေသည်။ သူ့ကို ရှုတည်တည်နှင့် လှမ်းကြည့်နေကြ၏။ ဟိုညက အိမ်ကိုဝင်စီးသွားတဲ့ထဲမှာ ဒီကောင်တွေလည်း ပါမှာပေါ့။ အတွေးနှင့်အတူ ထွက်သွားသော ဒေါသကို သူပြန်မြိုချထားလိုက်သည်။

သူ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အိမ်ထဲလှမ်းဝင်လိုက်၏။ အိမ်ထဲမှာထပ်ပြီး လူနှစ်ယောက်ထိုင်နေသေးသည်။ အင်အားကတော့ မသေးတာသေချာသထက်သေချာနေပြီ။ ဘယ်သူမှ သူ့ကိုမေးမြန်းပြောဆိုခြင်းမရှိသောကြောင့် အပေါ်ထပ်တက်သည့် လှေကားထစ်များအတိုင်း သူ တက်လိုက်သည်။





ဒီအိမ်ကြီးရဲ့ဘယ်နေရာမှာ အာသာ ရှိနေတာပါလိမ့်။

"မောင်လေး နောက်ကျတယ်နော်၊ မမက မနက်လောက်တည်းက မျှော်နေတာ"

ပြုံးပြုံးရွှင်ရွှင်နှင့် ဘာမှမဖြစ်သလို ပြောနေသော ဒေါ်ထိပ်ထားခင်ကို သူ စကားမပြောချင်။ ဖြစ်နိုင်ရင် အာသာ့လက်ကိုဆွဲပြီး ဒီအိမ်ထဲကနေ အမြန်ဆုံးထွက်သွားလိုက်ချင်ပြီ။

"ကျုပ်မိန်းမ ဘယ်မှာလဲ"

"ဘယ်သူ့ကိုပြောတာလဲ မောင်"

"ခင်ဗျားနဲ့စကားတွေ အရည်မရအဖတ်မရ ပြောချင်စိတ် ကျွန်တော့်မှာ မရှိဘူး။ အာသာ ဘယ်မှာလဲ၊ ခုချက်ချင်း ကျွန်တော့်မိန်းမကို ခေါ်ပေးပါ"

သူ့မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်သွားလျက် အနားမှာရှိနေသော ယောကျာ်းတစ်ယောက်ကို ခေါင်းတစ်ချက်ဆတ်ပြသည်။ ထိုလူအနားကထွက်သွားပြီး သိပ်မကြာခင်မှာပဲ အာသာ့ကိုခေါ်ကာ ပြန်ရောက်လာခဲ့၏။

လက်ပြန်ကြိုးတုပ်ခံထားရသည့် အာသာ့ကိုမြင်လိုက်ရချိန်မှာ ချုပ်နှံသော် ထိန်းချုပ်ထားသော ဒေါသတွေ ပေါက်ကွဲထွက်သွားတော့သည်။

"အာသာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှာန် ရှာန်"

အာသာ့ဆီ ပြေးသွားဖို့ လုပ်နေသော သူ့ခြေလှမ်းများကို နောက်မှာရပ်နေသောလူက ဆီးတားထားလိုက်သည်။ ဆွဲကိုင်ခံလိုက်ရသော လက်မောင်းကို အတင်းရုန်းထွက်ဖို့ ကြိုးစားလိုက်ရင်း

"ခင်ဗျား ဘာဖြစ်လို့ အာသာ့ကို ကြိုးတုပ်ထားတာလဲ"

"ဩော် ဒါကတော့ သူ့ကိုယ်သူ နာကျင်အောင် တစ်ခုခုလုပ်မှာ စိုးရိမ်လို့ပေါ့၊ တော်ကြာ မောင်လေးရောက်လာတဲ့အချိန်ကျ သူ့မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ဖြစ်နေမှာစိုးလို့ပါ ဟင်း ဟင်း"

"ခုချက်ချင်း အဲဒီကြိုးကိုဖြည်ပေးလိုက်ပါ"

"ရပါတယ် ကြိုးဖြည်ပေးရတာ ဘာမှမခက်ပါဘူးလေ၊ ဒါပေမဲ့ မင်းသူငယ်ချင်းဆီကို ပို့လိုက်တဲ့စာထဲမှာ ရေးထားတဲ့အကြောင်းအရာကိုတော့ မောင်လေး ကောင်းကောင်းသဘောပေါက်မှာပါနော်"

ရှာန်သော်နဲ့ အာသာ့ကို အလဲအလှယ်လုပ်ရမည်ဆိုတဲ့ စာ။

"ခင်ဗျားကို ဒီလောက် ယုတ်မာလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

"ကဲပါလေ ကြိုးဖြည်ပေးလိုက်စမ်း"

အာသာ့ကို ချုပ်ကိုင်ထားသောလူက ကြိုးကိုချက်ချင်း ဖြည်ပေးလိုက်သည်။ သို့သော် အာသာ့လက်မောင်းကို ဖမ်းချုပ်ထားခြင်းကိုတော့ လွှတ်မပေး။





"ဘယ်လိုလဲ ကိုယ့်အပေးအယူကို သဘောတူရင် မင်းရဲ့မိန်းမဆိုလား ဘာလား မမ ပြန်လွှတ်ပေးလိုက်မှာပါ၊ မင်းက ခေါ်ထားပါဆိုရင်တောင် ခေါ်မထားဘူး"

ရှာန်သော် အာသာ့ကို လှမ်းကြည့်လိုက်သည်။ မျက်နှာလေးက ချောင်ကျလျက် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေတယ်ဆိုတာ အတပ်သိနိုင်သည့်ပုံမျိုးလေး ဖြစ်နေ၏။ စိတ်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်သော်လည်း သူ့အကြည့်များကို အာသာ့ထံကနေ ဒေါ်ထိပ်ထားခင်ထံသို့ လွှဲပြောင်းလိုက်သည်။

ဆုံးဖြတ်ချက်တစ်ခုကို ချပြီးပုံနှင့် ရှာန်သော့်အကြည့်တွေ ပြတ်သားနေသည်။

"ကောင်းပြီလေ ကျုပ် နေမယ်၊ သူ့ကိုတော့ ပြန်လွှတ်ပေးလိုက်ပါ၊ ဒီလောက်တော့ ခင်ဗျားကတိတည်မယ်လို့ ထင်ပါတယ်"

ဒေါ်ထိပ်ထားခင် မျက်နှာက ပြုံးရွှင်သွားသလောက် အာသာကတော့ မယုံကြည်နိုင်သော မျက်ဝန်းများဖြင့် ရှာန်သော့်ကို လှမ်းကြည့်သည်။

"အို တည်တာပေါ့ကွယ်၊ သိပ်တည်တာပေါ့၊ ကိုယ် ပိုင်ဆိုင်ချင်တာက မင်းပဲလေ၊ ဒီမိန်းကလေးမှ မဟုတ်တာ"

"ရှာန် နင် ဘယ်လိုလုပ်လိုက်တာလဲ"

အာသာ့ရဲ့မကျေနပ်မှုတွေ ပြည့်နှက်နေသောအသံက အခန်းထဲမှာ



www.burmeseclassic.com

ဟိန်းထွက်သွားသည်။

"နင်သွားတော့ အာသာ"

"ငါမသွားနိုင်ဘူး။ နင်မပါဘဲနဲ့ ငါ ဒီအိမ်ထဲကနေ ထွက်မသွားဘူး"

"ခေါင်းမစားစမ်းပါနဲ့ အာသာ၊ အဲဒီလိုမှ မလုပ်ရင် နင့်ကိုသူတို့ ဆက်ဖမ်းချုပ်ထားမှာကို ငါမကြည့်ရက်ဘူး"

"နင်ပြောတော့ ငါမထိခိုက်အောင် ကြိုးစားမယ်ဆို၊ ငါ့အတွက်ပဲ ရပ်တည်မှာဆို"

အာသာ ပြောနေရင်းနှင့် မျက်ရည်များ ကျဆင်းလာသည်။ ရှာန်သော် ချက်ချင်းပင် မျက်နှာလွှဲလိုက်၏။

"အေး အခုလည်း နင်မထိခိုက်အောင်ပဲ ငါလုပ်နေတာလေ"

"ကဲ ကဲ ဟိုမိန်းကလေးကို သူ့အိမ်နားရောက်တဲ့ထိ လိုက်ပို့ပေးလိုက်ကြတော့၊ လာ မောင်လေး လာမယ်ဆိုတာသိလို့ မမက မောင်လေးအကြိုက် ပိုင်အဖြူတောင် စီစဉ်ထားပြီးသားလေ လာ"

ရှေ့ကနေ ကြွကြွရွရွလေး ထွက်သွားသော ဒေါ်ထိပ်ထားခင် နောက်ကို ရှာန်သော် လိုက်သွားရန် ပြင်လိုက်ဆဲမှာပဲ

"ရှာန်သော် နင်အခုရပ်စမ်း။ ရှာန်သော် နင် ငါပြောတာ မကြားဘူးလား။ လှတ် လှတ်နော် ငါ့ကို အခုချက်ချင်းလွှတ်စမ်း"

သူ မကြားချင်ယောင်ဆောင်ကာ ဒေါ်ထိပ်ထားခင်နောက်သို့ပဲ





ဆက်လိုက်ခဲ့သည်။ ဟိုလူတွေက အာသာ့လက်မောင်းနှစ်ဖက်ကို တစ်ဖက် တစ်ချပ်စီကနေ ဖမ်းဆုပ်ကိုင်လျက် အောက်ထပ်ဆီ အတင်းဆွဲခေါ်သွားကြ၏။ သူ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ဒေါသများကိုလည်း ပြန်လည်မြိုသိပ်လိုက်ရ၏။

ဒေါ်ထိပ်ထားခင် ခေါ်ဆောင်သွားသောအခန်းက သူမအိပ်ခန်းဆီသို့ ဖြစ်လို့နေသည်။ အခန်းထဲမှာ မီးရောင်မှိန်မှိန်လေးထွန်းလျက် ကုလားထိုင်နှစ်လုံး ဝန်းရံထားသော စားပွဲဝိုင်းလေးပေါ်၌ ရှာန်သော့်အကြိုက် ပြင်သစ်ဝိုင်ပုလင်းက နေရာယူထားသည်။

အရင်တည်းက ရှာန်သော် တစ်ခုခု စိတ်မကြည်လင် စိတ်ဝိုပြီဆိုရင် ဒီဝိုင်ပွဲကို ခင်ကျင်းလျက် သူမ ချော့လေ့ရှိသည်။ အခုလည်း ဒီနည်းအတိုင်းပဲ လုပ်မယ်ဆိုတာ ရှာန်သော်က ခန့်မှန်းမိပြီးသားပါ။

"မောင်လေး ဘာဖြစ်လို့များ မမကို ဒီလောက်နှိပ်စက်ထားတာလဲ ဟင်"

အသံက ကန့်ကလျနှင့် ချွဲအီနေသည်။ နှိပ်စက်ခံရတာက ကျွန်တော်လား၊ ခင်ဗျားလားလို့ အော်ဟစ်မေးပစ်လိုက်ချင်စိတ်ကိုလည်း မြိုသိပ်ထားရသည်။

"အခု အဲဒါတွေ မေးမနေပါနဲ့တော့၊ ခင်ဗျားရှေ့ကို ကျွန်တော် ရောက်နေပြီပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ခင်ဗျားဆိုတာကြီး မသုံးနှုန်းပါနဲ့တော့၊ နားထဲမှာ ဘယ်လိုမှ အဆင်မပြေဘူး ဟင်း ဟင်း အရင်လိုပဲ မမလို့ခေါ်နော်"

ရှာနီသော် တပြုံးပြုံး အော်ကာလီဆန်လာသည်။ သို့သော် လည်းပေါ့လေ။

"အိုကေ ကောင်းပါပြီ မမ"

"ကြည့်စမ်း ခုမှပဲ ကိုယ့်အချစ်တော်လေး ပြန်ဖြစ်တော့တယ်"

သူမက ပြောလည်းပြော ပိုင်ပုလင်းကိုလည်း ဖောက်လျက် ခွက်တွေကို ငှဲ့ထည့်ပေး၏။

"ကဲ ချီးယားစ်လုပ်လိုက်ကြရအောင်လေ"

"နေပါဦး မမရဲ့၊ ကျွန်တော် မေးပါရစေဦး"

လက်ထဲမှာကိုင်ထားသော လည်ပင်းရှည်ဖန်ခွက်လေးကို သူမ စားပွဲပေါ် ပြန်ချလိုက်သည်။ ရှာနီသော့်ကိုလည်း စူးစူးစမ်းစမ်းလေး ကြည့်၏။

"ပြော် မမ အံ့ဩသွားတာလား၊ တခြားမေးမှာမဟုတ်ပါဘူး။ ဟိုတစ်ညက ဝီရအစ်ကိုအိမ်ကို မမတို့လူတွေ ဘယ်လိုရောက်လာတယ်ဆိုတာပဲ ကျွန်တော်က သိချင်နေတာ၊ ကျွန်တော်တို့ ဗီလောက် ပိပိရိရိနေတာကိုတောင် မမ ညှိနိုင်တယ်ဆိုတော့ မမက သိပ်တော်တာပဲနော်"

သူ ပြောက်ပြောလိုက်တော့ ဒေါ်ထိပ်ထားခင် သဘောတွေ့သွား





သည်။

"စိတ်မရှိဘူးဆို ကျွန်တော် ဆေးလိပ်လေးသောက်ချင်တယ်"

"ရတာပေါ့ သောက်လေ"

"မီးခြစ်လေးများ ခဏငှားပါလား၊ မမရယ်"

စီးကရက် သောက်လေ့သောက်ထရှိသော ဒေါ်ထိပ်ထားခင်ရဲ့ ပိုက်ဆံအိတ်ထဲမှာ မီးခြစ်တစ်လုံးတော့ အမြဲပါတတ်တာ ရှာနီသော် သိနေပြီးသားလေ။

"ဒါက လွယ်လွယ်လေးပါ၊ ဆိုင်ကယ်ကယ်ရီသမားတွေကို လိုက်စုံစမ်းကြည့်တော့ အဲဒီထဲက တစ်ယောက်က အာသာဝတီကို မြင်ဖူးနေတယ်လေ၊ မင်းတို့ရှိနေတဲ့နေရာကို သိရဖို့ဆိုတာ ဘာမှမခက်ခဲပါဘူး မောင်လေးရဲ့"

ခုတင်ခေါင်းရင်းမှာ တင်ထားသော ပိုက်ဆံအိတ်ဆီသွားရင်းနှင့် သူမက ကျေကျေနပ်နပ် ရှင်းလင်းပြနေသည်။ စီးကရက်ကို နှုတ်ခမ်းလွှာကြားမှာ တေ့ပေးလိုက်တော့ သူမကိုယ်တိုင် မီးညှိပေး၏။ တစ်ချက်နှစ်ချက်သာ ရှိုက်လိုက်ပြီး စီးကရက်ကို စားပွဲစွန်းလေးမှာ တင်ထားလိုက်၏။

အခုက ပိုင်သောက်ဖို့ အချိန်ကျနေပြီလေ။

"ကဲ မမ ချီးယားစ်"

ပွဲလမ်းသဘင်တွေမှာဆိုရင်တော့ အိုက်တင်လေးနှင့် မော့ကျကျ ပိုင်ကိုတစ်ငုံချင်းသောက်တတ်သော ဒေါ်ထိပ်ထားခင်သည် ခုလို ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေသည့်အခါများမှာ ခွက်လိုက်မော့ချကာ တစ်ကျိုက်တည်းကုန်အောင် သောက်တတ်သူဖြစ်၏။ ဗိုင်ကို ရေလိုသောက်နိုင်သူလည်း ဖြစ်သည်။

ခုလည်း တစ်ကျိုက်တည်းနှင့် မော့သောက်ချပစ်လိုက်၏။

"တကယ်တော့ မမအကြိုက်တွေကိုချည်းမဲ့ ရွေးလုပ်နေတာ မမကို တစ်ခုခုစိတ်ဆိုးနေလို့လားဟင်"

"မဆိုးပါဘူး"

"မမကတော့ မောင်လေးကို စိတ်ဆိုးတယ် သိလား။ ဟို မိန်းကလေးနဲ့ လက်ထပ်ထားတဲ့ကိစ္စကို မမ မရရအောင် ဖျက်ဆီးပစ်ဦးမှာ ဟင်း ဟင်း။ အခု မောင်လေးလည်း မမဆီးပြန်ရောက်လာပြီဆိုတော့ ဒါတွေ နောက်မှ အေးအေးလုပ်"

ဒေါ်ထိပ်ထားခင် မျက်လုံးတွေမှေးစင်းကာ အရိပ်တွေဝှိမ်ဝင်လာ၏။

"အင်း ဟင်း ဘယ်လိုဖြစ်တယ် မသိဘူးကွာ၊ ရုတ်တရက်ကြီး တအားအိပ်ချင်လာ"

စကားမဆုံးသေးခင်မှာ သူမခေါင်းက စားပွဲပေါ် မှောက်ကျသွားသည်။ ရှာန်သော် ချက်ချင်းပင် ခပ်မြန်မြန် လှုပ်ရှားလိုက်၏။ မင်းခန့်တို့ထံ ဖုန်းလှမ်းခေါ်လိုက်သည်။

"ရပြီ ဟေ့ကောင်တွေ"





"အေး ငါတို့လည်း အဆင်သင့်ပါပဲ"

ကြိုတင်ချိန်းဆိုထားသည့်အတိုင်း ဝီရတို့ အသင့်ခေါ်ထားသော ရဲများက ဒေါ်ထိပ်ထားခင်ခြံကို ဝိုင်းလိုက်ကြ၏။ ဒေါ်ထိပ်ထားခင်ကိုယ်တိုင်လည်း ဘာမှရုန်းကန်ငြင်းဆန်ကာ သူ့ပိုင်ရာဆိုင်ရာတွေနှင့် ဆက်သွယ်ချိန်ပင် မရလိုက်ဘဲ အိပ်ပျော်လျက်သားလေး လက်ထိပ်ခတ်ခံလိုက်ရသည်။

"အိမ်ကိုဝင်စီးပြီး ပြန်ပေးဆွဲခဲ့တဲ့ သက်သေတွေ ဒီထဲမှာ ရှိပါတယ် ခင်ဗျာ၊ ဒေါ်ထိပ်ထားခင်ကိုယ်တိုင် ပြောထားတာပါ"

ရှာန်သော့်ဘောင်းဘီအိတ်ကပ်ထဲမှာ အသံသွင်းသည့်ခလုတ်ဖွင့်လျက်သားလေး တစ်ချိန်လုံးထည့်ထားခဲ့သောဖုန်းကို တာဝန်ကျရဲအရာရှိလက်ထဲ ထည့်ပေးလိုက်သည်။

ဝီရကားပေါ်ကို သူတို့တွေ ပြန်ရောက်ချိန်မှာ နောက်ခန်း၌ မျက်နှာလေးရှုပ်ကာ ထိုင်နေသော အာသာ့ကိုတွေ့လိုက်ရတာမို့ ရှာန်သော် အံ့ဩတကြီး ဖြစ်သွားသည်။

"ငါ အခုပဲ နင့်နောက်ကို လိုက်လာမလို့ပါ အာသာ"

"နေစမ်းပါနော်၊ ခုနတုန်းကတော့ ဒီက အူလိုက်သည်းလိုက် အော်နေတာတောင် ဂရုမစိုက်ဘဲ ဟိုမိန်းမကြီးနောက် လိုက်သွားပြီးတော့များ"

"ဟား အာသာရယ် အဲဒါက ကိုယ်တို့တွေ တိုင်ပင်ထားတဲ့အကွက်

www.burmeseclassic.com



ပါကွာ၊ သူတခြားဘယ်လိုနည်းနဲ့မှ မငြင်းနိုင်အောင် သူ့ဟာသူ ဝန်ခံတဲ့ပုံစံမျိုးဖြစ်အောင်လုပ်တာ အကောင်းဆုံးပဲလို့ တွေးမိကြတယ်လေ၊ ဒါကြောင့် သရုပ်ဆောင်ခဲ့ရတာ၊ နင့်ကို နာကျင်အောင်လုပ်တာဟာ ငါနာကျင်သလိုပါပဲ အာသာရယ်၊ စိတ်မဆိုးပါနဲ့နော်"

ရှာန်သော်က အာသာ့ဆံပင်လေးများကို အသာသပ်တင်ပေးရင်း ချော့မော့သည်။

"အောင်မယ်လေး၊ အဖြစ်သည်းနေကြပြန်ပြီ၊ ငါတို့ အာသာ့ကို လမ်းကနေ ဖြတ်ခုတ်ထားပေးတာလေးကိုလည်း ကျေးဇူးတင်ကြပါဦး"

"ဟုတ်ပါပြီကွာ၊ ကျေးဇူးတင်ပါတယ်ကွာ၊ ကျေနပ်ပြီလား"

"အေးပါ ခုတော့ ငါတို့ကို ကန့်ပြီပေါ့လေ"

"မင်းတို့ဘာသာ ရှေ့ခန်းမှာ အေးအေးဆေးဆေး နေကြစမ်းပါကွာ၊ သူများလင်မယားကြား သိပ်ဝင်ရှုပ်ချင်တယ် ဟုတ်လား"

"မှားသွားပါတယ် ကျွန်တော်မျိုးတို့တွေ မှားသွားပါတယ်ဗျာ"

ဝီရက နောက်ကြည့်မှန်ထဲက လှမ်းကြည့်ရင်း ရှာန်သော့်ကို မျက်လုံးတစ်ဖက်မှိတ်ပြသည်။ ဆက်လုပ်ဆိုတဲ့သဘော။

"ဒါနဲ့ ဒေါ်ထိပ်ထားခင်ကို အိပ်ပျော်သွားအောင် ရှာန် ဘယ်လိုလုပ်လိုက်တာလဲဟင်"

"ဒါလား၊ သိပ်မခက်ပါဘူး။ ကိုယ့်အတွက် မီးညှိပေးဖို့ မီးခြစ်သွား





ယူနေတုန်း သူ့ဗိုင်ခွက်ထဲ အိပ်ဆေးထည့်လိုက်တာပေါ့"

"ဗိုင်တွေတွေသောက်ပြီးတော့ရော အဲဒီမိန်းမကြီးနဲ့ ဘာတွေဖြစ်ကြသေးလဲ ပြော"

နှုတ်ခမ်းလေးစူပြီး မေးနေသည့် အာသာ့ကို ရှာန်သော် ရင်ခွင်ထဲ ဆွဲဖက်ထားလိုက်သည်။

"ပြီးတော့ ဒေါ်ထိပ်ထားကြီး၊ အိပ်ပျော်သွားတယ်လေ"

ကားပေါ်မှ ရယ်သံများဖြင့် စီညံသွားသည်။

"ဒီတစ်ခါတော့ ကိုယ့်ကြောင့်နဲ့ အာသာ့ကို ဘယ်လိုထိခိုက်မှုမျိုးမှ ထပ်မရှိစေရတော့ဘူးကွာ၊ အဲဒါ ကိုယ့်ရဲ့ယောကျ်ားကတိပါ"

"ယုံရမှာလားဟင် ရှာန်"

"မယုံရင် ဟောဒီလို"

ရှာန့်သော်က အာသာ့နှုတ်ခမ်းလေးကို ငုံနမ်းဖို့ကြိုးစားတော့ အာသာက ပါးစပ်ကို လက်လေးနှင့်ကာလိုက်ရင်း ရှေ့ခန်းမှာ သူငယ်ချင်းနှစ်ယောက်ကိုမေးငေါ့ပြသည်။ ဒါကို မင်းခန့်က မြင်ဖြစ်အောင် မြင်သွားသည့်ပုံနှင့် ရယ်ကျဲကျဲလုပ်ကာ

"ငါတို့ကြည့်လည်း မကြည့်ဘူး။ မမြင်ပါဘူးကွ၊ မင်းတို့ဘာသာ သုံးစရာရှိတာ လုပ်ကြစမ်းပါ"

"ကြားလား၊ အာသာ ဒီကောင်တွေကို ဂရုစိုက်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုး"

ပြောပြောဆိုဆို ရှာနိသော့်ရဲ့ ပွစွေးသော နှုတ်ခမ်းတစ်စုံက အာသာ့နှုတ်ခမ်းရဲရဲလေးများပေါ် ကျရောက်လာ၏။ အင်းလေ အာသာ မရှုန်းတော့ပါဘူးနော်။ ဒါ အာသာကိုယ်တိုင် ဝတ်မှတ်နေခဲ့သော ချိုမြိန်မှုတွေပဲ မဟုတ်လား။

အဲဒီ တခဏ အာသာ တစ်သက်မမေ့နိုင်တော့မည် မထင်ပါ။

အားလုံးအတွက်

နတ်သမီး



www.burmeseclassic.com